www.burmeseclassic.com

# မယ်နိုင်

## ကြယ်တစ်ပွင့် နှင့် တွေ့ဆုံခြင်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၇၄၁၀၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၅၁၆၀၀၉
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၀၊ ဖေဖော်ဝါရီ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်မြို့နယ်၊
ဖြန့်ဖေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ . ၈၃
မယ်နိုင်
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း / မယ်နိုင်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၀၉။
၂၄၇ - စာ၊ ၁၈ × ၁၂ စင်တီ
(၁) ကြယ်တစ်ပွင့်နှင့် တွေ့ဆုံခြင်း




အချစ်ဆိုတာ
ဥသျှစ်သီးနဲ့တူတယ်လို့
ခံစားလိုက်ရစဉ်မှာ
တရွက်ခြွေလေးက လေထဲမှာ
အိပ်မက်ထဲမှာ
ဆီဝီးရွက်တောင်းအလေလေခင်ကာ
တရွက်ခြွေလေးကို တောင်းတောင်အဖြစ်
ဖန်တီးပေးလိုက်တယ်။
တောင်းတောင်ကြီးကိုမော့ကြည့်ပြီး
ကျိန်စင်သာ၊ရဲ့
အရိုးအလုံနဲ့ဖမ်းဖော်လိုက်တာ
ငှက်ကလေးအဖြစ်
ငုံ့ရင်ဘတ်ထဲ ရှိမှုးသွားတယ်...
အချစ်ဖဝ်လာယ်မြိုင်မှာ
အသိုက်လေးတစ်ခု ဖွဲ့စည်းနေတယ်။
ရင်ခုန်ခြင်းတဲ့...
စကြဝဠာထဲက
အလှိုင်းပြင်းပြင်းတချလာတဲ့

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြားတစ်စင်းရဲ့အလင်းတန်းက

သိမ်မောရှင်တဲ့...

မြားလေးက

တောင်စဉ်မရေရာ ပင်လယ်ကြီးကိုဖြတ်ပြီး

အသိုက်လေးဆီသို့...

ဝုန်း! ခနဲ...

ပေါက်ကွဲပြီး

နူးညံ့တဲ့သံစဉ်လေးက

အချစ်တဲ့...

ဒီလိုနဲ့ပဲ

ဝါတာ...

ညချမ်းသီးထဲမှာ

ရွှေတွေးမှုတွေနဲ့

ရွှေရွှေလေး အိပ်ပျော်သွားတော့တယ်။



BURMESE CLASSIC .com

## အခန်း ( ၁ )

"အူဝဲ. . . ဝဲ. . . အူဝဲ. . . ဝဲ"

ကလေးငိုသံက လေဒဏ်မိုးဒဏ်ကြားထိုးဖောက်ဝင်ရောက်လာ၏။ အိပ်ခန်းထဲမှ ကလေးငိုသံကြောင့် ဧည့်ခန်းမှလူများ ရှုတ်ရှုတ်ရက်ရက်ဖြစ်ကုန်သည်။

"ဘာလေးလဲဟေ့"

"မိန်းကလေးတော့"

"ကျွန်တော်ဝင်လာလို့ရမလား"

"ခဏလေးဟေး. . ."



www.burmeseclassic.com

"ဟာ! မြန်မြန်လုပ်ဗျာ၊ ကျွန်တော့်သမီးမျက်နှာကိုကြည့်ချင်လှပြီဗျ၊ ပန်းနုရော နေကောင်းလား"

"ကလေးရောလူကြီးပါ ကောင်းပါ့ရှင်၊ ပန်းနုကတော့ မောလို့ထင်တယ်၊ ခဏမှိန်းနေတယ်၊ ကလေးက ဖူးဖူးလုလုး ဖြူဖြူဖွေးဖွေးကြီးတော့၊ ကိုဖုန်းနိုင်. . . ရှင်တော့ပွတာပဲ၊ ယောက္ခမအခေါ်ခံရဦးတော့မှာပဲ"

"ဟုတ်ပါ့, အိုးလေးလိုပဲ လုံးဝိုင်းဝိုင်းလေ"

"ဟာဗျာ, ကျွန်တော်ဝင်လာခဲ့ပြီ"

ကိုဖုန်းနိုင်က ဖိုးဖိုးဖတ်ဖတ်နိုင်သူပီပီ သမီးလေးကိုမြင်ချင်လှသည့်စိတ်ဆန္ဒကို မထိန်းချုပ်နိုင်တော့အဲ၊ လိုက်ကာစကိုမင့်တာတံခါးကို ဆွဲဖွင့်ပစ်လိုက်သည်။ အနီးစဖြူဖြူလေးနှင့်ထုပ်ပွေ့ထားသောကလေးငယ်ကို အငမ်းမရပွေ့ချီကာ. . .

"ဖေ့သမီးလေး"

အပြုံးမျက်နှာနှင့် ကလေးငယ်ကို ရွှန်းရွှန်းစားစားကြီးပွေ့ချီထားသောကိုဖုန်းနိုင်ကို လူအများက ကရုဏာမျက်စောင်းကြီးများ...င့်၊ ကိုဖုန်းနိုင်မှာ ဖါတွေကို ဂရုမပြုနိုင်အား၊ ကလေးငယ်ကိုသာ...ရှုံ့ရှုံ့နှံ့မွှေးနေတော့သည်။





"ပန်းနု. . . ပန်းနု, ကြည့်ပါဦး၊ ငါတို့သမီးလေးကို"

"အင်း. . . အဲ"

"ဟဲ့. . . ဖုန်းနိုင်၊ နင်ဘာယ်လိုဖြစ်နေတာလဲ၊ ပန်းနုက ပင်ပန်းနေတဲ့ဟာကို"

"ဪ, ကန်တော့၊ ကျွန်တော်က ပန်းနုကိုအရမ်းပြချင်နေပြီဗျ"

"အင်း. . . ပန်းနုလည်း သမီးလေးကိုကြည့်ချင်ပါတယ်"

ထိုအခါကျမှ ကိုဖုန်းနိုင်ခမျာ စိတ်ဆန္ဒပြည့်ဝသွားပုံနှင့် အားပါးတရ ပြုံးဖြီးကြီးလုပ်လာသည်။ ကလေးငယ်ကို သူတို့နှစ်ယောက်ခေါင်းချင်းဆုံကြည့်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြပြန်သည်။

"သမီးက အစ်ကိုနဲ့တူတာထင်တယ်နော်"

"အင်း. . . နှာခေါင်းနဲ့ပါးစပ်တော့ဟုတ်တယ်၊ မျက်နှာကျပုံကတော့ ပန်းနုအတိုင်းပါပဲ"

"အင်း, ပန်းနုလိုတူရင်တော့ ဆံပင်ကောင်းမှာမဟုတ်ဘူး"

"မကောင်းရင်လည်း ကိစ္စမရှိဘူး၊ တို့သမီးလေးက သိပ်ချောနေတာကိုး၊ နောက်ဆို တို့သမီးလေးက ဂါဝန်ဖြူလေးနဲ့သိပ်ရှင်းနေ

www.burmeseclassic.com



ဦးမှာ။ ကြည့်စမ်းပါဦး။ သမီးရဲ့မျက်နှာလေးက လုံးဖောင်းဖောင်းလေးနဲ့ အိုးကလေးလိုပဲနော်"

"ဟုတ်ပါ့၊ နှုတ်ခမ်းလေးတွေရော ဖူးငုံနေတာပဲ။ အစ်ကို့၊ သမီးလေးကိုဘယ်လိုနာမည်ပေးရင် ကောင်းမလဲဟင်"

"အင်း၊ အိုးကလေးနဲ့လည်းတူတယ်။ နောင်အနာဂတ်များ ရွာမှာလည်း ကြယ်တစ်ပွင့်လိုထွန်းလင်းတောက်ပစေချင်တယ်။ အဲဒီတော့ တို့သမီးလေးကို အိုးကြယ်လင်းလို့နာမည်ပေးရင် မကောင်းဘူးလား"

"အိုးကြယ်လင်း. . . အိုးကြယ်လင်း. . . ကောင်းတယ်. . . ကောင်းတယ်။ အဲ့လိုပဲခေါ်မယ်"

နှစ်ယောက်သား အားရကျေနပ်သွားဟန်မျိုး တစ်ယောက်ကိုတစ်ယောက် အရည်ကြည်တို့နှင့် ရွှန်းလဲ့စွာစိုက်ကြည့်လိုက်ကြသည်။

"ဟဲ့. . . ဟဲ့ ကြည်နူးတာ နောက်ကိစ္စ၊ မင်းတို့အခုလိုပြောနေကြတာနဲ့ပဲ ကလေးက အအေးမိဦးမယ်။ ကလေးက နုတယ်ဟဲ့။ ပန်းနုလည်းအနားယူတော့၊ ကဲ. . . သေးကြည်၊ ကျုပ်တို့လည်း ပြီးရင်ပြန်ရအောင်။ မြမှုန်းခြယ်အိမ် အမီသွားရဦးမယ်"





အဒေါ်ကြီးနှစ်ယောက်ရဲ့ အမှတ်တမဲ့စကားလုံးက သူတို့နားထဲ စူးဝင်လာရသည်။

"မြမှုန်းခြယ် ဟုတ်လား၊ သူ ရွာကိုပြန်ရောက်နေပြန်ပြီလား"

"ဟုတ်ပါ့၊ ဒါကို မင်းတို့မသိကြဘူးလား၊ ပြန်ရောက်နေတာ တောင် ကြာလှရှိပ၊ အခုဆို သူ့အိမ်မှာ ကောင်မလေးဆယ်ယောက်လောက်ရှိနေပြီ"

"သူ့အိမ်က အခုဘယ်မှာလဲ"

"ရွာပြင်အလုပ်ပဲ၊ ရွာပြင်မှာပေါ့"

"ကဲတဲ. . . ကျုပ်တို့သွားကြစို့၊ သေးကြည် လုပ်ပါ၊ မြန်မြန်သွားမယ်၊ မိုးချုပ်နေဦးမယ်"

ဟုဆိုကာ သုတ်သီးသုတ်ပျာထွက်သွားကြသော အဒေါ်ကြီးနှစ်ယောက်ကို မမြင်မကမ်းက လှမ်းကြည့်ရင်း. . .

"မြမှုန်းခြယ် ပြန်ရောက်ခဲ့ပြီဆိုတော့ တို့လင်းလေးက လူ့ရှုပ်ဦးတော့မှာပဲ"

"ဒါပေမဲ့ အစ်ကိုရယ်၊ မြမှုန်းခြယ်က ဘဝအကျည်းတန်ပေမယ့် စိတ်ရင်းလည်းလှတယ်၊ လူလည်းလှတယ်"

"ခေါင်ရန်းပန်းလို့ပေါ့၊ အရောင်စုံပြီးလှပတယ်။ ပေပင်မြင့်မှ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တယ်။ တစ်နိုင်မှာမှ တစ်ပွင့်တည်းရယ်ဆိုပေမယ့် ပန်ဖို့လည်း မတင့်တယ်၊ ဘုရားလှူလို့လည်းမဖြစ်။ အရှူတစ်ယောက်က လှပါတယ်ဆိုပြီး ကောက်ပန်မိခဲ့ရင်တောင် ကုလို့မရတော့ဘူးဆိုပြီးနဲ့။ အမှန်တကယ်တော့ ခေါင်ရန်းပန်းလည်း အလှဆုံးသောပန်းပွင့်တွေထဲက တစ်ပွင့်ပါ"

"ပြီးတော့ မြမှုန်းခြယ်က မနောလည်းလှသူပါ။ သူကြောင့်သာမဟုတ်ရင်၊ သူသာမကူညီခဲ့ရင် အစ်ကိုနဲ့ပန်းနုလည်း လက်ထပ်ဖြစ်ခဲ့မှာမဟုတ်သလို အိုးကြွယ်လင်းလေးကလည်း လူ့လောကမှာ ရှင်သန်လာမှာမဟုတ်ဘူး"

အခုချိန်မှာတော့ သူတို့နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားကြတော့သည်။ အတိတ်က ပုံရိပ်တွေက ကြီးစိုးသွား၍ပါ။

မှန်ပါသည်။

မြမှုန်းခြယ်ဆိုတဲ့ လှပသောအမျိုးသမီးကြီးအကြောင်းတွေပါ။

မြမှုန်းခြယ်ဆိုသောအမည်နာမကို ကြားလိုက်တာနှင့် သူတို့ရဲ့မြို့နေလူတွေအားလုံးရဲ့ မျက်ဝန်းထဲမှာ အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ဖြောင့်ဖြောင့်နှင့်၊ တည်ကြည်တဲ့မျက်နှာလှလှက အာရုံထဲမှာ တန်းခနဲ။

မြို့လေးက ကျယ်ပြန့်၍ တစ်ယောက်ကိုတစ်ယောက်သိရန် အင်မတန်ခဲယဉ်းလှပေမယ့် မြမှုန်းခြယ်ကိုတော့ ကလေးလူကြီးအားလုံးလိုလိုသိကြသည်။

ဘာကြောင့်လဲဆိုတော့ မြမှုန်းခြယ်ဆိုသော ခပ်လှလှအမျိုးသမီးကညွှန်ဇွက်ထိန်းဆိုပြီး နာမည်ကြီးလှ၍ပါ။

သူမ တစ်ခါတစ်ရံခရီးထွက်လျှင်လည်း အချိန်ကြာမြင့်တတ်ပြီး ပြန်ရောက်လာခဲ့ပြန်ရင်လည်း မိန်းမလှများစွာ ပါလာတတ်၍ပါ။

ပန်းနုလည်း ပါလာတတ်သော မိန်းမလှများစွာတွေထဲက တစ်ယောက်ပင်ဖြစ်သည်။ မြမှုန်းခြယ်က မကောင်းတဲ့မိန်းမကြီးဆိုပေမယ့် သူ့အိမ်မှာရှိနေတဲ့ကောင်မလေးတွေကို ယောကျ်ားတစ်ယောက်က တည်တည်တံ့တံ့လက်ထပ်ယူချင်ပါတယ်ဆိုလည်း ကြည်ကြည်ဖြူဖြူပင်။

ဒါပေမဲ့ သူတို့နှစ်ယောက်လုံးရဲ့ရင်ထဲမှာ နားလည်ထားကြသည်က မြမှုန်းခြယ်ဆိုသော ဘယ်ကရောက်လာမှန်းမသိတဲ့အမျိုး







www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးဟာ အတိတ်ဘဝကုသိုလ်ကံကြောင့်သာ ထိုဘဝမျိုးမှာ ကျင်လည်ကျက်စားနေရတာပါလားဟုဖြစ်သည်။

ညစ်ညှို့ငှက်ထိန်းဆိုပေမယ့်လည်း လူအားလုံးရဲ့ အထင်သေး ရှုတ်ချမှုကိုမခံရလောက်အောင် တည်ကြည်လှပသူ။ အပေးအကမ်း အလှူအတန်းရက်ရောသူပါပဲ။

သူတို့သမီးလေး ဖိုးကြွယ်လင်းကို တောရှူးရှင်မ မြမှုန်းခြယ် ထံ သွားရောက်ကြွားပါရဦးမည်ဟုပဲ စိတ်ကူးလိုက်မိသည်။

***



## အခန်း ( ၂ )

"မာမီလေး ပြန်ရောက်နေတယ်ဆို"

"ပန်းနုတို့များ ပျောက်သွားလိုက်တာ၊ မာမီလေးပြန်ရောက်မှ ပဲ လာဖော်ရတော့တယ်"

"အေးပါ့။ သူက လူကောင်းတစ်ယောက်နဲ့ ဖူးစာဆုံသွားတာ တိုး။ တို့လိုလူတွေဆီ ဘယ်လာတော့မလဲ"

အပေါင်းအသင်းပေါင်းများက ကြေကွဲဝမ်းနည်းသံနှင့် ခနိုး ခနဲ့ပြောလာကြသည်။

"မဟုတ်ရပါဘူးဟယ်။ တို့က ဘဝထဲရောက်သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖုန်းနိုင်က တို့တွေဆီ မလာစေတာလား"

"ဟုတ်ပါ့။ တို့တွေဆီလာရင် သိကွာကျနေဦးမယ်"

"အဲ့ဒီလိုမှဟုတ်ရပါဘူးဟယ်။ ရှင်တို့ကလည်း ကိုဖုန်းနိုင်တတို့တွေရဲ့ဘဝကိုနားလည်လို့လည်း ပန်းနုဆိုတဲ့ကျပ်ကို လက်ထပ်ခဲ့တာပေါ့"

"ဒါနဲ့ ရှင်တို့စီးပွားရေးအဆင်ပြေကြရဲ့လား"

"အင်း . . ဒီလိုပါပဲ"

"မပြေလည်ရင် အချိန်မရွေးပြောနော်။ တို့တွေက ရေတာတော့ အမြဲမပြတ်ဖူးသော့"

"ကျေးဇူးပါပဲဟယ်"

"ဒါက နင်တို့ကလေးလား"

"အင်း"

"ချစ်စရာကြီးတယ်၊ ဖြူဖြူခဲခဲနဲ့၊ နာမည်ဘယ်လိုခေါ်သလဲ"

"ဒိုးကြယ်လင်းတဲ့"

"ဒိုးကြယ်လင်း . . . သိပ်လှပါလား။ ကိုဖုန်းနိုင်က အဲ့လိုကျတော့လည်း စိတ်ကူးကောင်းသားပဲ"

အရှိန်အဝါအပြည့်နဲ့ စကားသံကြည်ကြည်ရှရှတစ်ခုကြောင့်





နောက်ကျောဘက်ကို လှည့်ပြန်ကြည့်မိလိုက်သည်။ မှန်ပါသည်။ အရှိန်အဝါတစ်မျိုးနှင့် ထွန်းလင်းတောက်ပြောင်နေတဲ့မိန်းမလှကြီး မြမှုန်းခြယ်ပါပဲ။

"သမီးတ- သိပ်ကိုရှင်းသန့်ဖွေးဥနေတာပဲ၊ အနာဂတ်တော့ သတ်ဝင်လှပဦးမယ်၊ မှန်း . . . ပွေ့ရအောင်"

"ဟုတ်ကဲ့ မာမီလေး"

အားလုံးက မာမီလေးဟုခေါ်သော မြမှုန်းခြယ်ကို တလေးတစားရှိကြတာမို့ ကလေးကို ပိုးထုပ်ထဲမှဖြုတ်ကာ မြမှုန်းခြယ်လက်ထဲ ထည့်ပေးလိုက်သည်။

မြမှုန်းခြယ်က ကလေးကို ရင်ခွင်ထဲထွေးပွေ့လိုက်သည်နှင့် အမည်မသိနိုင်သောခံစားချက်တစ်မျိုးက နှလုံးသွေးကြောထဲ စိမ့်ဝင်လာမိသည်။ ကလေးရဲ့မျက်နှာကိုကြည့်ရင်းနှင့်ပင် မျက်ဝန်းအိမ်ထဲ မျက်ရည်ကြည်ဥတို့ တွဲခိုလာရသည်။ ဒီလိုကြီး ရှိုက်ငင်လှိုက်မိုတဲ့ခံစားချက်မျိုးကို သူမတစ်သက်တာမှာ ဘယ်သောအခါမှာမှ မခံစားခဲ့ရဖူးခဲ့၊ ဘာကြောင့်လဲ . . . ဘာကြောင့်လဲ၊ သူမကိုယ်သူမလည်း မသိနိုင်သလို၊ အထူးငြိမ်သက်နေတဲ့သူမကိုကြည့်ရင်းလည်း ကျန်လူများက မစဝေခွဲနိုင်ခဲ့။

www.burmeseclassic.com



"တိုင်. . . တိုင်. . . တိုင်. . . တိုင်. . . တိုင်. . . တိုင် . . . တိုင်"

"ဟဲ့သော့. . . ဘာသံတုန်း"

"မီးဂလိုင်ထင်တယ်"

သူမတို့ပြောဆိုဝေဖန်၍ပင် မဆုံးလိုက်နိုင်၊ ရွာထဲမှာ ဆူညံစွာဖြင့် လူတစ်အုပ်ပြေးထွက်လာခဲ့သည်။

"မီးတဲ့ဟေ့. . . မီး. . . မီး. . . မီး"

"ဟယ်. . . မီးတဲ့၊ ဒုက္ခပါပဲ"

"တို့နဲ့ဝေးသလားမသိဘူး၊ လာဟေ့! အပေါ်တက်ကြည့်ရအောင်"

ဟုတစ်ယောက်က ဆော်ဩလိုက်သည်နှင့် ကျန်လူများပါ တစ်ယောက်မကျန် ဝုန်းခနဲပြေးတက်လာခဲ့ကြသည်။ သူမတို့အားလုံး မီးလောင်ရာဘက်မှန်းဆကာ ဝရန်တာမှာ ထွက်ရပ်ကြည့်လိုက်သည်။

သူမတို့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မီးလုံးကြီးတစ်လုံးက ဝုန်းခနဲအပေါ်ပျံတက်လာသည်။

"အမယ်လေး! လုပ်ကြပါဦး"





ပန်းနုတစ်ယောက် ကြောက်လန့်တကြား ရင်ဘတ်လေး ဖိကာ အော်မိလိုက်သည်။

"ပန်းနု. . . နင်တို့နေတဲ့ရပ်ကွက်ဘက်ကပဲ"

"မီးတောက်ကြီးက အင်မတန်ကြီးတာတော့"

"ဒီမီးတောက်အရဆိုရင် ဘယ်နှအိမ်တောင် ကူးသွားပြီလဲ မသိဘူး၊ မီးအရှိန်က သိပ်ပြင်းနေတယ်၊ လေသာဝှေ့ရင် တို့ဘက်လည်း ရောက်ကီလာနိုင်တာပဲ၊ ကဲ. . . ကဲ ပစ္စည်းတွေသိမ်းစရာရှိတာသိမ်းထားဟေ့၊ အရေးကြီးတာတွေပဲ တနိုင်ထုပ်ပိုးထား၊ အနားရောက်ခဲ့ရင်လည်း ကြောက်လန့်တကြား ထွက်မပြေးကြနဲ့၊ လူစုကွဲသွားရင် အန္တရာယ်များတယ်"

မြမှုန်းခြယ်ရဲ့အသံကြည်ရှရှပင် မဆုံးလိုက်နိုင်၊ ဝရုန်းသုန်းကားနှင့်ကောင်မလေးတစ်စု သိမ်းစရာရှိတာသိမ်းဆည်းနိုင်အောင် ပြေးထွက်သွားကြသည်။

ပန်းနုမှာတော့ ထိုအချိန်ထိ မီးတောက်ကြီးကိုကြည့်ကာကြက်သေသေမိနေဆဲ။

"ပန်းနု. . . ပန်းနု"

မြမှုန်းခြယ်ရဲ့အသံကြားတော့မှ အိပ်မက်မှလန့်နိုးလာသူမျိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်ခွံလေးဗုတ်ခတ်ပုတ်ခတ်ဖြစ်လာသည်။

"မာမီလေး ဘယ်လိုလုပ်ရမလဲ၊ အဲဒါ ပန်းနုတို့ရပ်ကွက်ဘက် ကကြီး၊ အစ်ကို. . . အစ်ကို. . . ကိုဖုန်းနိုင် ဒုက္ခပါပဲ၊ အစ်ကို. . . အိမ်မှာ အစ်ကိုနေမကောင်းဖြစ်နေတာ၊ လုပ်ကြပါဦး. . . အစ်ကို"

ထိုအခါကျမှ ရွှံရွှံကန်းကန်းနှင့် လှေကားကို ဝရုန်းသုန်းကားပြေးဆင်းသွားမြန်သည်။

"ပန်းနု. . . ဟဲ့. . . ပန်းနု"

"အစ်ကို. . . အစ်ကို. . . အစ်ကို့ကိုကယ်ကြပါဦး၊ အစ်ကို"

"ပန်းနု. . . ဟဲ့. . . ပန်းနု"

မြမှုန်းခြယ်, ဝရန်တာကသာ တကြော်ကြော်အော်နေရ မယ့် ပန်းနုမှာ သူ့ခင်ပွန်းကိုသာ တစ်ချ ပြေးထွက်သွားပေပြီ၊ မြမှုန်း ခြယ်မှာ ဘာလုပ်ရမှန်းမသိ ကစဉ့်ကလျားဖြစ်သွားရသည်။

ပန်းနုနောက် လိုက်သွားရအောင်လည်း သူမရင်ခွင်ကြား အိုးကြယ်လင်းလေးက အိပ်ပျော်၍. . .

"ဟဲ့! ကောင်မလေးတွေ၊ ငါ့နားမှာ တစ်ယောက်မှမရှိ ဘူးလား၊ ဟဲ့. . . သူဇာ၊ မြမြာ၊ မူယာ"

"ရှင်. . . မာမီ"





"ပန်းနု, ဖုန်းနိုင်ကိုစိတ်ပူပြီး ပြေးထွက်သွားပြီ၊ လိုက်ကြစမ်း! သွေးနုနုသားနုနုနဲ့၊ ဒီကောင်မလေးတော့ ဒုက္ခရောက်တော့မှာပဲ။ လိုက်ကြစမ်း. . . မြန်မြန်"

မြမှုန်းခြယ်၏အသံ ကြည်ရှရှဆုံးသွားတာနှင့် မိန်းကလေး သုံးယောက်မှာ ကစဉ့်ကလျားပြေးဆင်းသွားကြမြန်သည်၊ မီးအပူ ရှိန်က အဝေးသီထိပါ ဟပ်လာ၍ လိုက်သွားကြသောသူမတို့သုံး ယောက်လုံးက နောက်ဆုတ်ပြေးလာကြမြန်သည်။

ပန်းနုမှာတော့ ဇောအဟုန်ကြောင့် မီးအပူကြားထဲသို့ တစ် ဟုတ်ထိုးပြေးဝင်မိသည်။

"ကိုဖုန်းနိုင်. . . ကိုဖုန်းနိုင်. . . အစ်ကို. . . အစ်ကို. . . ဖုန်းနိုင်၊ ရှင်ဘယ်မှာလဲ၊ အစ်ကိုဖုန်းနိုင်. . . အစ်ကိုဖုန်းနိုင်လို့၊ အစ်ကိုဘယ်မှာလဲ. . . အစ်ကိုဖုန်းနိုင်"

လည်ချောင်းကွဲလုမတတ် အော်ခေါ်နေပေမယ့်လည်း ဆူညံ နေတဲ့လူအုပ်ကြားထဲ သူမအသံက မထိုးဖောက်နိုင်။

"ကိုဖုန်းနိုင်ရေ. . . ကျွန်မ ပန်းနုပါ၊ ကိုဖုန်းနိုင်. . . အစ်ကို"

လူတွေအားလုံးက ကစဉ့်ကလျားနှင့် လောင်မြိုက်နေသော မီးပုံကြီးကိုကျောပေးပြီး အော်ဟစ်ဆူညံစွာ အထုပ်ကိုယ်စီရွေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေကြပေမယ့် သူမမှာတော့ ပြေးလွှားဆူညံနေသောလူအုပ်ကြီးထဲ အတင်းတိုးဝင်လာခဲ့သည်။

"ကိုဖုန်းနိုင်. . . ကိုဖုန်းနိုင်ရေ"

လောင်မြိုက်နီရဲနေသောမီးတောက်ကြီးက သူမနားသို့အရှိန်အဟုန်ပြင်းပြင်းမြေးကပ်လာခဲ့သည်။

"ဖုန်း. . . ဝုန်း"

မီးတောက်ကြီးထဲမှာ ဘာတွေပေါက်ကွဲလို့ ပေါက်ကွဲနေသည်မသိ။ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေသည်။ မီးတောက်ကြီးတစ်စထက်တစ်စကြီးလာ၍ ပုံးစုတ်ကလေးနှင့် ခေါ်ကော်ငြိမ်းနေကြသူများက ပုံးကိုပစ်ချပြီး ပြေးသူကပြေးနှင့်မို့ ဆူဆူညံညံ။

"ကိုဖုန်းနိုင်. . . အစ်ကိုဖုန်းနိုင်"

မီးတောက်ကြီးနား တကြော်ကြော်အော်ရင်း တိုးကပ်သွားသော ပန်းနုရဲ့လက်ကောက်ဝတ်ကို လူတစ်ယောက်က ဆတ်ခနဲဆုပ်ကိုင်လိုက်ပြီး. . .

"ပန်းနု. . . နင်သေသွားချင်တာလား၊ မီးတောက်ကြီးထဲမှာဒီလောက်ပေါက်ကွဲသံတွေ ထွက်နေတာ၊ နင်သေသွားချင်ပြီလား"

"ကိုဖုန်းနိုင်ရော. . . ကိုဖုန်းနိုင်၊ ကိုဖုန်းနိုင်. . . ဘယ်





ရောက်နေပြီလဲ"

"လာစမ်းဟာ. . . လာ"

ကရုဏာနှင့် တခြားလူတစ်ယောက်က အတင်းဖွတ်ဆွဲခေါ်လာခဲ့သည်။ မီးတောက်မီးလျှံတွေကြောင့် မျက်ဝန်းအိမ်မှစီးကျလာတဲ့မျက်ရည်ပူတို့ပါ နီမြန်းနေပါ၏။

မီးတောက်ကြီးကိုသာ လှည့်ပြန်ကြည့်နေမိသည်။ သူမရင်ထဲမှာတော့ ကစဉ့်ကလျား ဘာတွေဘယ်လိုဖြစ်တည်နေသည်မသိ။ ထိုမီးတောက်ကြီးထဲမှာ ကိုဖုန်းနိုင်တစ်ယောက် ပါများသွားပြီလား။ ကိုဖုန်းနိုင်တစ်ယောက် လွတ်အောင်မှရုန်းထွက်နိုင်ရဲ့လား။

မီးက ဘယ်ကဘယ်လို စလောင်လာတာလဲ။ ထိုမီးတောက်ကြီးထဲမှာပဲ လူတွေရဲ့ချွေးသွေး အသက်အိုးအိမ်နှင့် ချမ်းသာခြင်းများစွာတို့ လောင်ကျွမ်းသွားပါပြီကော။

သူမကိုယ်ဝန်ရှိစတည်းက စုဆောင်းထားရှိခဲ့တဲ့ စုဘူးလေး။ ဒါကရော. . .။ သွားပါပြီ။ သူမရဲ့အနာဂတ်၊ မျှော်မှန်း၊ ဘာဖြစ်လို့များ သူမရဲ့မျှော်လင့်ချက်များစွာကို ဝါးမျိုဖျက်ဆီးပစ်ရတာလဲ။ သူမဘဝက အကြိမ်ကြိမ်အခါခါရှုံးနိမ့်ခဲ့ဖူးသည်။

လူ့ဘဝထဲ စဝင်တဲ့အခါမှာ အမိက, ဆုံး၊ အဖျိုရယ်လို့ ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲစဝင်ရမယ့်အချိန်မှာ အစ်မက ဆုံး။ ပြီး . . . မနှစ်သက်ပါဘဲ ဝမ်းရေးအတွက် ပုရိသတို့နှင့်ဘဝကို ယှဉ်တွဲနေထိုင်။ ဘဝကို တွက်ကိန်းကျကျ ကျယ်ပြောကာ တည်ဆောက်ပြီးချိန်မှ မီးကြွမှာက ဝင်ရောက်နှောင့်ယှက်။ ဒါက သူမဘဝတဲ့လား။

သူမဘဝကို ရေကြည်မြနန်း လုံခြုံနွေးထွေးစေခဲ့သော အိမ်ဦးနတ်အရှင် ကိုဖုန်းနိုင်ကရော၊ အခုဘယ်မှာလဲ။ သူမရင်ထဲ တားဆီးမရ ဗလောင်ဆူလာသည်။

ဆွဲခေါ်ခြင်းခံနေရသော လက်ကောက်ဝတ်ကို အကြိမ်ကြိမ် အဖန်ဖန်ရုန်းမိပေမယ့် မြဲမြဲလှုသည်။ သူမအင်အားတို့ကလည်း ချည့်နဲ့လာပါ၏။ ကုန်ခန်းနေသောအင်အားတို့ကို မည်သို့မည်ပုံ မွေးမြူရမှာလဲ။

သူမလိုက်ပါလာရာ လမ်းတစ်လျှောက်မှာလည်း သူမနည်းတူ အော်ဟစ်ငိုကြွေးနေသူများ အတုန်းအရုန်း။ မိခင်ပျောက်လို့ လိုက်အော်ငိုနေသော ကလေးငယ်၊ ကလေးငယ်ပျောက်လို့ လိုက်အော်နေသော မျက်ရည်တွေနဲ့မိခင်၊ မိသားစုနှင့်ကွဲသွား၍ တကြော်ကြော်အော်ဟစ်ပူဆွေးနေသော အိမ်ထောင်ဦးစီး။

ရှုပ်ယှက်ခတ်ဆူညံနေသူကြားမှာ သူမရဲ့သောက။





အော်ဟစ်ဆူပူနေသူတွေကြားမှာမှ ငှက်ကိုးတောင်ဓားရှည်ကိုဝင့်၍ မီးတောက်တွေကြား ပြေးဝင်လာသူ ကုန်စုံဆိုင်ပိုင်ရှင်ကြီး ဦးမြကြီး။

“ဘယ်မှာလဲ ဖုန်းနိုင်။ ဟင် . . . ဘယ်မှာလဲ ဖုန်းနိုင်။ တစ်ခါတည်း ခေါင်းဖြတ်ပြီး မီးပုံထဲထည့် သင်္ဂြိုဟ်ပစ်မယ်။ ဖုန်းနိုင် . . . ဘယ်မှာလဲ”

ထိုသို့အော်ဟစ်သံကြားတာနဲ့ပင် သူမဒူးများ ညွတ်ခွေကျချင်လာသည်။ ဒါဆိုရင် မီးစလောင်တဲ့အိမ်က သူမတို့အိမ်ပေါ့။ ကိုဖုန်းနိုင်က နေမကောင်းလို့ အိပ်ရာထဲလဲနေတာပဲ။ ဘယ်က ဘယ်လို။ ဩော် . . . သတိရပြီ သူမ ထမင်းဟင်းချက်ပြီး မီးဖိုထဲမှာ မီးမှသတ်မထားခဲ့တာ။ သွားပြီ။ သူမရဲ့အမှားတစ်ချက်ကို ကိုဖုန်းနိုင် လွတ်အောင်မှပြေးလိုက်နိုင်ရဲ့လား။

“ဖုန်းနိုင် ဘယ်မှာလဲကွ”

“ဒုက္ခပဲ . . . ပြဿနာတွေက မကြီးသင့်ဘဲ ကြီးကုန်ကြတော့မယ်။ ကိုမြကြီး . . . အဲ့ဒီဓားကြီးချထားပါဦး . . . ကိုမြကြီး”

“မချနိုင်ဘူး . . . ငါ့ချွေးငါ့သွေးနဲ့လုပ်ခဲ့ရတာတွေ။ တစ်နေ့ရဲ့ အတွင်းနဲ့ ငါ့ဆိုင်ပြာကျသွားပြီ။ ငါက ခွက်စုတ်နဲ့တောင်းစားရမှာ



www.burmeseclassic.com

www.burmeseclassic.com



လား။ မထူးဘူး. . . ဇါ့, ဖုန်းနိုင်ကိုသတ်ပြီးမှ ကြိုးစင်တက်မယ်။ ဖုန်းနိုင်ဘယ်မှာလဲကွ"

ဆူညံနေသောလူအုပ်ကြီးကြား ဦးမြကြီး၏အသံက ဟိန်း၍ ညံထွက်လာသည်။ ပန်းနုမှာတော့ ထိုအသံတွေအားလုံးကို မကြား တစ်ချက်ကြားတစ်ဝက်။

"ဝန်းနု"

"မာမီလေး ကယ်ပါဦး။ ကိုဖုန်းနိုင်ကိုကယ်ပါဦး၊ မာမီလေး"

အားကိုးဖွယ်ရာကောင်းတဲ့မြမှုန်းခြယ်ကို မြင်လိုက်ရသည်နှင့် သူမက ငိုလင့်တကြီးအားကိုးမိပါတော့သည်။

"ညည်း ဒီမှာငိုနေလို့အပိုပဲ။ လာ. . . ညည်းကိုတွေ့ရင် လူတွေသတ်ကြလိမ့်မယ်။ လာ. . . ပြေးတော့၊ ညည်း. . . အလှုချည်လား"

ဟု စိတ်မရှည်နိုင်စွာဆွဲခေါ်ပြီး ပြေးလိုက်ကြသည်။ မြမှုန်းခြယ်ရဲ့အိမ်ရောက်တော့ ရွာထဲက မီးတောက်မီးလျှံတွေက တည်ငြိမ်စပြုနေပါပြီ။

သောကရောက်နေတဲ့သူမရင်အစုကို သမီးလေး အိုးကြယ် လင်းရဲ့ငိုသံက စီးမိုးသွားသည်။





သူမသမီးလေးကို အားကိုးတကြီးကောက်ပွေ့ကား. . .

"သမီးလေး"

"ကလေးက အပြစ်သိပ်ကင်းတယ်။ သူ့မှာ ဆာနေရှာပြီ။ နို့တိုက်လိုက်ဦး"

"မာမီလေး. . . ကိုဖုန်းနိုင်"

"အားလုံးပြောကြတာက ညည်းတို့မီးဖိုချောင်က စလောင်တယ်ဆိုပဲ။ ညည်းယောကျ်ားကို ရဲတွေဖမ်းသွားကြတယ်တဲ့။ စစ်ဆေးမေးမြန်းဦးမှာပဲ။ ဒါပေမဲ့. . ."

"ဒါပေမဲ့ ဘာဖြစ်လဲမာမီ။ ကိုဖုန်းနိုင်အတွက် အာမခံဝင်လို့ ရတယ်မဟုတ်လား"

"အိမ်ခြေ (၄၀)လောက်မြှုတ်သွားတာတဲ့။ အနည်းဆုံးတော့ ထောင်ကျမှာ သေချာတယ်။ ငါ့ရဲ့စေတနာက ဒီအမှုထဲ ညည်းကို မပါစေချင်ဘူး"

"ဟင်! "

"အဲဒီတော့ ညည်း ပြေးတော့။ အကယ်၍ ညည်း မပြေးရင် အားလုံးဒုက္ခရောက်နိုင်တယ်။ ညည်းပြေးတော့"

"သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အိုးကြယ်လင်းအတွက် မပူနဲ့ . . . ငါရှိနေတာပဲ၊ ညည်းသာ လွတ်အောင်ပြေး၊ အခြေအနေတည်ငြိမ်ပြီဆိုမှ ပြန်လာခဲ့၊ ဟုတ်ပြီလား"

"ကိုဖုန်းနိုင်"

"ငါတတ်နိုင်သလောက် စီစဉ်ပေးမယ်၊ ညည်းက ငါ့အိမ်မှာ နေခဲ့ဖူးလို့ စေတနာခံနဲ့မါ။ ဟဲ့ . . . မူယာ၊ ငါ့အိပ်ရာခေါင်းအောက်မှာ ပိုက်ဆံအိတ်ယူခဲ့စမ်း"

"ဟုတ်ကဲ့ မာမီလေး"

သိပ်မကြာလိုက်ပါ။ သုတ်သီးသုတ်ပျာနှင့် မူယာရောက်လာသည်။ မူယာ၏လက်ထဲမှ ပိုက်ဆံအိတ်ကို မြမှုန်းခြယ်က ဆတ်ခနဲ ကောက်ယူလိုက်ပြီး . . .

"ရော့"

ဟုဆိုကာ ပိုက်ဆံတစ်ထပ် လှမ်းပေးသည်။

"ရော့ . . . ယူလေ၊ အဲ့ဒါ ညည်းအတွက် လမ်းစရိတ်"

ရက်စက်လှချည်လား . . . ကံကြမ္မာရယ်၊

တစ်လတောင်မပြည့်သေးတဲ့ ရင်ကဖြစ်တဲ့သမီးငယ်ကို စွန့်ခွာထွက်ပြေးရမှာတဲ့လား၊ ပြီးတော့ အားကိုးယုံကြည်ရပါသော





ခင်ပွန်းသည်၊ ဘာတွေဖြစ်နေပြီလဲ။

လုံခြုံနွေးထွေးခဲ့ပါသောအိမ်လေးကလည်း မီးငွေ့လှိုင်လှိုင်။ ဒါကိုလှည့်မကြည့်စတမ်း ချန်ထားခဲ့ရရင်လည်း သူမခြေလှမ်းတို့က နိုင်မြဲပါ့မလား၊ သူမရင်ခွင်ကြားမှာ အိပ်ပျော်နေခဲ့သောသမီးငယ်ကို ဘယ်လိုနှလုံးသားမျိုးနှင့် တခြားလူရင်ခွင်ထဲ အပ်ရမှာတဲ့လဲ။

ဒါပေမဲ့ သူမတောင် ဘယ်ကမ်းမှာဆိုက်ရမှန်းမသိ၊ ဘယ်လေ့ကိုစီးရမှန်းမသိဘဲ သမီးငယ်ကို ဒုက္ခတွင်းထဲဆင်းဖို့ အဖော်ခေါ်ရဦးမှာလား၊ သူမနှလုံးသားက မကြမ်းကြုတ်နိုင်။

သမီးရယ် . . . တစ်ချိန်ချိန်မှာတော့ အမေ, သမီးကိုလာခေါ်ပါ့မယ်၊ သမီးကောင်းကောင်းမွန်မွန်ကြီးပြင်းရမယ်နော်။

သမီးငယ်လေးဘဝကို သူမ ဘယ်လိုဆုတောင်းများပေးပြီး ဘယ်လိုအင်အားနဲ့ နှုတ်ဆက်ရမှာတဲ့လဲ။ ထိုဘဝကြီးကို နာကြည်းမိပါ၏။

သမီးရယ် . . . မေမေ့ကိုခွင့်လွှတ်ပါ။

***



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆယ်နှစ်ခန့်တွင်...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"မြတ်ပု . . . သမီးလေး အိပ်ပျော်သွားပြီလား"

"ဟုတ်ကဲ့မမ၊ အခုတင်ပဲ အိပ်ပျော်သွားတယ်"

ဟုဆိုကာ မြတ်ပုက အိုးကြွယ်လင်းလေးကို စောင်ပါးပါးတစ်ထည်လွှမ်းခြုံပေးပြီး တံခါးမကိုဖွင့်ချလိုက်သည်။ ခန့်ညားလှပတဲ့ မြမှုန်းခြယ်ရဲ့မျက်နှာဖွေးဖွေးက မီးရောင်အောက်မှာ ထင်ရှားလှပနေသည်။

"သမီးကို တော်တော်ချော့လိုက်ရသလား"

"ဟုတ်ကဲ့, နောက်ဆုံးကျတော့လည်း ငြိမ်ကျသွားတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောပြီး ငိုနေသေးသလဲ"

"သမီးက စကားသိပ်တတ်တာ၊ လူကြီးလေးလိုလည်း တွေးတတ်သေးတယ်။ မေမေက အဲ့ဒီလူကြီးလာခေါ်ရင် ဘာဖြစ်လို့လိုက်လိုက်သွားတာလဲဆိုပြီး အော်နေတော့တာပဲ"

"မြတ်ပု၊ အမြဲမှတ်ထားပါ။ ညှိုသည်လာတာနဲ့ အနောက်ဆောင်ဘက်ကနေ ထွက်မလာနဲ့။ သမီးလေးထွက်လာရင်လည်း အကြောင်းအမျိုးမျိုးပြပြီး ဆွဲခေါ်ထား၊ သိလား။ ညှိုသည်နဲ့လည်း မျက်နှာပျက်စရာဖြစ်တယ်။ ပြီးတော့ သမီးလေးစိတ်ထဲမှာလည်း အနာသေးသေးလေးမှမရှိစေချင်ဘူး။ သမီးလေးက ငယ်သေးလို့သာ ခွဲမနေချင်သေးတာ၊ အမှန်တော့ သမီးလေးကို ဒီမှာမထားသင့်ဘူး။ ကဲကဲ. . . ညဥ့်နက်နေပြီ။ မြတ်ပုလည်း သွားအိပ်တော့၊ ပြော်, မြတ်ပုကို အကြိမ်ကြိမ်အခါခါဆိုသလို မှာရဦးမယ်။ မြတ်ပုအတွက် သမီးရဲ့ဝေယျာဝစ္စကလွဲရင် ကျန်တာ ဘာမှအရေးမကြီးဘူးနော်။ သမီးကို လက်သည်းခွံလောက်လေးတောင် ထိခိုက်ရှနာမဖြစ်ပါစေနဲ့၊ ကျွန်မခွင့်မလွှတ်နိုင်ဘူး"

"ဟုတ်ကဲ့မမ။ မြတ်ပု မှတ်ထားပါ့မယ်"

"ကဲ. . . သွားတော့"





သူမရှေ့မှာ ရှိုက်ရှိုက်လေးထွက်ခွာသွားသောမြတ်ပုကို တစေ့တစောင်းကြည့်ရင်းက မီးရောင်ဝါဝါလေးအောက်မှာ မျက်ရည်စီးကြောင်းလေးများနှင့် တရှုံ့ရှုံ့အိပ်ပျော်နေရှာသောသမီးလေးကို တရုဏာသက်စွာကြည့်နေမိသည်။

သမီးနဲ့ သူမရဲ့သံယောဇဉ်တို့က ဒီဆယ်နှစ်အတွင်း ပြောပြမတတ်နိုင်လောက်အောင် ခိုင်မြဲလာခဲ့ပါ၏။ သူမကိုယ်သူမ ချစ်တတ်တဲ့နှလုံးသားမရှိခဲ့ပါဘူးဟု ထင်မှတ်ထားခဲ့ပေမယ့် အိုးကြယ်သင်းလေးက သူမရဲ့မာကျောတဲ့နှလုံးသားကို အနိုင်ယူ၊ အချစ်တို့ကိုတွေးပွေ့ထားခဲ့ပြီလေ။

အခုဆိုရင် အိုးကြယ်လင်းလေးမရှိရင် သူမဘဝက မရှင်သန်နိုင်တော့ဘူးထင်ပါရဲ့။ ဒီလိုအတွေးမျိုးကိုတွေးမိတိုင်း ပန်းနုကဆယ်ထောင့်ဘယ်နေရာက ဘွားခနဲပေါ်လာခဲ့မလဲဆိုတဲ့ အတွေးမျိုးက သူမနှလုံးသားကို အရိပ်သဖွယ်ခြောက်လန့်နေဆဲ၊

အိုးကြယ်လင်းလေးကို ဝတ်ကျေတန်းကျေ၊ လူမှုရေးပတ်သန်းကျင်ကြောင့် ကျွေးမွေးထားခဲ့ရပေမယ့် အခုတော့ အိုးကြယ်သင်းလေးကသာ သူမဘဝဖြစ်လာခဲ့ရတော့သည်။

အိုးကြယ်လင်းလေးက သမီးလေးဖြစ်နေတာကြောင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ချိန်ချိန်မှာ သူမအတွက် စိန်ခဲဖြစ်လာနိုင်ပါတယ်ဆိုတဲ့ မျှော်ကိုးချက်မျိုးလည်းပါသည်။

သို့သော် အခုချိန်မှာတော့ ဒီစိတ်တွေက ဘယ်ထိလွင့်စဉ်သွားမှန်းမသိ။ လာသမျှဧည့်သည်များက ဇိုးကြယ်လင်းလေးကို တစေ့တစောင်းအကဲခတ်ခဲ့ရင်တောင် သူမနှလုံးသားက နာကျင်ပြီး မခံမရပ်ဖြစ်ရသည်ထိပင်။

ရင်ကဖြစ်ရတဲ့ သမီးရင်းလေးမဟုတ်ခဲ့ပေမယ့် ရင်တစ်ခုလုံးနဲ့မဆန့်အောင်ပင် သူမရဲ့ဘဝ၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတိတ် အားလုံးကို ဇိုးကြယ်လင်းလေးက စိုးမိုးထားခဲ့။ အခုဆို သူမရဲ့မနက်ဖြန်တိုင်းကို ဇိုးကြယ်လင်းလေးက လွှမ်းမိုးလာတော့ပါပြီ။

ဇိုးကြယ်လင်းလေးက သူမရဲ့အချစ်ဆုံး၊ ဖူးဖူးမှုတ်ခံထားရတာကြောင့် အလွန်ဆိုးပါသည်။ အိမ်ရှိကောင်မလေးတွေအားလုံးကလည်း ဇိုးကြယ်လင်းလေးရဲ့အာဏာစက်အောက်မှာ ပြားပြားဝပ်။ သူမကိုယ်၌ကလည်း သမီးငယ်ကို မျက်နှာညိုတစ်ချက်မခံခဲ့သူမို့ သမီးလေးက ပိုဆိုးနေသည်ထင်ပါရဲ့။

ဆိုးပါစေ. . .

အဲ့ဒီလိုဆိုးတာလေးကိုပဲ သူမက အသည်းတုန်အောင် ချစ်





နေရသည်မဟုတ်လား။ ပါးဖောင်းဖောင်းလေးမှာ ပါးချိုင့်လေးတစ်ဖက်နစ်ဝင်နေတာလေးတမှ ပို၍ချစ်စရာကောင်းနေသယောင်။ ဆံပင်ဂုတ်ဝဲ၊ ဖါဝန်ဖြူ ဒေါက်ဖိနပ်ချွန်လေးများကိုသာ မရိုးနိုင်အောင်ဝတ်ဆင်တတ်သော ဇိုးကြယ်လင်းလေးက ကြည့်လေ ချစ်စရာကောင်းလေပါပဲ။

မျိုးရိုးဆိုတာ ပေါ်လွင်စမြဲဆိုသလိုပဲ။ ဇိုးကြယ်လင်းလေးက အသက်တစ်နှစ်ကြီးလာသည်နှင့်အမျှ ပန်းနုနဲ့ဆင်တူလာခဲ့သည်။ ဒါကိုအားလုံးသောလူများက သတိမထားမိကြပေမယ့် အမြဲစိုးရိမ်မှုများနဲ့နေလာခဲ့တဲ့မြမှုန်းခြယ်ကတော့ ကွက်ကွက်ကွင်းကွင်းသိမြင်လာပါသည်။

ခုနေ ပန်းနုဆိုသော ပန်းနုရောင်များ ပေါ်လာခဲ့ရင်ဆိုတဲ့ အတွေးမျိုးက သူမကိုချောက်ချားသွားစေပါသည်။ ဒီလိုချောက်ချားမှုမျိုးနဲ့နေလာခဲ့တာ နှစ်များမနည်းတော့ပြီမို့ သူမစိုးရိမ်စိတ်တွေ အနည်ထိုင်စပြုလာခါမှ. . .

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

"ဒါ. . . ဒေါ်မြမှုန်းခြယ်ရဲ့အိမ်လားရှင်"

အသံရှင်ရှင်နဲ့ အမျိုးသမီးတစ်ယောက်ကြောင့် ကြည်ပြာကြည့်မိလိုက်သည်။ အသားဖြူဖြူဖွေးဖွေးနှင့် မှန်နေအောင်မှ လှနိုင်သော အမျိုးသမီးတစ်ယောက်။ လှပါတယ်ဆိုတာထက် ဆွဲဆောင်မှုရှိပါတယ်ဆိုတာက ပိုမည်ထင်ပါရဲ့။

ကိုင်ထားတဲ့လက်ကိုင်အိတ်ကလည်း ဖောင်းကားနေပြီး ဝင်းလက်တောက်ပြောင်နေသည်။ ကြည်ပြာခန့်မှန်းမိသလောက်တော့ ဒီအမျိုးသမီးက ပေါ့တော့တော့တော့မဟုတ်လောက်။ ခြံရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကားအကောင်းစားကြီးနဲ့ပါလား။ ပြဿနာရှာမယ့်မိန်းမလား။ ကာစတာမာလား။

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ"

"ကျွန်မ, ဒေါ်မြမှုန်းခြယ်နဲ့တွေ့ချင်လို့ပါ"

"မာမီလေး မရှိပါဘူးရှင့်၊ ပြောစရာရှိရင် ကြည်ပြာနဲ့လည်း ဖြစ်ပါတယ်"

"ဒီအိမ်မှာ မူယာတို့၊ သူဇာတို့ရော မရှိကြတော့ဘူးလား"

"ရှင်က အယ်ကဘယ်လို သူတို့ကိုသိနေရတာလဲ၊ သူဇာဆုံးတာ နှစ်နှစ်ရှိပြီ၊ ကျွန်မက မူယာရဲ့ညီမပဲ၊ မမူယာလည်း တရားရိပ်သာမှာ"

"ဪ. . . ပြောင်းလဲသွားကြပြီကိုး"

"မကြည်ပြာ ဘာလုပ်နေတာလဲ. . . ဒီမှာ အိုးပြန်လာတာ မတွေ့ဘူးလား"

"အိုး. . . အိုးလေးပါလား၊ မောလာပြီလား။ မကြည်ပြာဘာလုပ်ပေးရမလဲ၊ ရေချပ်ပေးရမလား"

"အခုမှ အပိုတွေမှုမပြနဲ့၊ ဒီအချိန် အိုးပြန်လာမှန်းသိတာပဲ။ အဆင်သင့်လုပ်ထားရမှာပေါ့"





"ဟုတ်ကဲ့ပါရှင်၊ ကျွန်တော်မျိုးမ မှားပါတယ်၊ နောက်ဆိုဖြစ်စေရမယ်"

"မေမေရော, မေမေ. . . မေမေ၊ မေမေက အိုးကိုမပြောဘဲ အပြင်သွားပြန်ပြီလား"

စက်သေနတ်ပစ်သလို တစာစာအော်နေတဲ့ကလေးမလေးကို ပန်းနုကြည့်မိလိုက်သည်နှင့် သူမရင်ထဲ လှိုက်မောခြင်းတစ်မျိုးက ဘွားခနဲဝင်ရောက်လာရသည်။

အိုး. . . ဆိုပါလား၊ ကြီးလာလိုက်တာ၊ ဘာကြောင့် အဲ့ဒီလောက်မြန်မြန်ကြီး ကြီးနေရတာလဲ၊ သမီးကိုပစ်ထားမိခဲ့တဲ့အချိန်က အဲ့ဒီလောက်ပဲကြာနေခဲ့ပြီလား။

"ခွင့်လွှတ်ပါသမီးရယ်၊ မောဒီက မေမေ့ကိုခွင့်လွှတ်ပါ"

မာမီလေးရယ်. . . ကျေးဇူးပါပဲ၊ သမီးလေးကို ခုလိုအချိန်ထိ ကျွေးမွေးပြုစုခဲ့တဲ့အတွက် ကျေးဇူးပါပဲ။

မျက်ရည်တို့နှင့်ပြည့်အိုင်ကာ သူမလေးကို အငမ်းမရငေးကြည့်နေသောအမျိုးသမီးကြီးကို အိုးကြယ်လင်းဆိုသော သူမလေးက သတိထားမိသွားခဲ့သည်။

ကလေးမလေးရဲ့ရင်ထဲမှာလည်း ထိုမျက်ရည်တွေကို ထိတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲဖြစ်သွားရသည်မှတစ်ပါး အခြားမရှိ။ ဒီလိုပဲ အမျိုးသမီးချော ချောတွေက သူမတို့အိမ်ရောက်လာနေကျလေ။

"ဒီအဒေါ်ကြီးက ဘယ်သူလဲ၊ အသစ်လား"

အို. . . သမီးလေးရယ်၊ ဘယ်လိုပြောလိုက်တာလဲ၊ မေမေ က သမီးရဲ့မေမေအရင်းပါ။ သမီးကိုခေါ်ဖို့လာတာလေ၊

သမီးက ဒီလောက်တောင်ပဲ မယဉ်မကျေးဖြစ်နေရတာလား။ ဒါ သမီးကျင်လည်နေရတဲ့ပတ်ဝန်းကျင်တဲ့လား။

မေမေ့ကိုခွင့်လွှတ်ပါသမီးရယ်၊ မေမေ, သမီးကို ဒီလောက် အချိန်ကြာကြာကြီးပစ်မထားခဲ့သင့်ဘူး၊ မေမေလေ. . .

"အိုး. . . သမီးလေးပြန်ရောက်ပြီလား"

"မေမေသိပ်ဆိုးတယ်၊ အိုးကိုမပြောဘဲ ဘယ်တွေသွားနေ တာလဲ"

"အမယ်လေး. . . စိတ်မဆိုးလိုက်ပါနဲ့ ငါ့သမီးလေးရယ်၊ ငါ့ သမီးလေးမျက်နှာညှိုးမှာကို မေမေက မခံစားနိုင်လွန်းလို့၊ ဒီမှာ တွေ့လား။ ငါ့သမီးလေးအတွက် အရုပ်လှလှလေး၊ ဒီမေမေက ဝယ် လာတာ"

"တွန့်! အရုပ်မျက်နှာနဲ့မို့နော်၊ မေမေ့ကိုစိတ်မဆိုးတော့တာ"





"ရှုတ်"

ဒေါ်မြမှုန်းခြယ် ချစ်စနိုးလေးနှင့် သမီးလေးပါးကိုငုံ့နမ်းလိုက် ပါ၏။ ဒါကို မျက်ရည်တွေနဲ့ ပြည့်အိုင်စွာ စိုက်ကြည့်နေသောပန်းနု ရောင်ရဲ့နှလုံးသည်းပွတ်ထဲ ရှုံးနစ်စွာနာကျင်သွားမိသည်။

အခုချိန်ထိ ပန်းနုရောင်ကို မြမှုန်းခြယ် သတိမပြုမိသေးတာ သေချာလှသည်။ ဒီကမ္ဘာမှာ သမီးလေးနဲ့သူမပဲ ရှိနေကြသည်ထင် ပါရဲ့၊

"မေမေ, အိုးကိုမပြောတာ တစ်ခုရှိသေးတယ်"

"ဘာများလဲ၊ မေမေက ငါ့သမီးလေးမသိအောင် ဘာများ သိုဝှက်ထားပါလိမ့်"

"မမအသစ် ရောက်လာတာလေ၊ သူက တော်တော်ချော တယ်နော်၊ ဘာဖြစ်လို့ အိုးကို ကြိုမပြောတာလဲ၊ မေမေစည်းကမ်း ဖောက်တယ်"

"မမအသစ်,ဟုတ်လား"

"မေမေ မသိဘူးလား၊ ဟန်ဆောင်ပြန်ပြီ၊ ဟိုမှာလေ, မတွေ့ ဘူးလား"

သမီးကလေးညွှန်ပြရာသို့ သူမလှည့်ကြည့်မိလိုက်စဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလွင့်လုမတတ် တုန်လှုပ်သွားရသည်။ သူမဦးနှောက်ဆီမှာလည်း အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွားပါ၏။

"မာမီလေး. . . ကျွန်မကိုသိနေသေးတယ်မဟုတ်လား"

သို့သော် မြမှုန်းခြယ်ကတော့ မတုန်မလှုပ်ပုံစံမျိုးနှင့် ငွေ့ကြီးစိုက်ကြည့်လျက်။

"ကျွန်မ. . . ပန်းနုရောင်လေ။ မာမီလေးကိုယ်တိုင် ကိုဖုန်းနိုင်နဲ့လက်ထပ်ပေးခဲ့တဲ့ ပန်းနုရောင်ပါ"

သိသားပဲ။ သို့သော် သူမ အခုချိန်ခါမှာ မသိပါဘူးဟု ဘူးတစ်လုံးဆောင်ရမှာလား၊ ဖြစ်ရပ်မှန်ကို လက်ခံရမှာလား။ မဝေခွဲနိုင်ခင်မှာ. . .

"ကျွန်မ အိုးကြယ်လင်းလေးကို လာခေါ်တာပါ"

ထိုစကားလုံးက သူမနှလုံးသားအလယ်တည့်တည့်ကို အရှိန်ပြင်းပြင်းရိုက်ချလိုက်သလိုပင်။ သူမက ဟန်ဆောင်တတ်သူ၊ ခံစားချက်အမှန်ကို အပြုံးပွင့်နဲ့ ဖုံးလွှမ်းတတ်သူမို့ နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးလေးစွတ်စိုသွားပေမယ့် ရင်ထဲမှာတော့ အတိုင်းအဆမဲ့ နာကျင်သွားမိသည်။

နှလုံးသားရဲ့စေခိုင်းချက်ကြောင့်လားမသိ သူမကိုယ်သူမ





အာရုယ်ခံစားနေရတာပါလို့ မသိလိုက်ခင်မှာပဲ သမီးလေးအိုးရဲ့ သက်ကို ကျစ်ကျစ်ပါဆုပ်ကိုင်ပြီးဖြစ်နေပါပြီ။

တတယ်ပဲ သမီးလေးကိုဆုံးရှုံးရတော့မှာလား။ သူမလေးရဲ့ သက်တစ်ဖက်မှာ မေမေရဲ့ဆုပ်ကိုင်ထားမှုကြောင့် နာကျင်လှုပါပြီ။

သို့သော် သူမရဲ့နာမည်က အမျိုးသမီးနှစ်ယောက်ရဲ့စကား ဝိုင်းမှာ အဓိကဇာတ်ကောင်နေရာမှာရောက်နေသည်မို့ ပဟေဠိ ဆန်းစွာကြောင့် လက်ကောက်ဝတ်လေး နာကျင်ရတော့မှန်းမသိ အောင် စိတ်ဝင်စားမိပါသည်။

"မာမီလေး. . . ပန်းနုကို တကယ်ပဲမမှတ်မိတော့တာလား။ မေ့လောက်သေးပါဘူး မာမီလေးရယ်၊ အိုးကြယ်လင်းလေးရှိနေ သ၍ မာမီလေး ပန်းနုရောင်ကိုမမေ့လောက်ပါဘူး။ မာမီလေးကို ကျေးဇူးတင်ပါတယ်။ အိုးကြယ်လင်းလေးကို အခုလိုအရွယ်ရောက် သည်ထိ စောင့်ရှောက်ထားတဲ့အတွက်ပါ"

ဒီဆယ်နှစ်တာသံယောဇဉ်တွေကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားလုံးပေါ့ပေါ့လေးနဲ့ ချောက်ဖျက်ပစ်လိုက်ရတော့မှာတဲ့လား။

ဒါဆို ညည်းတရားလား. . . ပန်းနုရောင်။

သွေးနုသားနုနဲ့ သေသည်မသိ၊ ရှင်သည်မသိ။ ဥပေက္ခာပြု



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးကာမှ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားလုံးလေးတစ်လုံးနဲ့ သမီးလေးကို ငါ့ရင်ခွင်ထဲက အစိမ်းလိုက်ဆွဲထုတ်သွားတော့မှာလား။ ငါက ဝမ်းနဲ့လွယ်ပြီး မမွေးခဲ့ရပေမယ့် သမီးကလေးနဲ့ ငါ့ရဲ့ သံယောဇဉ်က ဆယ်နှစ်ဟဲ့။

သမီးကလေးကို တကယ်ခေါ်ယူသွားသေးတာ မဟုတ်သေးဘဲတောင် ခေါ်ဖို့ပြောတာလေးနဲ့တင် သူမနှလုံးသားက ခံနိုင်ရည်မရှိကုန်တော့။ အမှန်တကယ် သမီးလေးသာ ပါသွားခဲ့ပါလျှင် ဆိုတာမျိုးကို တွေးပင်မတွေးဝံ့တော့ပါ။ သူမနှလုံးသားတစ်ခုလုံး နာကျင်အတ်ကွဲရပါ၏။

"သမီးလေး. . . ဖိုးကြယ်လင်း"

ဘယ်တုန်းကမှမသိခဲ့ဖူးတဲ့မိန်းမကြီးက သူမလေးရဲ့နာမည်ကို အပြည့်အစုံခေါ်ပြီး ရင်းရင်းနှီးနှီးစိုက်ကြည့်လာတာကြောင့် သူမလေးမှာ ခပ်ရှို့ရှို့လေးဖြစ်သွားရပြီး မီခင်ခေါ်မြမှုန်းခြယ်ရဲ့ နောက်ကျောလေးနား မသိမသာခိုကပ်သွားမိသည်။

သမီးကလေးရဲ့ စိမ်းကားတဲ့အပြုအမူကြောင့် ပန်းနုရောင်ရင်ထဲ ဆစ်ခနဲနာကျင်သွားမိသည်။ သမီးရယ်. . . မေမေက သမီးရဲ့အမေရင်းပါ။





မေမေ့ကို အဲ့ဒီလိုကြီး မစိမ်းကားပါနဲ့သမီးလေးရယ်။

"သမီး. . . မေမေလေ၊ သမီးက မေမေ့ကိုဘယ်လိုလုပ်မှတ်မိပါ့မလဲ၊ အဲ့ဒီအချိန်တုန်းက ငါ့သမီးလေး သိပ်ငယ်နေသေးတာကိုး။ လာပါဦး. . . သမီးလေးရယ်၊ မေမေ့နားကို"

ဟုချည်နှောင်စွာဆိုကာ သမီးလေးရဲ့လက်ဖဝါးနုနုကို ဆွဲကိုင်လိုက်သည်တွင် မသိမသာရုန်းဖယ်ခြင်းခံလိုက်ရသည်။ အချိန်တိုင်းအသံစာစာနှင့် ဆရာမကြီးသာ လိုက်လုပ်နေတတ်သော ဖိုးကြယ်လင်းတစ်ယောက် အခုတော့ ဘာပါဝါတွေကြောင့်မှန်းမသိ၊ ခေါ်မြမှုန်းခြယ်ရဲ့နောက်ကျောလေးနားမှာ ထွက်ကိုမလာတော့ဘဲ ပန်းနုရောင်ဆိုတဲ့အမျိုးသမီးကိုသာ မြူးကြောင်ကြောင်လေးနှင့် မမှိတ်သုန်စိုက်ကြည့်နေခဲ့ပါသည်။

ပန်းနုရောင်က ဖိုးကြယ်လင်းရဲ့လက်ကလေးကို နောက်ထပ်တစ်ကြိမ်ဆွဲရန် ကြိုးစားလိုက်သည်တွင်. . .

"ကလေးသဘောမကျဘူးဆိုရင် ကလေးရဲ့လက်ဖျားလေးကိုတောင် ငါက မကြိုက်ဘူး၊ ညည်းရဲ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပါ ပန်းနုရောင်"

အမိန့်သံဆန်ဆန်ထွက်ပေါ်လာတဲ့ မြမှုန်းခြယ်ရဲ့အသံကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြောင့် ဖျက်ယွင်းလုလု သူမမျက်နှာကို အပြုံးပွင့်ကလေးနှင့် ထပ်မံဖုံးအုပ်လိုက်သည်။

"မာမီလေး. . . ပန်းနုရဲ့သမီးက ပန်းနုငယ်တုန်းကနဲ့သိပ်တူတယ်နော်။ ပျော်ရွှင်မှုမရှိခဲ့တဲ့ ပန်းနုရဲ့ဘဝကို သမီးလေးနဲ့ ပျော်ရွှင်တဲ့မှာပြန်တည်မယ်"

"တော်စမ်းပါအေ့"

"ရှင်! "

"ကလေးရဲ့ချေးသေးကို မရွံမရှာ ဆယ်နှစ်တာလုံး မွေးခဲ့တဲ့ ငါ့ရဲ့သံယောဇဉ်ကို ဒီကျေးဇူးတင်ပါတယ်. . . အိုးကြွယ်လင်းလေးကိုလာခေါ်တာပါဆိုတဲ့စကားလုံးလေးတွေနဲ့တင် ငါက ရင်ကွဲခံပြီး ရော့အင့်ပေးလိုက်ရတော့မှာတဲ့လား။ ညည်းမှာ နှလုံးသားရှိသေးရဲ့လား ပန်းနုရောင်"

"သမီးလေးကို အဲ့ဒီလောက်ထိချစ်ပေးတဲ့မာမီလေးကို ပန်းနုသိပ်ပြီးကျေးဇူးတင်ပါတယ်။ မာမီလေး ပန်းနုကို ကြိုက်သလိုအပြစ်တင်ပါ။ ပန်းနုမှာ အပြစ်ရှိပါတယ်။ ဒါပေမဲ့ အဲ့ဒီအပြစ်က ကံကြမ္မာကပေးခဲ့တဲ့အပြစ်မို့ ပန်းနုကိုခွင့်လွှတ်ပေးပါ။ အခု ပန်းနုရဲ့ရင်ခွင်ထဲမှာ သမီးကလေးရဲ့ဘဝ လုံခြုံနိုင်ပါပြီ။ သမီးလေးကိုခေါ်သွား





ခွင့်ပေးပါ မာမီလေး"

"ညည်းက မွေးရုံတင်မွေးခဲ့ရတာပါ။ ဖဝါးလက်နှစ်လုံး ပခုံးထက်နှစ်သစ်အရွယ်ကတည်းက စောင့်ရှောက်ခဲ့ရတာက ငါပါပဲ။ ငါ့နှလုံးသားကိုလည်း မင်းထည့်တွက်ဦး။ ငါလည်း မင်းလိုပဲ သမီးလေးကို မခွဲနိုင်တော့ဘူး။ အခုချိန်မှာ သမီးလေးသာ ငါ့ဘဝ၊ ငါ့အနာဂတ်၊ ငါ့ဝစ္စုပွန်ဖဲ့၊ တောင်းပန်စရာရှိ ငါကပဲ မင်းကိုတောင်းပန်ပါတယ်။ ငါနဲ့သမီးလေးကို ခွဲမပစ်ပါနဲ့အေ။ ငါ့ရူးရလိမ့်မယ်။ အမှန်တကယ်တော့ ဒီအချိန်မှာ ညည်း ထပ်မပေါ်လာသင့်တော့ဘူး"

"ဘယ်လိုပြောလိုက်တာလဲ မာမီလေးရယ်။ အိုးကြွယ်လင်းလေးက ပန်းနုရဲ့သမီးအရင်းပါ။ ရင်ကဖြစ်တဲ့သမီးလေးပါ။ အခြေအနေအကြောင်းကြောင့်သာ ပန်းနုလာမခေါ်ဖြစ်ခဲ့ပေမယ့် သမီးလေးက ပန်းနုရဲ့နှလုံးသားထဲမှာ ရှိပြီးသားပါ။ ပန်းနုရဲ့နှလုံးသွေးကိုလှည့်ပတ်ခွင့်ပေးပါ မာမီလေးရယ်။ ပန်းနုရဲ့ဘဝက ဘာမှမရှိခဲ့သူပါ"

"ညည်းစကားတတ်တိုင်း ဘာမှလာမပြောနဲ့။ ငါက မခေါ်နဲ့ဆို မခေါ်ရဘူး။ ညည်း ပြန်တော့၊ နောင် ငါ့အိမ်ကိုမလာခဲ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ညည်း လာစရာလည်းမလိုဘူး။ ညည်းမရှိလည်း သမီးလေးဘဝဟာ ပြည့်စုံပြီးသားပဲ"

"ပန်းနု မပြန်နိုင်ဘူး မာမီလေး။ သမီးလေး မပါမချင်း ပန်းနု မပြန်နိုင်ဘူး"

"ညည်းကို ပြန်တော့လို့ပြောနေတယ်လေ"

"မပြန်နိုင်ဘူး မာမီလေး"

"ဒါ ငါ့ပိုင်နက်နော်။ ညည်းကို ပြန်ခိုင်းနေတယ်လေ"

"မာမီလေးဟာ ပန်းနုရဲ့ကျေးဇူးရှင်ပါ။ ပန်းနု မရိုင်းပါဘူး မာမီလေး ပြန်ဆိုလည်း ပန်းနုက ပြန်ရမှာပါပဲ။ ဒါပေမဲ့ သမီးလေးကို ခေါ်လို့မရမချင်း နောက်နေ့တွေမှာလည်း ပန်းနုလာရမှာပဲ။ မာမီလေး စဉ်းစားပါဦး။ ပန်းနုကတော့ သန္နိဋ္ဌာန်ချထားပြီးသား။ သမီးလေးကို ရအောင်ပြန်ခေါ်မယ်လို့။ ဒါ ပန်းနုကျေးဇူးကန်းတာ မဟုတ်ပါဘူး။ မိခင်တစ်ယောက်ရဲ့အတ္တပါပဲ။ ပန်းနုကိုခွင့်ပြုပါဦး။ သမီးလေး၊ မေမေ မနက်ဖြန်မှပြန်လာခဲ့မယ်နော်"

ဟုဆိုကာ သူမကလေးရဲ့ဦးခေါင်းကို မမှီမကမ်းလှမ်းပွတ်သွားပါသော မျက်ရည်အရွဲသားနှင့် သူမလေးရဲ့မိခင်ရင်းဆိုသူကို သူမလေး မမှိတ်မသုန်စိုက်ကြည့်နေဖြစ်ပါသည်။





ကျောခိုင်းသွားသော ထိုအမျိုးသမီးရဲ့ကျောပြင်က သူမလေးကို ဘယ်လိုဝမ်းနည်းမှုမျိုးများပေးလိုက်ပါလိမ့်။ မျက်လုံးဝိုင်းဝိုင်းထဲမှ အရည်ကြည်ဥကြီးများက အလိုလိုလျှံကျလာခဲ့သည်။

သူမကလေးရဲ့စိတ်ထဲ ထိုအမျိုးသမီးလှလှရဲ့လက်ကို မသွားရပါဘူးဟု ဆွဲခေါ်ထားချင်ခဲ့ပေမယ့် ခြေလှမ်းတွေက လုံးဝခွင့်မပြု။

ထိုအမျိုးသမီးတ ခပ်ကြွကြွလေး လမ်းလျှောက်သွားရာမှာ ခြံဝင်းရှေ့တည့်တည့်မှာရပ်ထားသော ကားအကောင်းစားကြီးပေါ် တက်ထိုင်ရင်း ထိုကားကြီးခေါ်ရာနောက် လိုက်ပါသွားခဲ့ပါသည်။

သူမလေးတ ထိုကားကြီးကို မျက်စိတစ်ဆုံးငေးနေခဲ့ပေမယ့် သူမလေးရဲ့ကျေးမိခင် ဒေါ်မြမှုန်းခြယ်ကတော့ သူမလေးရဲ့ခန္ဓာကိုယ်ကို တင်းကျပ်စွာဖက်တွယ်ထားပြီး ကြုံကြုံပါအောင် ငိုရှိုက်နေလေရဲ့။ သူမလေးကတော့ ရှိုက်ကြီးတငင် ငိုကြွေးနေပါသော ကျေးမိခင်ဒေါ်မြမှုန်းခြယ်ရဲ့မျက်ရည်တို့ကို ဘယ်လိုသုတ်ပေးရမှန်း မသိနိုင်တော့။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

အခုဆို ပန်းနုရောင် ဇွဲကောင်းကောင်းနှင့် နေ့တိုင်း သူမတို့အိမ်သို့ရောက်လာတတ်ပါသည်။ သမီးလေးနဲ့တွေ့သွားရတဲ့ရက်တွေလည်းရှိသလို မတွေ့ဘဲပြန်သွားရတဲ့ရက်တွေလည်း ရှိလာပါ၏၊ သမီးနဲ့မတွေ့ဘဲ ပြန်သွားဖြစ်ခဲ့ရသည့်နေ့များတွေဆို ဒီဆယ်နှစ်တာကာလတစ်လျှောက် ဖြတ်သန်းခဲ့ရသည့်ဘဝ အခက်အခဲတွေကို ရှင်းတမ်းထုတ်၍မဆုံးနိုင်တော့။

ပြီးတော့ အခုချိန်ခါမှာ သူမရဲ့ချမ်းသာမှု၊ လူမှုရေးအဆင့်အတန်း။ ဒါတွေကို ပန်းနုရောင်က ပြောဖန်များလာတော့ ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com



မှုန်းခြယ်ရဲ့ခံစားမှုက လျော့ပါးစပြုလာပါပြီ။

ဒါကတော့ မိခင်တစ်ယောက်ရဲ့မေတ္တာကြောင့်ပါပဲ။ သူမရဲ့ဘဝက ညဥ့်ငှက်ထိန်။ သမီးကလေးကို ခါးဝတ်လှအောင် ထားနိုင်ရုံမှုတစ်ပါး သမီးလေးဂုဏ်ကို ဘယ်လိုပါဝါမျိုးနှင့်မှ မဆောင်ကြဉ်းနိုင်။ သူမရဲ့အဆင့်အတန်းကိုသာ သမီးလေး အရွယ်ရောက်လာသောအခါမှာ သမီးလေးရဲ့အပေါင်းအသင်းများ သိသွားပါက သမီးလေးရဲ့အရှက်သိက္ခာ။

ဒါတွေကို သူမ ဘာဖြစ်လို့မစဉ်းစားခဲ့မိပါလိမ့်။ အခုလိုပန်းနုရောင်က ဘဝနှစ်ခုကို ပညာတတ်နည်းနဲ့ယှဉ်တွဲပြလာသောအခါမှသာ သူမ သိမ်ငယ်စွာသိရှိသွားခဲ့ရတာပါလား။

အမှန်တကယ်တော့ သူမကလည်း သမီးလေးကိုမခွဲနိုင်ပါ။ သို့သော် သမီးလေးရဲ့အနာဂတ်ကြောင့် အရာရာကိုစဉ်းစားချင့်ချိန်မိပြီး သူမရင်ကွဲခံသင့်ရင် ခံရပေဦးတော့မည်။

မိုးနဲ့မြေ ကွာခြားနေသောဘဝနှစ်ခုထဲမှာ သူမက သမီးလေးကို နှံ့အိုင်ထဲ ဆွဲခေါ်သင့်ရဲ့လား။ ဒါ သူမက သမီးလေးအပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာတဲ့လား။

သူမကိုယ်သူမ ဘယ်ဟာလုပ်သင့်ပါတယ်ဆိုတာမျိုး အသိ





င်လာပြီးတဲ့နောက်မှာတော့။ အဖြူအစိမ်းဝတ်စုံလေးနှင့် ကျောင်းက ပြန်လာတဲ့သမီးလေးကို ရင်ခွင်ထဲဆွဲပွေ့ကာ. . .

"သမီးလေးအိုး၊ သမီးမေမေနဲ့နေရတာ ပျော်သလားဟင်"

"ပျော်တာပေါ့မေမေရဲ့။ မေမေပဲ ပြောတယ်လေ။ မေမေကသမီး။ သမီးက မေမေဆို၊ နှစ်ယောက်တူတူပဲလေ"

"သမီးမေမေ့ကို အရမ်းချစ်လားဟင်"

"ချစ်တာပေါ့ မေမေရဲ့။ ဟော့ဒီလောက်ကြီး ချစ်တယ်။ အားလုံးလောက်ကြီးချစ်တယ်"

"မေမေပန်းနုရောင်ကိုရောဟင်"

သူမရဲ့အက်ကွဲထိရှသံအဆုံးမှာတော့ သမီးထံမှ ဖြေသံတိတ်နေခဲ့ပါသည်။ ဖြေလိုက်ပါ သမီးရဲ့။ ချစ်ရင်ချစ်ပါတယ်လို့ ဖြေလိုက်ပါ။ အဲဒီလို သမီးက မဖြေဘဲ နှုတ်ဆိတ်နေတော့ မေမေရင်နာလွန်းသို့ပါ။ ပန်းနုရောင်ကို မေမေ့ထက်ပိုချစ်သွားလို့ သမီးပြန်မဖြေတာတော့တာလားဟင်။

"အိုး. . . မသိဘူးမေမေ"

"ဝမ်းသာလိုက်တာ သမီးလေးရယ်"

သမီးခံစားချက်အမှန်ကို ဖုံးကွယ်ထားလို့ပဲဖြစ်ဖြစ် မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အောင် အခုလိုဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သမီးရယ်။

"ဒီမေမေကလေ ငါ့သမီးလေးကိုသိပ်ချစ်တာ"

"အိုး. . . သိပါတယ်မေမေရဲ့"

"ဒီမေမေက အိုးလေးကိုသိပ်ချစ်ခဲ့ပါတယ်ဆိုတာ သမီးအမြဲ အမှတ်ရနေရမယ်နော်"

"ဟုတ်"

"လိမ္မာလိုက်တာ၊ မေမေ့ကိုမွှေးမွှေးပေးပါဦး"

"ရွှတ်. . . ရွှတ်"

"ရွှတ်"

သားအမိနှစ်ယောက် အပြန်အလှန်နမ်းရှုံလိုက်ကြပြီး. . .

"သမီးလေးလိမ်လိမ်မာမာနေရမယ်နော်၊ လူကြီးတွေစကား နားထောင်ရမယ်၊ သူများတွေစိတ်ပျက်အောင် မလုပ်ရဘူး၊ ပညာတတ်ကြီးဖြစ်အောင် စာတွေကြိုးစားရမယ်နော်"

"ဟင်! မေမေက ဘယ်သွားမှာမို့လဲ"

"မကြာခင် သမီးမေမေပန်းနုရောင်က သမီးကိုလာခေါ်သွားတော့မှာ သမီးရဲ့"





"ဟင့်အင်း. . . အိုး၊ မလိုက်ဖူး။ အိုး၊ မေမေနဲ့ပဲနေခဲ့မယ်။ မလိုက်ဘူး"

"မလိုက်လို့မရဘူးသမီးရယ်"

"မလိုက်ဘူး. . . မလိုက်ဘူး၊ အိုး. . . မေမေ့ကိုပဲချစ်တယ်၊ မေမေနဲ့ပဲနေမယ်၊ မလိုက်ဘူး"

"မေမေလည်း သမီးလေးနဲ့အမြဲနေချင်တာပေါ့။ ဒါပေမဲ့ ပန်းနုရောင်ကလည်း သမီးရဲ့အမေပဲလေ၊ သမီးလိုက်သွားရမှာပေါ့"

"ဒါဆို မေမေကရော အိုးရဲ့မေမေ မဟုတ်လို့လား၊ တော်ပြီ. . . မေမေနဲ့ပဲနေမယ်"

"သမီးလေးရယ်. . . မေမေလေ၊ မေမေ"

သူမ၏စကားလုံးတွေက လည်ချောင်းဝမှထွက်ပေါ်မလာတော့၊ သမီးလေးရဲ့ကိုယ်ခန္ဓာသေးသေးလေးကိုသာ ရင်ခွင်ထဲ ဆွဲအပ်ထားမိတော့သည်၊ သူမရင်ထဲမှခံစားချက်တို့က မချိတင်ကဲ တစ္ဆေကလျား၊

သမီးလေးကို ဘယ်သူမှခေါ် သွားလို့မရအောင် အလုံခြုံဆုံး နေရာမှာသာ ဝှက်ထားချင်မိလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပွမ်!. . . ပွမ်! "

ထိုစဉ် အိမ်ရှေ့မှာ ပန်းနုရောင်ရဲ့ကား အကောင်းစားကြီးက တစ်ဟုန်ထိုး ထိုးဆိုက်လာခဲ့ပါ၏။

"သမီးလေး. . . အိုး၊ သမီးကို သူတို့လာခေါ်နေကြပြီ"

"ဟင့်အင်း. . . အိုး,မလိုက်ဘူး၊ အိုး,မလိုက်ဘူးမေမေ၊ အိုး မေမေနဲ့ပဲနေမယ်၊ မေမေ့ကိုပဲချစ်တယ်"

"သမီးလေး. . . သမီးမလိုက်လို့မရဘူး၊ ဟိုက ချမ်းသာတယ်၊ ပြီးတော့ သမီးရဲ့အမေအရင်း၊ ဟော့ဒီမေမေက သမီးရဲ့ အမေရင်းမဟုတ်ဘူး. . . မွေးစားအမေ"

"ဟင့်အင်း. . . မသိဘူး၊ မေမေနဲ့ပဲနေမယ်၊ အိုး, မေမေနဲ့ ပဲနေချင်တယ်"

"သမီးရယ် မေမေ့ကိုရင်ကွဲရအောင် မလုပ်ပါနဲ့၊ မေမေအရဲ စွန့်ပြီး ဆုံးဖြတ်ထားခဲ့ရတာပါ၊ သမီးလိုက်ကိုလိုက်သွားရမယ်သမီး၊ မေမေနဲ့နေခဲ့လို့မဖြစ်ဘူး၊ သူတို့နဲ့နေမှ သမီးလေး ချမ်းချမ်းသာ သာနေရမှာ"

"ဟင့်အင်း. . . မချမ်းသာချင်ဘူး"

"သူတို့မှာ အရုပ်တွေအများကြီးရှိတယ်၊ သမီး. . . အဲ့ဒီကို





ရောက်သွားရင် အရမ်းပျော်မှာ"

"အိုး. . . သူတို့နောက်လိုက်သွားရင် မေမေကလည်း ပျော် မှာလား"

"ပျော်တာပေါ့ သမီးလေးရဲ့၊ အရမ်းပျော်မှာပေါ့"

"ဒါဆို မေမေ ခုနက ဘာဖြစ်လို့ငိုနေရတာလဲ"

"အဲ့ဒါက မျက်စိထဲ အမှိုက်စ ဝင်သွားလို့ပါ"

"မေမေညာတာ၊ မေမေညာနေပြန်ပြီ"

"အိုး မရှိရင် မေမေရှူသွားလိမ့်မယ်တဲ့ ဒေါ်လေးမြတ်ပုက ပြောတယ်၊ ဟင့်အင်း. . . အိုး, မေမေနဲ့ပဲနေမယ်၊ မေမေပဲ အိုး ကိုချစ်တယ်ဆို၊ အိုးလည်း မေမေ့ကိုပဲချစ်တယ်"

သမီးလေးက ပြတ်ပြတ်သားသားဆိုလာပါသည်၊ သမီးလေး ရဲ့ထိုစကားတွေကို ဒေါ်မြမှုန်းခြယ် ဝမ်းသာပီတိနဲ့ ကြည်နူးပျော်ရွှင် ရှာသား၊ ယူကျုံးမရ ဝမ်းနည်းစိတ်နဲ့ ချုံးပွဲချငိုကြွေးရတော့မှာ သား၊

သို့သော် သမီးလေးက သူမရင်ခွင်ကြားမှ ရုတ်တရက် ရုန်း ထွက်ကာ တဖြည်းဖြည်းလျှောက်လှမ်းလာသော ပန်းနုရောင်ရှေ့ ပိုက်ရပ်ပစ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ ဟုတ်ခနဲနာကျင်သွားရပါသည်။ တကယ်ပဲ သမီးကလေး လိုက်သွားတော့မှာလား။ သမီးလေး အမှန်တကယ်လိုက်သွားခဲ့ပါလျှင်လည်း သူမနှလုံးသားက အမှန်တကယ်ရော ခံနိုင်ရည်ရှိရဲ့လား။

အခုတောင် ကျောခိုင်းသွားနေသောသမီးလေးကြောင့် သူမ ရင်နာနေရပါပြီ။

"သမီးလေး. . . သမီးလေးကို မေမေလာခေါ်တာ။ သမီးလေး မေမေ့နောက်လိုက်ခဲ့မှာမဟုတ်လားဟင်"

"ဟင့်အင်း. . . ဒီကအန်တီက အိုးကို ဘယ်လောက်ထိချစ်သလဲဟင်"

"ဪ. . . သမီးလေးရယ်၊ မေမေ့ကို အန်တီတဲ့လား"

"အိုးရဲ့မေမေက အိုးကိုသိပ်ချစ်တာ၊ ဘယ်တော့မှလဲ အိုးကို ပစ်မသွားဘူး၊ အိုးကိုဝမ်းနည်းအောင်လည်း မလုပ်ဘူး။ အိုးကို အမြဲတမ်း ပျော်စရာတွေလုပ်ပေးမယ်။ အိုး. . . မေမေ့ကိုပဲအရမ်း ချစ်တယ်၊ အိုး့သိပ်ချစ်တဲ့မေမေ အခုငိုနေရပြီ၊ အိုးကိုမခွဲနိုင်တဲ့ မေမေ့ကို အိုးပစ်မထားနိုင်ဘူး။ အန်တီကြီး ပြန်ပါတော့၊ အိုးကို လာမခေါ်နဲ့တော့။ အိုး. . . မေမေနဲ့ပဲ နေတတ်နေပါပြီ"





"သမီးရယ်. . . မေမေ့ကိုဘယ်လိုခေါ်လိုက်တာလဲ၊ မေမေ က သမီးရဲ့အမေရင်းပါ၊ မေမေလေ, သမီးလေးကိုချစ်လွန်းလို့ ဒီအဝေးကြီးကလာခဲ့ရတာပါ"

"ဟင့်အင်း. . . အိုး့မသိဘူး၊ ဒေါ်လေးမြတ်ပုပြောတာက အန်တီက အိုးကိုမွေးပြီး ပစ်သွားတာတဲ့၊ ဟင့်အင်း. . . အိုး့ မေမေ့ ကိုပဲချစ်တယ်။ အန်တီကြီးလာလို့ ဟိုးမှာ မေမေငိုနေရပြီ၊ အန်တီ ကြီးပြန်ပါတော့"

ဟုသာ အရွယ်နှင့်မမျှအောင် ခပ်ပြတ်ပြတ်ပြောပြီး လူကြီး တွေအားလုံးကိုဖြတ်ကျော်ကာ အပေါ်ထပ်သို့ တဘုန်းဘုန်းပြေး တက်ခဲ့ပါတော့သည်။

"သမီးလေးရယ်. . . သမီးလေး၊ မေမေနောက် မလိုက်နိုင် ခဲ့ရင်တောင် အန်တီကြီးလို့မခေါ်ပေးပါနဲ့။ မေမေလို့ခေါ်ပေးပါ၊ သမီး့ မေမေ့နောက်လိုက်ဖို့ ဆန္ဒမရှိခဲ့ရင်တောင် မေမေက သမီး ချက်နှာလေးကို ကြည့်ပါရစေဦးသမီးရယ်. . .။ ဘာဖြစ်လို့ပြေး ထွက်သွားတာလဲ၊ မေမေ့ကို ဒီ့ထက်မက နာကျင်စေတဲ့စကားတွေ ပြောသွားပါ၊ မမေ ကျေနပ်ပါတယ်၊ အားလုံးက မေမေ့ရဲ့အပြစ် တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနုရောင်, မပြောပါနဲ့တော့။ ကလေး သိပ်စိတ်ထိခိုက် သွားလိမ့်မယ်။ ကလေးအသည်းက သိပ်နုသေးတယ်။ ငါတို့လူကြီး တွေက ဆင်ခြင်ရလိမ့်မယ်။ ကလေးရင်ထဲမှာ အနာတရတွေ မရှိ သွားစေချင်ဘူး"

"ပန်းနုရင်ကွဲရတော့မယ်. . . မာမီလေး။ သမီးက ပန်းနုတို့ အန်တီကြီးတဲ့။ ပန်းနုနေရာကနေ ဝင်ခံစားကြည့်ပါဦး မာမီလေး ရယ်"

"ငါနားလည်ပါတယ် ပန်းနုရောင်။ တို့တွေ ဒီလောက်နဲ့ တော်သင့်ပြီ။ ကလေးသိပ်ထိခိုက်သွားလိမ့်မယ်"

"လာပါ. . . မမလေးရယ်။ နောက်ဆိုလည်း မမလေးသမီး ကို တွေ့လို့ရနိုင်သေးတာပဲ။ ကလေးရင်ထဲ သိပ်မထိခိုက်သွားခင် ကျွန်တော်တို့ပြန်ကြတာ ကောင်းပါတယ်"

ဟု ဒရိုင်ဘာဦးလေးကြီးရဲ့ချော့မော့ ဖျောင်းဖျမှုကြောင့်သာ လိုက်ပါသွားရပေမယ့် နောက်သို့လှည့်ကြည့်လှည့်ကြည့်. . .

ကားကလေးက မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသောအခါ မှ တံခါးအကွယ်လေးမှ တချွပ်ချွပ်ငိုနေသော အိုးကြယ်လင်းလေး က လှုပ်လီးလှုပ်လဲ့ထွက်လာကာ ဖုန်တထောင်းထောင်းထနေသော





လမ်းကလေးကိုမျှော်ငေးပြီး. . .

"မေမေ. . . မေမေ"

ငိုသံတစ်ဝက် ရောစွက်လျက်။

ဒါကို ဒေါ်မြမှုန်းခြယ်က မသိလိုက်ဘဲရှိ၍မလား။

* * *



www.burmeseclassic.com

www.burmeseclassic.com





၆

အိပ်မပျော်နိုင်သော ညများမှာတော့ …

ချစ်သူများအကြောင်း တွေးနေဆဲ

ချစ်သူ့အကြောင်း တွေ့ချင်သည်

အကြိမ်ကြိမ်မြင်ယောင်နေဆဲ လွမ်းနေဆဲသူ့အတွက် …

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

သူမတို့အတန်းထဲမှာ အင်မတန်မှကို နာမည်ကြီးလှပါသော ဩရသဆိုတဲ့ ကောင်ချောချောလေးကို သူမလည်းမြင်ဖူးချင်မိတာ နှံ့ပင်။ တစ်ပတ်မျှသာ ခင်မင်ရသေးသည့် သူမရဲ့သူငယ်ချင်း သတ်လွှာရဲ့ပါးစပ်များမှာလည်း ဒီဩရသနာမည်တ ထပ်တလဲ ဖြစ်ပေါ်နေ၍လည်းပါသည်။

သူမက တောင်ကြီးတက္ကသိုလ်မှာ ပထမနှစ်တက်ပြီး ဒုတိယ ကိုတော့ မေမေ့ရဲ့သဘောဆန္ဒအရ ရန်ကုန်မြို့ပေါ်သို့ ပြောင်း ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက မြို့ပေါ်မှာနေမှ အသိအမြင်ကြွယ်ဝလာမယ် လေ။ မြို့ပေါ်မှာ အပေါင်းအသင်းမရှိ။ သူမတစ်ယောက်တည်း မျက်စိသူငယ်၊ နားသူငယ်နှင့် စမ်းတဝါးဝါးရှိနေဆဲ။ အခုလို ရန်ကုန် သူစစ်စစ် ပန်းဝတ်လွှာနဲ့ဆုံစည်းခဲ့ရခြင်းပါ။

ပန်းဝတ်လွှာက ကားအကောင်းစားနဲ့လည်း ကျောင်းတက် နေရသူဖြစ်သလို၊ ရုပ်ချော သဘောကောင်းသည်။ ပြီးတော့ သူမရဲ့ ငယ်သူငယ်ချင်း ဩရသအကြောင်းကိုလည်း ပြောပြ၍မဆုံးနိုင် တော့။ ပန်းဝတ်လွှာတစ်ယောက်တည်းသာမဟုတ်။ မေဖျာတင် ဖြစ်တဲ့ ဩရသရဲ့ဂုဏ်သတင်းက ဖျိုမေတို့ပါးစပ်များမှာ ထုံသင်း မွှေးကြိုင်လှပါသည်။

ဒီလောက်ထိသတင်းမွှေးတဲ့ဩရသကို သူမတွေ့ဖူးချင်မိတာ အဆန်းတော့မဟုတ်။ ပန်းဝတ်လွှာကတော့ သူမနဲ့ဩရသ အဘယ် လောက်ထိ ခင်မင်ကြောင်း၊ ဘယ်အချိန်ထဲက ရင်းနှီးခဲ့ကြကြောင်း တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ထိ သံယောဇဉ်ကြီးကြ ကြောင်း၊ မရိုးနိုင် တဖွဖွပြောနေပေမယ့်လို့ ပန်းဝတ်လွှာနဲ့သိပ်ခင် ပါတယ်ဆိုသောဩရသကိုမူ ကျောင်းဖွင့်ချိန်လတစ်ဝက်ပဲ ကျော် ပြီ အကြိမ်ပင် မတွေ့ခဲ့ဖူး။





ဒါကြောင့် ဩရသရဲ့အိုးမွှမ်းခန်းဖွင့်ထားတဲ့ ပန်းဝတ်လွှာရဲ့ ားလုံးတွေမှာ သူမအတွက် ယုံတမ်းစကားဖြစ်နေခဲ့ရပါသည်။ စိတ်ထဲက သံသယလည်း ဖြစ်မိပါသေးသည်။ ပန်းဝတ်လွှာက ဩရသနာမည်ကြီးသူမို့ သက်သက်ထရက်လုပ်ပြီး ပြောသလားလို့ ပေါ့။

ပန်းဝတ်လွှာတလည်း ချောမောလှပပြီး ဂုဏ်ဒြပ်နဲ့ပြည့်စုံသူ ဒီလိုလည်း အာပလာမရိုက်လောက်ပါဘူးဟုလည်း ထင်မိသား ။ ပန်းဝတ်လွှာက အာပလာပဲပြောပြော၊ အမှန်အကန်ပဲပြော ပြော သူမစိတ်မဝင်စား။ သူမ သိတာက ပန်းဝတ်လွှာဟာ ဖော်ရွေ ခင်မင်ဖွယ်ကောင်းတဲ့ကောင်မလေးတစ်ယောက်။ မကောက်ကျစ် ရိုးသားသူ။ တစ်ခါတစ်ရံမှာ နည်းနည်းပါးပါးစကားများတတ် ည်မှုလွဲ၍ အဖက်ဖက်မှပြောစရာမရှိအောင် တင့်တယ်သူတစ် က်ပါ။

သူမ, ပန်းဝတ်လွှာကိုခင်သည်။ ဘယ်ဘဝက ရေစက်ကြောင့် သိ။ သူမဘဝက တစ်သက်တာတွဲခဲ့ဖူးတဲ့သူငယ်ချင်းတွေ အား ထဲမှာ ပန်းဝတ်လွှာကမှ သူမရဲ့သူငယ်ချင်းအမှန်အကန်ဖြစ် ခဲ့သလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ထင်ပါသည်။ ခင်မင်ခဲ့ရ၊ သိကျွမ်းခဲ့ရ
အချိန်ကာလက ဘယ်လောက်မှမကြာလိုက်ရသေးဘဲနဲ့ စားအတူ
သွားအတူ၊ နေအတူ၊ တစ်တွဲတွဲရှိနေတတ်ပြန်ပါပြီ။ သူမတို့
ယောက် ဘယ်လောက်ထိ စိတ်တူကိုယ်တူ အတွဲညီနေကြသလဲ
ရင် ပန်းဝတ်လွှာရဲ့သူငယ်ချင်းဟောင်းများကပင် သူမကိုကြည့်
တတ်ကြတော့သည်ထိပင်။

သို့သော် သူမက ပန်းဝတ်လွှာကိုခင်သည့်အတွက် ဒါတွေ
လုံးဝဂရုမစိုက်ဖြစ်ပါ။ အခုလည်း ပန်းဝတ်လွှာနှင့်သူမ ဈေးဝယ်
ထွက်ပြီး ပြန်လာခဲ့ကြတာဖြစ်သည်။ ပန်းဝတ်လွှာမောင်းသော
ပေါ်မှာ သူမက အေးအေးလူလူလိုက်စီးလျက်။

"ပန်းဝတ်လွှာ. . . ဖုန်းခေါ်နေတယ်။ ပန်းဝတ်လွှာ. . . ဖုန်း
ခေါ်နေတယ်"

ဒက်ဘုတ်ရှ်ပေါ်မှာတင်ထားသည့် ဖုန်းသေးသေးလေး
ပန်းဝတ်လွှာနာမည်ကို ခပ်စာစာလေး အော်နေပြန်ပါပြီ။

"ဝတ်လွှာ. . . အဲ့ဒီအသံက ရှင့်ဖာသာရှင် သွင်းထား
လား"

"ဟင့်အင်း. . . ဆိုင်က သွင်းထားပေးတာလေ"





"အဲ့ဒါ ရှင်ပြောမှလား။ ရှင့်စိတ်ကူးလားလို့မေးတာ"

"ဟင့်အင်း, ရသရဲ့စိတ်ကူး။ ငါက အတုခိုးထားတာ။ ရသ
ခဲ့ဖုန်းလည်း အဲ့ဒီလိုပဲမြည်တယ်လေ။ ဩရသ. . . ဩရသတဲ့။
တဲ. . . အဲ့ဒါကမှ ပိုရယ်ရတာ"

"ဟဲ့. . . ဩရသအကြောင်းပြောရရင် မျက်နှာကြီးကိုပြုံးဖြီး
သို့။ ဒက်ဘုတ်ရှ်ပေါ်က ရှင့်ကလေးက ငိုလှပြီ၊ လှမ်းပွေ့လိုက်ဦး"

"မပွေ့ချင်ပါဘူးတယ်။ ဒီအချိန်ဖုန်းဆက်မှတော့ မေမေပဲ
ဖြစ်မှာပေါ့။ ဟိုမသွားနဲ့၊ ဒီမသွားနဲ့၊ ဘာလုပ်နေတာလဲ၊ အမေး
အမြန်းလည်း ထူပြောပါ့"

"ဟဲ့. . . လူကြီးဖုန်းဆက်တာ မကိုင်လို့ဘယ်ရမလဲ"

"မကျေနပ်ရင် ရှင်ကိုင်လိုက်ပါလား"

"အရှုံးမ"

ဟုမေတ္တာပို့ကာ ဘာရယ်မဟုတ် ဖုန်းကိုဖွင့်ကာ နားထောင်
လိုက်သည်။

"ဟဲလို"

". . ."

"ဟဲလို. . . ဘယ်သူပါလဲရှင်. . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ပန်းဝတ်လွှာရဲ့ဖုန်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"အခုပြောနေတာ ဘယ်သူလဲ"

"ဒိုးကြယ်လင်းပါ"

"ဒိုးကြယ်လင်း. . . ပန်းဝတ်လွှာဘယ်သွားနေတာလဲ"

"ဘေးမှာရှိပါတယ်"

"ဩရသဆက်နေတယ်လို့ ပြောပေးပါ"

"ဩရသ"

သူမရင်ထဲ မြည်ဟီးသွားရသည်။

"ဟင်. . . ရသ,လား၊ ပေးပေး"

ထိုအခါကျမှ မရွှေစာက အငမ်းမရနှင့် သူမလက်ထဲမှဖုန်းကို ဆွဲလုလိုက်သည်။

"ရသ,လား"

တဒင်္ဂကြားလိုက်ရတဲ့အသံဩရှရှလေးက သူမရဲ့နှလုံးသားကို ဘာဖြစ်လို့ အဲ့ဒီလောက်ထိ တုန်ခါသွားစေရတာလဲ။ သူမကြားဖူးနေသည့်မေဂျာကင်း, ဩရသအမှန်ပဲလား။

ဖုန်းပြောနေတဲ့ပန်းဝတ်လွှာရဲ့ပုံစံက ခါတိုင်းထက်ပို၍ လန်းဆန်းတက်ကြွနေသလိုပင်။

"ဒိုး. . . ရှင်နဲ့ကျွန်မ ရွှေ့ဆက်မယ့်ခရီးစဉ်တွေကို ဖျက်လိုက်ကြစို့"

"ဟဲ့. . . ဘာဆိုင်လို့လဲ"

"ရသ ပြန်ရောက်နေပြီလေ။ ငါ ခုချက်ချင်းပြန်ရောက်မှဖြစ်မယ်။ နို့မဟုတ်ရင် ငါ့အတွက်ပါခဲ့တဲ့လက်ဆောင်ကို ငါရတော့မှာမဟုတ်ဘူးဟ"

"တကတည်း. . ."

"ဆောရီး. . . ဆောရီး၊ ဒီနေ့တော့ ရှင့်ကို အိမ်ပြန်ပို့တော့မယ်"

"အိမ်မပြန်သေးဘူး၊ ရွှေနားလေးမှာ ချပေး၊ ကျွပ်ဝယ်ရောရှိသေးတယ်"

"ဘယ်နားချပ်ရမှာလဲ"

"နယူးယောက်မှာချပ်၊ တို့က နယူးယောက်ကပစ္စည်းပဲကြိုက်တယ်လေ၊ ဟဲဟဲ. . . နယူးယောက်စတိုးကိုပြောတာနော်"

"ဒီနေ့တော့ စိတ်ရှည်လက်ရှည်ပို့ဆောင်ပါတယ်၊ ဟဲဟဲ. . . တို့ကိုလည်း အိမ်မှာ နယူးယောက်ပစ္စည်းက အံပုံလိုက်ကြိုဆိုနေ







www.burmeseclassic.com

www.burmeseclassic.com



တော့မှာ၊ အမှန်အကန်နော်။ အင်,မဟုတ်ဘူး"

"ဒီဘဝင်မနဲ့တော့ ဒုက္ခပဲ"

"ကြွားလို့ရတုန်းလေး ကြွားရတာ. . . သိမ်း သည်းခံပေါ့ကွဲ. . . ရှင်လိုရာကိုရောက်ပြီ၊ ကြွတော့"

"အမယ်လေး. . . တို့ကလည်း တစ်စက္ကန့်တောင် မနေပါဘူးနော်"

ဟုရွှဲ့ရွှဲ့လေး အနိုင်ပိုင်းပြောလိုက်သေးသည်။ သူငယ်ချင်းနှစ်ယောက် တာ့တာပြနှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြသည်။ ထိုစဉ်သူမရဲ့လက်ကိုင်အိတ်လေးမှာ လူတစ်ယောက်နဲ့တိုက်မိပြီး လျှောခနဲပြုတ်ကျသွားသည်။ လက်ကိုင်အိတ်သေးသေးလေးက အမာစားလေးမို့ အရှိန်နဲ့တိုက်မိ၍ လွင့်ထွက်သွားခြင်းဖြစ်သည်။

"ဟွန်း. . . အဆင်မပြေလိုက်တာ။ ပြဿနာတော့စပြီ"

ဟု ပါးစပ်မှ ပွထူပွထူလေးပြောပြီး ကျသွားသောလက်ကိုင်အိတ်ကို လှမ်းကောက်လိုက်သည်တွင် ကျောလယ်လောက်ရှိတဲ့ ပိတုန်းရောင်ကေသာရွှဲရွှဲက ဖွားခနဲ မျက်နှာကိုဖုံးမိုးလာသည်။

သူမက ပိတုန်းရောင်ကေသာများကို သပ်တင်ပြီး ခါးဆန့်လိုက်သည်တွင် မထင်မှတ်ပါဘဲ လူတစ်ယောက်အာမြုတ်နှင့်ကြုံသွားပြီး သူမခေါင်းလေးမှာ ဒရွတ်တိုက်လိုက်ပါသွားရသည်။

"အမယ်လေး. . . အမယ်လေး၊ လုပ်ပါဦး"

"ဆောရီးဗျာ. . . အရမ်းအလျင်လိုနေလို့ပါ၊ ဆောရီး"

လက်စသတ်တော့ သူမဆံနွယ်နှင့် ထိုပုဂ္ဂိုလ်လေးရဲ့အင်္ကျီကြယ်သီးတို့ သံယောဇဉ်ဖြစ်သွားရခြင်းပါ။

ကပိုကရိုဖြစ်ရပ်ကြောင့် သူမ ရှက်လိုက်စမ်းပါဘိ။ ထိုပုဂ္ဂိုလ်လေးက အင်္ကျီလက်ပတ်ကြယ်သီးမှာ ငြိထားသောသူမရဲ့ဆံနွယ်လေးများကို ညင်သာစွာဖြုတ်ပေးလိုက်သည်။ လတ်ဆတ်တဲ့ကိုယ်သင်းရနံ့မွှေးမွှေးကြောင့် မရဲတရဲနှင့် အရဲကိုးစား ထိုပုဂ္ဂိုလ်လေးကိုကြည့်မိလိုက်စဉ်မှာ သူမရဲ့နှလုံးသွေးကြောတွေ ရုန်းရင်းဆန်ခတ်လှုပ်ရှားသွားရသည်။

သူမ တဒင်္ဂတော့ ငေးမောမိသွားသည်ထင်ပါရဲ့။

"ဆောရီးဗျာ၊ တော်တော်နာသွားလားမသိဘူး။ အားနာလိုက်တာ"

အနောက်တိုင်းဝတ်စုံလေးနှင့် အစွမ်းကုန် ဖူးနုပြောင်လက်နေသော သူ့ရုပ်သွင်ရှင်းသန့်သန့်ကို သူမ တကယ်ပဲနှစ်သက်သွားမိခဲ့ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



အသံ၏ကောင်းခြင်း၊ အရုပ်အမောင်း၏ကောင်းခြင်း၊ ကိုယ်လုံးကိုယ်ထည်၏ကောင်းခြင်း အစရှိသော ကောင်းခြင်းများစွာနှင့် ပြီးပြည့်စုံသောအမျိုးသားတစ်ယောက်က သူမရှေ့မှောက်သို့ မထင်မှတ်ဘဲ ကံကြမ္မာက ဘွားခနဲတွန်းပို့ခဲ့ပါပြီ။

သူမဘယ်လိုကြံရမလဲ။ ရရှိလာတဲ့ကံကြမ္မာရဲ့လက်ဆောင်ကို မသိချင်ယောင်ဆောင်ရမှာလား။ ဒါမှမဟုတ် အတင်းဝင်ရောပြီး လိုက်ပူးရမှာလား။

သူမဘာမှမဆုံးဖြတ်နိုင်ခင်မှာပင် သူက သူမကိုအပြုံးကြည်ကြည်လေးတစ်ပွင့်လက်ဆောင်ပေးပြီး လူအုပ်ကြီးကြားထဲ ဖြတ်လျှောက်သွားခဲ့ပါပြီ။

မြင်ကွင်းထဲမှပျောက်ကွယ်သွားသည်ထိ သူ့ခန္ဓာကိုယ်နောက်ကျောကို သူမငေးကြည့်နေဖြစ်သည်မှာ ငူငူကြီးပင်။

သူမစိတ်ထဲ ကြုံးဝါးမိလိုက်သည်။ မနက်ဖြန်တော့ ပန်းဝတ်လွှာကို ဒီအကြောင်း ကြွားကိုကြွားရမယ်ဆိုတာမျိုးပေါ့။

သို့သော် ခက်တာက နာမည်လေး သိလိုက်ရအောင်တောင် ပဲမများပြနိုင်တဲ့ သူမရဲ့ခပ်ရှင်းရှင်းစရိုက်ကြောင့်ပါပဲ။ ပန်းဝတ်လွှာကတော့ သူမကို ရယ်နေဦးမည်။ နာမည်လည်းမသိ၊ ဘယ်ကမှန်း





လည်းမသိဘဲ ကြွားလုံးထုတ်နေရင်လေ။ ပြောလို့မဖြစ်သေးပါဘူးဟူသောအတွေးနှင့်အတူ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်မိပြန်သည်။

သူမ နယူးယောက်စတိုးသို့အရောက်တွင် စောစောကပုဂ္ဂိုလ်လေးက သူမအာရုံထဲမှာ ပျောက်ပျက်သွားခဲ့ပါပြီ။ သူမက သူမလိုချင်သော အိတ်တွေ၊ ဖိနပ်တွေ၊ အသုံးအဆောင်တွေကို စိတ်ကြိုက်ရှာဖွေငေးမောနေမိရင်း ပတ်ဝန်းကျင်ကို မေ့လျော့သွားခဲ့ပြန်ပါပြီ။

မှန်ကောင်တာတစ်လုံးရှေ့သို့အရောက်တွင် တစ်ထီးတစ်နန်း တင့်တယ်ကာ လှပနေတဲ့လက်ကိုင်အိတ်လေးတစ်လုံးက သူမမြင်ကွင်းထဲ ဘွားခနဲပေါ်လာခဲ့ပြန်သည်။

သူမ ထိုအိတ်လေးရှိရာနား တဖြည်းဖြည်းတိုးကပ်သွားပြီး အိတ်ကိုလှမ်းဖြုတ်လိုက်သည့်တွင် တခြားလက်တစ်ဖက်ကလည်း အိတ်ကိုလှမ်းဆွဲနှင့် တိုက်တိုက်ဆိုင်ဆိုင်ဆုံစည်းမိသွားပြန်သည်။

သူမက အရာရာကိုအရှုံးမပေးတတ်သူမို့ အိတ်ကိုအတင်းဆွဲလုပစ်လိုက်သည်။ ထိုလူကလည်း ဆွဲယူဖို့ကြံကာမှ လက်လျှော့လိုက်ပုံမျိုးနှင့် ဟက်ခနဲရယ်လာသည်။

သူမကလည်း ငါနိုင်သွားတယ်ဆိုသောပုံစံမျိုးနှင့် အပြုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် အားပါးတရကြည့်ပစ်လိုက်စဉ်မှာ. . .

"တင်!"

သူမရဲ့ရင်ခုန်သံသွေးကြောတွေ တောင့်ခဲ အေးစက်သွားရသည်။ ထိုလူကတော့ သူမကို လျှို့ဝှက်လှသောအပြုံးနှင့်စိုက်ကြည့်လျက် သူမက ရှက်ရွံ့စိတ်လေးနဲ့ အားတုံ့အားနာဖြစ်သွားရသည်။ တိုက်တိုက်ဆိုင်ဆိုင်။

"ဒီကလိုချင်ရင် ယူပါ။ ကိုယ်က ဘာရယ်မဟုတ်ဘူး။ ကိုယ့်သူငယ်ချင်းကို လက်ဆောင်ပေးမလို့။ ကိုယ့်သူငယ်ချင်းမလေးက လက်ဆောင်မပါရင် ဂျိတ်ကျတတ်တယ်လေ"

"ဘယ်သူက ရှင့်ကိုရှင်းတမ်းထုတ်ခိုင်းနေလို့လဲ"

ဟု စိတ်ထဲမှာပင် ပြောပစ်မိပါသည်။

သို့သော် မျက်ဝန်းလေးကတော့ ပြူးကြောင်ကြောင်လေးနှင့် ထိုလူ့ကို မမြင်ဖူးသူတစ်ယောက်လိုစိုက်ကြည့်နေဆဲ။

သို့ပေမဲ့ အလိုက်မသိသောထိုပုဂ္ဂိုလ်လေးက ဘာစကားမှ ထပ်မဆိုတော့ဘဲ အပြုံးပွင့်လေးနဲ့နှုတ်ဆက်ပြီးမှသာ ကျောခိုင်းသွားပြန်သည်။

"ဟောလူ. . . ရှင့်နာမည်ဘယ်လိုခေါ်သလဲ"





အဲ့ဒီလို စိတ်ထဲမှာသာ အကြိမ်ကြိမ်အော်မေးမိနေပေမယ့် အသံတို့က ပျောက်ဆုံးနေဆဲ။ သူမကိုယ်သူမ အားမလိုအားမရဖြစ်ရလွန်း၍ ခေါင်းကိုသာ နှစ်ချက်ဆင့်ထုချမိပါတော့သည်။ သူမ ဘိုဟိုဒီဒီလျှောက်ရှာကြည့်မိခဲ့သေးပေမယ့် ထိုလူ့ရဲ့အဝတ်စလေး တိုဝင် မတွေ့ခဲ့ရတော့ပါ။

အသည်းနာလှပါသည်။ နှစ်ကြိမ်ဆက်တိုက် ကိုလူချောနဲ့ဆုံဖြစ်တာတောင်. . .

ဒါကို ပန်းဝတ်လွှာသာသိရင် 'နင် သိပ်တုံးတယ် အိုးကြယ်သင်း' ဟု ဝေဖန်ပြောဆိုဦးမှာအမှန်ပင်။

သူမ ဈေးဝယ်ချင်စိတ်လည်း မရှိတော့ပြီမို့ ဘာကိုမှလှည့်ပတ်ကြည့်ရှုမနေတော့ဘဲ လမ်းမှာအဆင်သင့်တွေ့တဲ့ ပန်းသီးနဲ့ သီမွှော်သီးကိုသာ အိတ်အပြည့်ဆွဲထည့်ပြီး ပြန်လာခဲ့ပါ၏။

သူမတစ်ဦးတည်းနေသည့် ဒုတိယထပ်မှ သူမရဲ့အခန်းရှေ့သို့လည်းရောက်ရော စိတ်မပါလက်မပါနှင့် တံခါးကိုဆွဲဖွင့်ကာ အိမ်ထဲဝင်လာခဲ့သည်။

ရေခဲသေတ္တာထဲမှ ရေခဲရေအေးအေးကို တစ်ဘူးလုံးကုန်အောင်သောက်ပြီးမှ ဆိုဖာဆက်တီပေါ် ဘုန်းခနဲပစ်လှဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအာရုံထဲမှာ ထိုလူ့ရဲ့မျက်နှာချောချောက ပျောက်ပျက်မသွား။

"တီး . . . ကလင်လင်"

စားပွဲပေါ်မှဖုန်းက ဆူညံစွာမြည်ဟီးလာ၍ ဖျင်းဖျင်းရိရိနှင့်ပင် ဖုန်းကိုကောက်ကိုင်လိုက်မြန်သည်။

"ဟယ်လို"

"သမီးအသံက ဘယ်လိုဖြစ်နေတာလဲ။ နေမကောင်းဘူးလားသမီး"

"အိုး . . . နေကောင်းပါတယ်မေမေ။ အမြင်ကမြန်လာလို့မောပြီးအိပ်နေလို့ပါ"

"အမယ်လေး . . . ငါ့သမီးရယ်၊ မောရလောက်တဲ့အထိများလျှောက်လည်ရသလား"

"လျှောက်လည်လို့ လူမောတာမဟုတ်ဘူး မေမေလေးရဲ့။ စိတ်မောနေတာ"

"ဘာ . . . စိတ်မောတာဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကြောင့်လဲ၊ ဘာကြောင့်လဲ။ မေမေလာခဲ့ရမလား"





"နာမည်မသိတဲ့လူကြောင့်၊ ခံစားချက်ကြောင့် မေမေလည်းလာစရာမလိုဘူး။ အိမ်မှာ မေမေမရှိလို့မှမဖြစ်တာ"

"အမယ်လေး . . . မေမေ့ဘဝမှာ ငါ့သမီးလေး၊ အိုးကြွယ်ထင်းတလွဲလို့ ဘာမှအရေးမကြီးဘူး"

"အမှန်တော့ သမီးလည်း မေမေ့ကိုလွမ်းတယ်"

သူမက ချွဲလုံးတွေနဲ့ ပေါ်မြမှန်းခြယ်နှလုံးကိုပစ်သွင်းလိုက်မြန်သည်။

"မေမေလည်း ငါ့သမီးလေးကိုသိပ်လွမ်းပါတယ်။ သမီးနေရထိုင်ရတာရော အစစအရာရာအဆင်ပြေရဲ့လား"

"ဟုတ်"

"သွားရေးလာရေးရော"

"မေမေ့ကို အိုးပြောဖူးတယ်မဟုတ်လား။ အိုးရဲ့သူငယ်ချင်းဖန်းဝတ်လွှာဆိုတာလေ"

"အသစ်ရနေတယ်ဆိုတဲ့သူငယ်ချင်းလေးလား"

"ဖန်းဝတ်လွှာကလေ သိပ်တော်တာ။ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပြီးကျောင်းတက်တာ။ လောလောဆယ် အိုး သူနဲ့ကားစီးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလေး မျက်နှာငယ်မှာပေါ့"

"အိုးစိတ်ထဲမှာ အဲ့ဒီလိုမသတ်မှတ်ထားဘူး၊ ပန်းဝတ်လွှာ သဘောကောင်းပါတယ်၊ ဖြူစင်ရိုးသားတယ်၊ အိုးကို အဲ့ဒီလိုမျိုး အထင်သေးသလို တစ်ရတစ်ခါမှမကြည့်ဖူးဘူး"

"ငါ့သမီးလေးကိုကောင်းပေးတဲ့ ပန်းဝတ်လွှာကိုပဲ မေမေ ကျေးဇူးတင်ရမှာပဲ၊ အပေါင်းအသင်းနဲ့ရော အဆင်မှပြေပါ့မလား လို့ မေမေက ပူပန်နေတာ"

"မေမေက အိုးကိုအရမ်းချစ်တာပဲလားဟင်"

"ချစ်တာပေါ့"

"ဘယ်လောက်ထိချစ်သလဲဟင်"

"ပြောမပြနိုင်လောက်အောင်ချစ်တယ်၊ မေမေ့ဘဝ၊ မေ အနာဂတ်၊ မေမေ့ရဲ့စိတ်အားလုံးဟာ ငါ့သမီးလေးပဲမို့ သမီးကော အောင်နေရမယ်နော်"

"ဟုတ်"

"သမီးလေးပင်ပန်းနေတော့မယ်၊ နားရင်နားတော့လေ"

"မေမေ. . . ကျန်းမာရေးကိုဂရုစိုက်နော်၊ မောရော သေးလား"





"အမယ်လေးလေး. . . မေမေက ကျန်းမာပြီးသားပါ၊ ငါ့ သမီးလေးပို့သတဲ့မေတ္တာကြောင့် အိပ်ကောင်းစားကောင်းပဲ"

"အိမ်ကကောင်မလေးတွေနဲ့ရော အဆင်ပြေရဲ့လား"

"ငါ့သမီးလေး ဘာမှမပူနဲ့၊ သမီးသာ အဆင်ပြေအောင်နေ"

"ဒါဆို မေမေရေ. . . တာ့တာ"

"တာ့တာ. . . သမီး"

ဖုန်းလိုင်းမှာ တတူတူမြည်ပြီး ပြတ်ကျသွားခဲ့ပေမယ့် သူမ ဖုန်းခွက်ကို မချမိသေး၊ ရုတ်တရက်ဆိုသလို တရှုပ်ရှုပ်ငိုရင်း ကား ကြီးပေါ် လိုက်ပါသွားရသော အမျိုးသမီးတစ်ယောက်ကို မြင်ယောင် မိလာသည်။

ထိုအမျိုးသမီး ဘယ်ဆီများ ရောက်သွားပြီလဲ၊ ကျန်းကျန်း မာမာနဲ့ အသက်မှကောင်းကောင်းရှင်နေသေးရဲ့လား၊ နောက်တစ် ကြိမ်ရော သူမကိုလာရှာသေးရဲ့လား။

ထိုနေ့မှစ၍ သူမနဲ့ မေမေဒေါ်မြမွန်းခြယ်တို့ ထိုမြို့လေးမှ ခြေရာဖျောက်ပြောင်းရွှေ့ခဲ့သည်မှာ အခုချိန်ထိ။

မည်သူကိုမှ အဆက်အသွယ်မလုပ်ဖြစ်ခဲ့တော့။

သူမ ထိုအမျိုးသမီးကိုတွေ့ချင်နေသေးရဲ့လား။

www.burmeseclassic.com



အကြိမ်ကြိမ်စဉ်းစားကြည့်ခဲ့ဖူးပေမယ့် အဖြေက အချည်းနှီးသာတည်း။ မျက်ရည်ချည်းသာ ပြည့်ဖိုင်လျှံကျတတ်သည်ချည်းသာ။

★★★



## အခန်း ( ၇ )

ဒီနေ့တော့ ထူးထူးခြားခြားပင် မရွှေချော ပန်းဝတ်လွှာက ရောက်ကျ၍နေခဲ့ပါပြီ။ သူမက မစောင့်နိုင်လွန်း၍ ကြုံရာတက္ကစီတစ်စီးနှင့် ကျောင်းသို့လာခဲ့ပါပြီ။

ကျောင်းရောက်တော့လည်း ပန်းဝတ်လွှာက ရှေ့ကနှင့်မနေပါ။ ခါတိုင်းဆို သူမထက် များစွာစောရောက်နေတတ်သူက အခုမှ ထူးထူးဆန်းဆန်း။

သူမက အမြဲတမ်း ပန်းဝတ်လွှာနဲ့ပဲ တစ်တွဲတွဲရှိနေခဲ့သူပို ပန်းဝတ်လွှာ ရောက်မလာသေးသောအချိန်မှာ မပြည့်မစုံ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရာရာနှင့် ကော်ရစ်တာပေါ် ရပ်နေမိသည်။

ထိုစဉ် သူမမြင်ကွင်းထဲသို့ လနတ်သားလေးတစ်ပါးက အ... အဝါအပြည့်နှင့် တိုးဝင်လာရသည်။ သူမရင်ထဲ ဟာခနဲဟင်ခနဲဖြ... သွားရပါ၏။ သူမအံ့ဩသွားရတာလား။ ရင်ခုန်သွားရတာလား... သူမကိုယ်သူမမသိလိုက်ပေမယ့် သူမရဲ့မျက်ဝန်းတွေကတော့ ထို... နတ်သားလေးရဲ့ခြေလှမ်းတို့အောက်မှာ အတုံးအရုံးကျရှုံးကုန်ပါပြီ...

ထိုလနတ်သားလေးကရော သူမကိုမြင်သွားပြီလား။ မြ... သွားခဲ့ပါလျှင်ရော သူမကိုမှတ်မိနေပါဦးမည်လား။ ထိုအချင်းအ... ကို သူမ မခန့်မှန်းနိုင်။ ဘာကြောင့်လဲဆိုတော့ ထိုနတ်သားလေး... မျက်ဝန်းတွေကို အနက်ရောင် မှန်နက်ကြီးတွေက လုံခြုံအောင်... ဘောင်ခတ်ထားသောကြောင့်ပင်။

သန့်လိုက်တာ။ ဝါညှက်စိုပြည်သော အသားရောင်ကြော... လူအများကြားမှာ တင်းခနဲ၊ လင်းခနဲ။ သူမသတိလက်လွတ်... ကြည့်နေခဲ့သည်မှာ ဏ္ဍခြေပျက်သွားခဲ့သည်ထင်။ သူမရှေ့မှဖြ... ကျော်သွားသော ထိုလနတ်သားလေးရဲ့နှုတ်ခမ်းထောင့်စွန်း... အပြုံးရေးရေးလေး စွန်းထင်သွားခဲ့ပါသည်။ သူမ ရှက်လိုက်စ... ဘိ။





"ဟော့! "

"အမယ်လေး"

"ဒီလောက်ထိလန့်သွားရအောင် ရှင့်ရင်ထဲမှာ ဘာတွေတွေး ...နေသလဲ။ မှန်မှန်ပြောစမ်း"

"ကျုပ်က ဘာတွေးရမှာလဲ"

"ရှင်တွေးတာရှင်သိမှာပေါ့။ ကိုယ့်ကိုယ်ကိုညာဖို့တော့ မကြိုး ...စားနဲ့"

"ဒါနဲ့ နေပါဦး။ ရှင်က ဒီနေ့မှ ဘာကြောင့် ထူးထူးဆန်းဆန်း ...နောက်ကျနေရတာလဲ"

"အဲ့ဒါ ရသကြောင့်ပေါ့။ သူ့ကိုစောင့်ရင်း နောက်ကျသွား ...တာ"

"ဘယ်မှာလဲ. . . ရှင့်ရသက။ ရှင့်ဘေးမှာ ခွေးတစ်ကောင်၊ ...ကြောင်တစ်မြီးမှမရှိပါလား"

"အခုလောက်ဆို အဲ့ဒီကြောင်တစ်မြီးက အတန်းထဲရောက် ...နေလောက်ရောပေါ့။ ဘယ့်နှယ်တော်၊ သူ့ကိုလည်းစောင့်နေရသေး။ ...အားမနာပါးမနာ သူများကားကိုလည်း ကျော်တက်သွားသေး။ တွေ့ ...ဦးတာတော့ ရန်ထောင်ပစ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ လှည့်ထွက်သွားသော ပန်းဝတ်လွှာကို သူမသေ အမှတ်တမဲ့ကြည့်မိလိုက်စဉ် သူမမျက်လုံးလေး ပြူးကျယ် ဝိုင်းစင် သွားရတော့သည်။

"ဗုဒ္ဓေါ! ဒါ. . . ဟိုအိတ်လေးပဲ"

မနေ့ကမှ ထိုပုဂ္ဂိုလ်လေးနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဆုံစည်းခေ ခဲ့တဲ့အိတ်ကလေးပဲ။ သူမရင်ထဲ နဝေတိမ်တောင်နှင့် တွေးရကျ သွားသည်။ ပန်းဝတ်လွှာ၏နောက်ကျောလေးနားမှ လိုက်လာခဲ့ တဲ့ သူမရဲ့ခြေလှမ်းတို့က မမှန်ချင့်မှန်ချင်။

"ဟင်! "

ထိုပုဂ္ဂိုလ်လေးရဲ့ကျောကုန်းကို တဘုန်းဘုန်းထုရိုက်နေသော ပန်းဝတ်လွှာရဲ့လက်သီးဆုပ်လေးများကြောင့် သူမ မှင်တက်သွား ပါသည်။ ဒါဆို သူက ညြရသပေါ့။ သူမရင်ထဲမှာ ပျော်ရွှင်သွားတာ လား။ ကြေကွဲထိရှသွားတာလား၊ ခံစားချက်က မရေမရာ။

"ရသ. . . နင်ကို ငါ့သူငယ်ချင်းအသစ်ကျစ်ချွတ်လေးနဲ့ မိတ် ဆက်ပေးရဦးမယ်"

"ဘာလဲ. . . ဖိုးကြယ်လင်းလား"

"ဟင်! နင်သိတယ်"





"မနေ့ကပဲ ဖုန်းပြောပြီးပြီလေ။ နင့်မှတ်ဉာဏ်က အဲ့ဒီလောက် ထဲ နည်းရသလား"

"ဩော် ဒီလိုကိုး။ နင်ခန့်မှန်းကြည့်စမ်း၊ ဝိန်လား၊ ဝလား၊ လား၊ ရှည်လား"

"နင့်သူငယ်ချင်းဆိုမှတော့ နင့်အတိုင်းနေမှာပေါ့။ သွားလေး ခေါ်ခေါ် မျက်လုံးလေးပြူးပြူး၊ ဆံပင်တ နေစားထားတဲ့အရောင်နဲ့"

"အေးပေါ့. . . ပြောထားဦး။ ငါ့သူငယ်ချင်းကိုမြင်မှ ကြိုက် ချင်ပါတယ်လေး၊ ဘာလေးညာလေး လာမဖြစ်နဲ့၊ ပန်းဝတ်လွှာတို့ တ သောရိုးပဲ"

"ညွှန်းလှချည်လား"

"ဖိုးကြယ်လန်း"

ပန်းဝတ်လွှာ အနောက်လှည့်ပြီးခေါ် လိုက်စဉ် သူ့အကြည့်က သူမထံသို့ ဒိုင်းခနဲရောက်ရှိသွားခဲ့ပါတော့သည်။ သူမရင်ခုန်သံတွေ လောင်ဆူလာပါပြီ။ သူ့အကြည့်စူးစူးအောက်မှာ သူမဘယ်လို ည်ငြိမ်မှုမျိုးနဲ့ ရပ်တည်ရမှာပါလဲ။

ပြုံးမယောင်လေးနှင့် ပါးလွှာစိပိနေသော နှုတ်ခမ်းတစ်စုံ ကြောင့် သူမရဲ့ခြေလှမ်းတွေက မှားချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စွဲညို့တဲ့အကြည့်စူးစူးအောက်မှာ သူမရဲ့ရင်ခုန်သံတွေက အတုံးအရုံးကျရှုံးနေရပြီလား။ သူမက တန်ပြန်ပြီးပြုံးလိုက်ရမှာလား။ တည်ငြိမ်စွာဘဲလျှောက်လှမ်းသွားရမှာလား။ သေချာတာကတော့ သူမခြေလှမ်းတွေ မှားနေခဲ့တယ်ဆိုတာပါပဲ။

"ဒါ. . . ငါ့သူငယ်ချင်း ဒိုးကြယ်လင်းလေ။ ဒိုး. . . ငါပြောပြနေတဲ့ ရသလေ။ ဩရသတဲ့"

ထိုအခါမှာတော့ သူကအသိအမှတ်ပြုသည့်ပုံနှင့် ခေါင်းလေးညိတ်ပြလာပြန်ပါသည်။ သူမကလည်း ရင်ခုန်ခြင်းကိုသိမ်းဆည်းရင်း အလှပဆုံးပြုံးပြဖြစ်သွားသည်။

"ဒိုး. . . ဒီမှာတွေ့လား။ ရသက ငါ့အတွက်လက်ဆောင်တဲ့။ နိုင်ငံခြားက ဝယ်လာတာ"

ဟုဆိုကာ ပန်းဝတ်လွှာက ကိုင်ထားသောလက်ကိုင်အိတ်ကို မြှောက်ပြသည်တွင် သူမရော၊ ဩရသပါ အတူတူပြုံးဖြစ်သွားကြသည်။

"ဟဲ့. . . နင်တို့က ဘာပြုံးနေကြတာလဲ"

"ဘာမှမဟုတ်ဘူး"

နှစ်ယောက်လုံး တစ်သံတည်းထွက်မိသွားကြပြန်သည်။





"ဟင်း. . . အတိုင်အဖောက်တော်တော်ညီကြနော်"

ဟု မလိုတမာလေး ပြောလိုက်သေး၏။

"ရသ. . . ငါ ဗိုက်ဆာတယ်"

"နင့်ဗိုက်က တစ်လုံးတည်းရှိလို့သာ တော်တော့တယ်။ နှစ်လုံးသာဆို ငါ့စည်းစိမ်တစ်ဝက်က ပြောင်လောက်ပြီ"

ဩရသရဲ့ထိုသို့နောက်ပြောင်ကျီစယ်မှုလေးက ပန်းဝတ်လွှာနဲ့သူ ဘယ်လောက်ထိရင်းနှီးကြပါကြောင်း ဖော်ပြနေသလိုပင်။

"အံမယ်. . . အခုမှလာပြီး ကပ်စေးမနေနဲ့။ အိမ်မှာတုန်းက နင်ဘာပြောထားသလဲ"

"နင့်ကို ငါ မုန့်ကျွေးမယ်ပဲ ပြောထားတာ. . . ဒီနေ့လို့ပြောထားဘူး"

"အံမယ်. . . အဲ့ဒါ နင်ညစ်ပတ်တာ။ ငါ့ကိုကျတော့ ဟမ်းခုန်းကျန်ထားလို့ ယူခိုင်းရတာမှန်းမသိ။ ကော်ဖီကို ခွက်ထဲထည့်ပေးရတာမှန်းမသိ"

"အဲ့ဒါ နင်ပင်ပန်းသွားလို့လား"

"ခွန်အားဟုတ်ပဲ၊ ခွန်အားစိုက်ထုတ်ရတယ်။ လောကမှာ ဘယ်အရာမှ အလကားမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှင်တောင် စာတတ်လာပြီ၊ ဒါပေမဲ့ အလကားရတဲ့အရာ ရှိပါတယ်။ ဥပမာ နှင်ကိုင်ထားတဲ့လက်ကိုင်အိတ်ပေါ့"

"အဲ့ဒါလည်း အလကားရထားတာမဟုတ်ဘူး"

"ဒါဆို နှင်က ငါ့ဆီကတစ်ဆင့် မြန်ဝယ်ထားတာလား"

ထိုအခါကျမှ ပန်းဝတ်လွှာက ပြုံးဖြီးဖြီးလုပ်လာပြီး...

"အဲ့ဒါဆိုလည်း ကျေပြီဟာ"

"လိပ်မလေး"

မပို့တပိလေးပြောလိုက်တဲ့ ဩရသရဲ့စကားလုံးလေးက သူမ ရင်ထဲက မညီမညာတဲ့သံစဉ်လေးများကို ညှိပေးလိုက်ပါသည်။

ဩရသ နှင်ဟာ ဘယ်လိုနေနေ ချောနိုင်လွန်းပါတယ်။

***



အခန်း ( ၈ )

ဩရသဆိုတဲ့ပုဂ္ဂိုလ်ချောကို မြင်လိုက်ရသောအချိန်မှာတော့ အတန်းဖော်သူငယ်ချင်းတွေပြောတာ လိုနေကြပါသေးလားဟု မြင်တတ်လာသည်။ ဩရသက ရုပ်ပိုင်းဆိုင်ရာမြူစားခြင်းနဲ့ သူမရဲ့စိတ်ကိုစိုးမိုးနေရုံမျှမက စိတ်ပိုင်းဆိုင်ရာမြူစားခြင်းတွေနှင့်ပါ သူမရဲ့ စိတ်၊ သူမရဲ့မာနကိုအနိုင်ယူလာတတ်ပါပြီ။

ဩရသက တစ်ခါတစ်ရံမှာ သူမကို စွဲညို့စွာကြည့်တတ်ပြီး သိပ်လှတာပဲဟုမင် ချီးမွမ်းနေတတ်ခဲ့ပြီ၊ ထိုအခါမျိုးမှာ ပရမ်းပတာ သွေးရှားလာသောရင်ခုန်သံတို့ကို ထိန်းချုပ်မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူတကာတို့က သူမရဲ့အလှကို ဂုဏ်ဆောင်ကြတဲ့အခါမှာ သူမရင်ထဲဘယ်လိုမှမနေပေမယ့် ဩရသရဲ့စွဲညှို့တဲ့အကြည့်လေး တစ်ချက်မှာတော့ ရင်ထဲက သယ်ဇာတတွေက ကျွမ်းထိုးမှောက်ခုံ ကြာလာရင်တော့ ခက်ရချည်ရဲ့။

သို့သော် ထိုအချိန်လေးများကိုပဲ တမ်းတမက်မောနေတတ်တဲ့ သူမရဲ့စိတ်ကိုလည်း သူမက ဘယ်လိုကွန်ထရိုးမျိုးနှင့်မှ ထိန်းချုပ်လို့မရ။ ဒါကြောင်ပင် ဩရသရဲ့အကြည့်တစ်ချက် အငြောတစ်ခွန်းလေးကို ရနိုင်ရန်အတွက် ဩရသ လာလမ်းတစ်လျှောက်ကို သူမ မျှော်နေတတ်ပါပြီ။

ဟော! သူမမျှော်နေခဲ့သောဩရသက ထုံးစံအတိုင်း အမျိုးအဝါတစ်မျိုးကိုပိုင်ဆိုင်ထားပုံမျိုးနှင့် လူအုပ်ကြားထဲ ထီးထီးကြီးပေါ်လွင်နေပါပြီ။ သူမက ဒီအချင်းအရာကိုပဲ နှစ်သက်ခဲ့ရသည်ထင်ပါရဲ့။ လူအုပ်ကြားထဲမှ သူမကိုမြင်ပြီး ပြုံးပြလာမယ့် ဩရသရဲ့အပြုံးတစ်ဖွင့်ကို လန်းဆန်းစွာတွေ့လိုက်ရရင်ပဲ သူမအတွက် ပြီးပြည့်စုံသွားပြီလိုလို။

"ဩရသ"

သူမရဲ့အော်သံကြောင့် ဩရသက သူမကိုလှမ်းကြည့်လာသော နှုတ်ခမ်းလေးကွေးရုံ ပြုံးပြလာသည်။ ထိုအပြုံးကိုပင် သူမက နှစ်သက်နေရတာပါ။

"ဒီနေ့ ပန်းဝတ်လွှာ မပါဘူးလား"

"ဒီနေ့ ဝတ်လွှာ နေမကောင်းဘူး။ ဝတ်လွှာက အဲ့ဒီလိုပဲ ကြောခဏနေမကောင်းဖြစ်တတ်တယ်"

"အြော် . . . ဟုတ်လား"

ပန်းဝတ်လွှာမလာဘူးဆိုတော့ ဒီနေ့ ဒါဆို ဩရသနဲ့ သူမ နှစ်ယောက်တည်း တစ်နေကုန်ရှိနေဖြစ်တော့မှာပေါ့။ သူမရင်ထဲ လှစ်ခနဲပျော်ရွှင်သွားမိသည်။ သူမ တရားရဲ့လား။ သူငယ်ချင်းတစ်ယောက် နေမကောင်းဖြစ်တာကို ပျော်ရွှင်မိတဲ့သူမက သူငယ်ချင်းတဲ့လား။

"ဩရသ . . . နင်ဘာစားပြီးပြီလဲ"

"Breakfast တော့ အိမ်ကသုံးဆောင်ခဲ့ပြီးသားပဲ။ ဘာကိစ္စ"

"ဘာမှမဟုတ်ပါဘူး။ နင်များ တစ်ခုခုစားချင်လေမလားလို့"

"ဘာလဲ . . . နင်ဘာမှမစားဖြစ်သေးဘူးမဟုတ်လား။ သွားလေ . . . ငါအဖော်လိုက်ထိုင်ပေးမယ်"







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျတော့မှ သူမက အလိုက်ကျသွားသောကေရီတစ်ပါး နယ် ကြွေနွေလေးနှင့်ပြုံးလာတော်မူတော့၏။ ဘာကြောင့်မှန်းမသိ။ သူမက ဩရသနှင့် ဆိုင်တစ်ဆိုင်တွင် အတူတူထိုင်ကာ မသေချာ မရေရာအကြောင်းအရာလေးများကို အကျယ်ချဲ့ပြောချင်နေမိ၏။

ဒီလိုအချိန်တိုတိုလေးအတွင်း ဩရသက သူမစိတ်ကို အံ့ဩ ထိအောင် ပိုင်စိုးမင်းမူနေပြီလား။ အံ့ဩစွာသိလိုက်မိစဉ်မှာပဲ သူမ နှလုံးသားက ဩရသရဲ့ခြေတော်ရင်းမှာ ဝပ်ဆင်း၍နေခဲ့ပါပြီ။

"ဩရသ. . . နင်အကြိုက်ဆုံးအစားအစာက ဘာလဲ"

"ဟင့်အင်း၊ မရှိဘူး"

"ဟင်! ဒါဆို တစ်နေ့တစ်နေ့ နင် ဘယ်အရာကို များများစား နေသလဲ"

"ငယ်ကတည်းနဲ့ အခုချိန်ထိ များများနဲ့ နေ့တိုင်း ပုံမှန်စား လာခဲ့တာ ဆန်နဲ့ချက်ထားတဲ့ထမင်းပဲ။ အဲ့ဒါဆို ငါ အဲ့ဒါကိုအကြိုက် ဆုံးပေါ့"

"ဟာ. . . နင်ကလည်း crazy အဖြစ်ဆုံးအစာကိုပြောတာ"

"ဟင့်အင်း၊ မရှိဘူး။ ဘယ်အရာကိုမှ အစွဲအလမ်းမထား တတ်ဘူး"





"ဒါဆို အရောင်တွေထဲမှာရော"

"အစွဲမရှိ"

"ငါကတော့ ပန်းနုရောင်ကို သဘောကျတယ်။ ငါ့ဘဝက တည်း ပန်းနုရောင်နဲ့ စတည်ခဲ့တာကိုး"

"တိုက်တိုက်ဆိုင်ဆိုင်ဘဲ"

"ဟင်! ဘာလဲ"

"ပန်းဝတ်လွှာရဲ့ဘဝကလည်း ပန်းနုရောင်နဲ့ပဲစတာ"

"ပန်းဝတ်လွှာက ပန်းနုရောင်နဲ့ဘယ်လိုပတ်သက်လို့လဲ။ ငါ အခု တိုက်ရိုက်ပတ်သက်နေတာ"

"ဟားဟား. . . နင့်ထက် ပန်းဝတ်လွှာက ပန်းနုရောင်နဲ့ပို တ်သက်တာပေါ့ကွ။ ပန်းဝတ်လွှာရဲ့အမေနာမည်ကိုက ပန်းနု ရောင်ပဲ။ ဒီ့ထက်ပတ်သက်ချင်လို့ရှိဦးမလား"

ထိုအမည်တစ်ခုကြောင့် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရ၏။ မျှန်ကျလုဆဲဆဲအရည်ကြည်တို့ကို မျက်ခွံလေးနဲ့ပုတ်ထုတ်ဖယ်ရှား င်း. . .

"ပန်းဝတ်လွှာဘဝက လှပခဲ့မှာပဲနော်"

"အင်း၊ ဟုတ်ရင်ဟုတ်မှာပေါ့။ သူ့အမေ ဒေါ်ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com



က ပန်းဝတ်လွှာကိုအရမ်းချစ်တာ"

"ငါ့ရဲ့ပန်းနုရောင်ကတော့ ငါနဲ့မိုင်ပေါင်းများစွာမှာပါ။ တွေ့

ရဖို့လည်း မမျှော်လင့်မိသလို ပြန်ဆုံတွေ့ရမှာလည်း ကြောက်

တယ်။ ဒါပေမဲ့လည်း တွေ့လည်းတွေ့ချင်တယ်။ ဟာ. . . ငါဘာ

တွေပြောနေသလဲမသိဘူး။ အခြားအကြောင်းအရာကို ပြောကြ

အောင်"

ဩရသ ရင်ထဲနားလည်လိုက်ပါပြီ။ အိုးကြယ်လင်းရဲ့ရင်ထဲ

မှာ ပန်းနုရောင်နဲ့ပတ်သက်တဲ့ခံစားချက်တွေက ဒဏ်ရာဒဏ်ချက်

သဖွယ် ရှိနေလိမ့်မယ်ဆိုတာကိုပေါ့။ သို့သော် သူက မသိကျိုးကျွ

ပြုပြီး coat ဘူးကိုသာ ဖိမ်ခံသောက်နေမိလိုက်သည်။

"ဩရသ"

သူ့နာမည်ကိုသာခေါ်ပြီး စကားလုံးတွေက ထပ်မထွက်လာ

၍ သူမျက်လွှာလေးမင့်ကာ အိုးကြယ်လင်းကိုကြည့်မိလိုက်စဉ်

ကြည်ရွှင်စွာ သူ့ကိုပြုံးပြနေသော အိုးကြယ်လင်းကြောင့် စိတ်သက်

သာရာ ရသွားရသည်။ သူမသိပ်လှပါတယ်ဆိုတာကို သူ့လက်ခံ

နေပါ၏။

"ငါတို့ ရှော့ပင်းထွက်ရအောင်"





မသွားချင်ဘူးဟုငြင်းချင်ပါသော်လည်း သူဘာကြောင့်ခေါင်း

ညိတ်မိသွားသည်မသိ။ သေချာသည်။ ဒီနေ့တစ်နေ့လုံး သူ, သူမနှင့်

ဲ အတူတူရှိဖြစ်သွားတော့မည်။

သူမက သူ့ကိုနှစ်ပေါင်းများစွာကတည်းက ခင်မင်ခဲ့ကြသူလို

ရင်းရင်းနှီးနှီးဆက်ဆံလာသည်။ တစ်ခါတစ်ရံမှာ သူ့လက်ကိုဆွဲပြီး

သွားလိုက်တာမျိုးတို့၊ တစ်ခုခုဝယ်မယ်ဆိုလျှင် သူ့နဲ့တိုင်ပင်တာမျိုး

တို့၊ သူ့ကိုစွဲညို့စွာကြည့်တတ်လာတာမျိုးတို့ အစရှိသဖြင့်ပြုမူလာ

သည်။

သူမရဲ့ရဲတင်းတဲ့အပြုအမူကြောင့် တစ်ချက်တစ်ချက်မှာ သူ့

ခင် ရင်ထိတ်သွားရသည်။ သို့သော် သူမလေးကိုလည်း အဲ့ဒီလိုပြုမူ

ပေမဲ့လို့ အထင်မသေးဝံ့ပြန်ပါ။ သူ့ကိုသိပ်ခင်မင်၍ဖြစ်နိုင်သည်ဟု

ဲ ရိုးရိုးလေးတွေးဖြစ်ပါသည်။

တစ်ခါတစ်ရံ သူ့အတွေးတွေ မရိုးသားနိုင်လောက်အောင်

ရဲတင်းသောအခါများတွင်လည်း သူ၏ရင်နှစ်မြွှာ ဗလောင်ဆူသွား

အောင် ပရမ်းပတာလှုပ်ရှားသွားရပါ၏။

ထိုအခါမျိုးမှာဆို သူသက်ပြင်းချမိသွားပြန်သည်။ ထိုသက်

ပြင်းက သူ့စိတ်ကိုထိန်းချုပ်လိုက်တာဆိုလည်း မမှားပေ။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာဆိုရင်တော့ ဒိုးကြယ်လင်းဆိုသော မိန်းမလှတစ်ယောက်ရဲ့ တော့ ဒုက္ခပဲဟု ရိုးရိုးလေး တွေးဖြစ်သွားပါတော့သည်။

***



အခန်း ( ၉ )

"ပန်းဝတ်လွှာ. . . နင် မနေ့ကဘာဖြစ်တာလဲ"

"နေမကောင်းဖြစ်တာ"

"နင့်မျက်နှာတွေ တော်တော်ဖျော့သွားတယ်။ သိသိသာသာပဲ"

"ငါက အဲ့ဒီလိုပဲနေမကောင်းဖြစ်နေကျပါ။ မနက်ဖြန်ဆို ငါ့မျက်နှာက အလိုလိုပြန်ပြည့်လာလိမ့်မယ်"

"ငါနဲ့ဩရသ, မနေ့က ရွှေပင်းထွက်ကြသေးတယ်"

"ရသ ပြောသားပဲ။ နင် ပစ္စည်းတွေအများကြီးဝယ်လို့ သူ



www.burmeseclassic.com

www.burmeseclassic.com



တနင့်တပိုးသယ်လိုက်ရတဲ့အကြောင်းလေ"

သူမစိတ်ထဲ မကျေနပ်မှုလေးဖြစ်သွားသည်။ သူမနဲ့သွား သမျှအကြောင်းမှန်သမျှ ပန်းဝတ်လွှာကို တစ်လုံးမကျန်အစီရင်ခံ လောက်တဲ့ထိ ဩရသအပေါ် ပန်းဝတ်လွှာက စိုးမိုးထားတာလား

"ရသက ချွေးထွက်တဲ့အလုပ်မျိုး တစ်ခါမှမလုပ်ဖူးဘူးတ မနေ့က အတော်ပင်ပန်းသွားတယ်ထင်တယ်။ ဆေးသောက်ပြီး အိပ် ပျော်သွားတယ်တဲ့"

သူမစိတ်ထဲမဖြစ်စဖူး ပန်းဝတ်လွှာကိုကြည့်မရချင်ဖြစ်သွား ရသည်။ ချည့်နဲ့နေသောပန်းဝတ်လွှာကို သနားစိတ်၊ တနာစိတ် နည်းနည်းလေးမှမဖြစ်ပေါ်မိတော့။

"ဩရသအပေါ် အရမ်းသည်းတာပဲနော်"

"အရင်က ငါလည်း မကျေမနပ်ဖြစ်ခဲ့ဖူးတယ်။ အဲ့ဒီအိမ် ရောက်ခါစကပေါ့"

"ဟင်! "

သူမ နားမလည်ပါ။

ပန်းဝတ်လွှာရဲ့စကားတွေကိုပေါ့။

"ငါ့ဖေဖေနာမည်နဲ့မေမေနာမည်ကို နင်သိသလား"





"ဟင့်အင်း"

"ဦးဩဘာသနဲ့ ဒေါ်ပန်းနုရောင်တဲ့၊ ဩရသရဲ့အဖေအမေ နာမည်ရော,သိလား"

"ဟင့်အင်း"

"ဦးဩဘာသနဲ့ ဒေါ်ပန်းနုရောင်ပဲ"

"ဟင်! "

သူမအမှန်တကယ်ပင် တုန်လှုပ်ချောက်ချားခြင်းများစွာနဲ့ အံ့ဩသွားရတာပါ။

"နင်သိပ်အံ့ဩသွားတယ်မဟုတ်လား"

ပန်းဝတ်လွှာရဲ့မျက်နှာလှလှမှာ ဘာဖြစ်လို့ဆွေးမြည့်နာကျင် မှုတွေရှိနေရတာလဲ။

"ငါက မွေးစားသမီးလေ၊ သားအရင်းထက်တော့ ဘယ်ဗိုပ့် လဲ။ ဒါပေမဲ့ ငါသိပ်ကျေးဇူးတင်တယ်၊ မေမေ့ကိုလေ။ ငါ့ကိုလည်း သိပ်ချစ်ပေးသလို အရာရာကိုလည်း ဦးစားပေးလို့၊ ငါ့နားထဲမှာ ကြားယောင်နေသေးတယ်။ သမီးလို့ခေါ်လိုက်တဲ့ မေမေရဲ့အသံ လေးကိုပေါ့။ ငါ့ရင်ထဲကဆန္ဒများစွာကို ဒီတစ်ခွန်းတည်းနဲ့ပဲ ဖြည့် ဆည်းပေးခဲ့တာပါ။ အဲ့တုန်းက ငါ့စိတ်ထဲမှာတွေးခဲ့ဖူးတယ်၊ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီး ငါ့ကိုခေါ် သွားရင်ကောင်းမှာပဲလို့၊ ငါဆန္ဒပြည့်ဝသွား ပါတယ်၊ နောက်နှစ်ရက်အကြာမှာပဲ ငါ့ကိုလာခေါ်တယ်၊ အဲ့ တုန်းက ရသက ငါ့ကိုသိပ်နိုင်စားတာသိလား၊ အခုတော့လည်း ရသက ငါ့အပေါ် သိပ်ကောင်းပါတယ်၊ ငါ နင့်ကိုဘာတွေပြော သလဲမသိဘူးနော်၊ အမှန်တကယ်တော့ နင်နဲ့ငါနဲ့ခင်ကြတာ မကြာ သေးဘူးပဲ၊ နင်စိတ်ရှုပ်သွားပြီလား"

"ရပါတယ်"

"နင့်မှာရော အဖေရင်းအမေရင်းတွေရှိမှာပေါ့နော်"

"အင်း. . . ရှိတယ်"

"နာမည်ဘယ်လိုခေါ် သလဲဟင်"

"ငါ့မေမေနာမည်က ဒေါ်မြမှုန်းခြယ်၊ ငါ့ဖေဖေနာမည် တော့ ဦးဖုန်းနိုင်ဆိုတာပဲသိတယ်"

"ဟင်. . . နင့်ဖေဖေက ဘယ်ရောက်သွားလို့လဲ"

"နင်ကလည်း နင့်ဘဝမှန်ကို ပွင့်ပွင့်လင်းလင်းအသိပေး အတွက် ငါလည်း အကျဉ်းပြောမယ်၊ ငါ့ဖေဖေက ထောင်ထဲမှာ သွားခဲ့တာ"

"ဗုဒ္ဓေါ်ရေ!"





"နင်သိပ်အံ့ဩသွားလား၊ မအံ့ဩပါနဲ့၊ ဒီလိုပါပဲဟာ, ဘဝ ဘစ်ခုချင်းမှာ ခက်ခဲခြင်းကိုယ်စီရှိကြပါတယ်"

"ဒါပေမဲ့ ငါ့ထက်သာတာ တစ်ခုက နင့်ကအမေရင်းအဖေ ရင်းရဲ့နာမည်ကိုသိခွင့်ရှိတယ်၊ မြင်ခွင့်ရှိတယ်"

"အင်း. . . အဲ့ဒီလိုပဲဖြစ်ချင်ပါတယ်"

"ငါဆုတောင်းခဲ့ဖူးတယ်၊ အဖေရင်းအမေရင်းကိုတွေ့မြင်ပါ စေလို့၊ ဒါပေမဲ့ ဘုရားရှင်က လှည့်ကွက်တစ်မျိုးနဲ့ ဆောင်ကြဉ်း ပေးခဲ့တယ်၊ အခုတော့ ငါ့ဘဝမှာဘာမှမလိုအပ်တော့ဘူး၊ အဖေ ရယ်အမေရယ်လို့ ရှိလာပြီ၊ သူတို့ကလည်း ငါ့ကိုချစ်ကြပါတယ်၊ သမီးရင်းလေးတမျှပေါ့၊ ငါသာ ကိုယ့်ကိုယ်ကို ဝမ်းပန်းတနည်း တွေးတတ်ဖူးဆိုရင်တော့ ငါ့ဘဝက အခုပြည့်စုံပြီလို့ဆိုရမှာပဲ"

"နင်တို့ဘဝက အေးချမ်းပါတယ်၊ ဘာပဲဖြစ်ဖြစ် နင်က အား ကစရာကောင်းလောက်အောင် ပြည့်စုံပါတယ်၊ ဥပမာပြောရရင် တော့ နင့်ဘဝက နှင်းဆီလိုစံပယ်လိုတင့်တယ်နေတာပေါ့၊ ငါက တော့ ခေါင်ရန်းပန်းတစ်ပွင့်လိုပဲ"

"ဘာ! ခေါင်ရန်းပန်း"

စကားထောက်သလို ပန်းဝတ်လွှာက ပြောလိုက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဗိုးကြယ်လင်းထံမှ မည်သည့်စကားသံမှထွက်ပေါ်မလာတော့ပါ။

***



အခန်း ( ၁၀ )

"ခေါင်ရန်းပန်းဆိုတာ ဘယ်လိုပန်းမျိုးလဲမေမေ"

သမီးရဲ့မေးခွန်းက သူမရင်နှစ်မြွှာကို ပိုင်းခုတ်လိုက်သလို ဆိုင်းပိုင်းအဖြတ်ဖြတ်ထိခိုက်ကြေကွဲမှုဖြစ်စေပါ၏။

"လှသလားဟင်"

ငုံလင့်စွာမေးလာတဲ့သမီးချောရဲ့နားထင်စပ်မှ ဆံနွယ်နုနုကို သတ်ဖဝါးနုနုနှင့်သပ်တင်ပေးလိုက်ပြီး. . .

"အရမ်းလှတဲ့ပန်းပွင့်လေးပေါ့"

"ဘာအရောင်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးမျိုးပေါ့။ အဝါရောင်၊ ပန်းနုဆိုးရောင်၊ အနီရောင်ရဲ့

သိပ်လှတာ"

"ဝတ်လွှာမြင်ဖူးချင်လိုက်တာ။ ဒီလောက်လှတဲ့ပန်းကို ဘာ

ဖြစ်လို့များ ဝတ်လွှာမမြင်ဖူးရတာလဲ"

"အကျည်းတန်တာကိုး"

"လှပါတယ်ဆိုကာမှ အကျည်းတန်တာက ရှိသေးလို့လား"

"နှင်းဆီပန်းနဲ့သဇင်နိုင်က ဘယ်ဟာပိုလှသလဲ"

"အွန်. . . တစ်မျိုးစီပါပဲ။ ဒါပေမဲ့ နှင်းဆီပွင့်ကို ပိုနှစ်သ

တယ်။ ဒါပေမဲ့ သဇင်က တော်ဝင်ပန်းနော်"

"ခေါင်ရန်းပန်းက နှင်းဆီထက်ပိုလှတယ်။ ဆူးလည်းမရှိဘူး

နိုးတဲ့နိုင်မာတယ်။ ပန်းရောင်စိုလဲ့ပြီး ပွင့်ဖတ်လည်းကြီးတယ်။ သူ့

အရွက်တွေဆို. . . တမင်တကာဖန်တီးထားတာပါလို့ဆိုရလော

အောင် စိမ်းစိုလှပနေတာ"

"ဟင်. . . ဒီလောက်လှတဲ့ပန်းကို ဘာကြောင့်အလွယ်တ

မတွေ့နိုင်ရတာလဲ။ ဟဲဟဲ. . . ဝတ်လွှာတောင် ပန်ချင်လာပြီ"

"စာဆိုတွေထဲမှာတော့ ခေါင်ရန်းရဲ့အလှကို ရဲဖန်ရံခါတွေ့

ရပါတယ်။ ဒါပေမဲ့ ကြီးကျယ်ခမ်းနားမှုကိုတော့ ဘယ်သောအခါ





မတွေ့ခဲ့ဖူးဘူး။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်လောက်က လူတစ်

ယောက်ပြောခဲ့ဖူးတယ်။ ခေါင်ရန်းဟာ အရောင်စိုပြီး လှတယ်။

အပင်မြင့်မှပွင့်တယ်။ တစ်နိုင်မှာမှ တစ်ပွင့်တည်းရယ်ဆိုပေမယ့်

ခူးဖို့လည်း မတင့်တယ်၊ ဘုရားလှူလို့လည်း မဖြစ်။ အရှုံးတစ်

ယောက်က လှပါတယ်ဆိုပြီး ကောက်ပန်မိခဲ့ရင်တောင် ကုလို့မရ

တော့ပါဘူးဆိုတဲ့ရာဇဝင်နဲ့။ တကယ်တော့ ခေါင်ရန်းပန်းဟာလည်း

အလှဆုံးသောပန်းပွင့်တွေထဲက ပန်းတစ်ပွင့်ပါပဲတဲ့"

မေမေ့မျက်ဝန်းမှာမြင်နေရတဲ့ဆွေးမြည့်ရိပ်တွေကြောင့် သူမ

ရင်ထဲ ထပ်တူကြေကွဲသွားရသည်။ သို့သော် အလွန်ရိုးအေးသော

မေမေရဲ့အတိတ်ကိုစပ်စုချင်မိ၍. . .

"အဲ့ဒီလို ဘယ်သူပြောခဲ့တာလဲဟင်"

"တစ်ယောက်ယောက်ပေါ့"

သူမခန့်မှန်းမိလိုက်သည်။ မိခင်ရဲ့အတိတ်မှာ နာကြည်းစရာ

တစ်ခုခုတော့ ရှိနေခဲ့မယ်ဆိုတာကိုပေါ့။ မေမေ့မျက်ဝန်းမှာ ကြေကွဲ

ခြင်းတို့ယှက်ဖြာနေပြီး လျှပ်ရောင်အချို့လင်းလက်နေသလားလို့ပါ။

"ဒါနဲ့ သမီးက ခေါင်ရန်းပန်းအကြောင်းကို ရုတ်တရက်ကြီး

မေးလာတော့ ဒီနာမည်ကို သမီးတယ်မှာသိခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လွှာသူငယ်ချင်းပြောပြတာလေ၊ သူက အရမ်းခ... ကောင်းတာ။ ဒါပေမဲ့ သူ့အဖေက ထောင်ထဲမှာသေသွားတာ"

"ဟယ်. . . ဒီသမီး ဘယ်ကပေါက်ကရလေးတွေနဲ့ ပေါင်း... တာလဲ"

"ဟာ၊မေမေကလည်း၊ သူက ပေါက်ကရမဟုတ်ပါဘူး။ ... တယ်၊ အရမ်းချောတာ။ သဘောလည်းကောင်းတယ်။ ဝတ်လွှာ... လည်း ခင်တယ်။ သူက နယ်ကလေ။ ရှမ်းပြည်နယ်ဘက်က ဆို... ပဲ။ (. . . .)လမ်းထဲမှာ တိုက်ခန်းတစ်ခန်းဝယ်ပြီး တစ်ယော... တည်းနေတာ"

"အယ်. . အဲ့ဒီလို အသက်ငယ်ငယ်လေးနဲ့တစ်ယောက်တည်း... နေတာ မေမေဖြင့်သဘောမကျပေါင်၊ မိန်းမကောင်းရော ဟု... ရဲ့လား"

"ဟာ! မေမေကလည်း အကောင်းလေးပါ၊ တကယ်. . . ... နဲ့တောင်ခင်သေး"

"ဘုရားရေ! ရသနဲ့တောင်သိသေးတယ်"

"ဟုတ်တယ်မေမေရဲ့။ ရသရယ်၊ ဝတ်လွှာရယ်၊ အိုးရယ်... သူငယ်ချင်းတွေ"





"အိုး. . . ဟုတ်လား၊ ရှမ်းမလေးလား"

"ဟုတ်မှာပေါ့၊ အသားလေးက ဖွေးဥနေတဲ့ဟာကို။ ဝတ်လွှာလည်း အိုးလိုလှချင်လိုက်တာ၊ အိုးက သိပ်လှတာ။ ကိုယ်ခန္ဓာအချိုးအဆစ်ကို ကျစ်ကျစ်သွယ်သွယ်သွယ်လေးနဲ့ ရှည်မျှောမျှောလေး၊ လက်ကလေးတွေဆို မေမေ့အတိုင်းပဲ ဖောင်းကားပြည့်တင်းနေတာ။ အိုးကိုအားအကျမိဆုံးက အိုးခန္ဓာကိုယ်က အဆီလုံးဝမရှိတာကိုပဲ။ မဖြစ်ပါဘူး. . . ဝတ်လွှာလည်း အိုးလိုလှအောင် Body Beauty လေးဘာလေး ကစားဦးမှပဲ"

"အမယ်လေး. . . အမယ်လေး မလုပ်လိုက်ပါနဲ့တော့၊ ရှင်လေးကို ပိုးမွေးသလိုမွေးလာရတာ။ ဒီလိုဝကစ်ကစ်လေးပဲ တော်ပြီ။ ဒီ့ထက်ထပ်မလှချင်ပါနဲ့။ ကျုပ်တို့စိုးရိမ်ရလွန်းလို့ပါ"

"ဟားဟား. . . မေမေက မယ်ကြီးအိုလေးကျနေတာပဲ၊ တုန်တုန်လေးနဲ့ ဝတ်လွှာကိုပြောလာတယ်"

ဟု သမီးခမျာ ခိုးခိုးခစ်ခစ်ရယ်နေပါတော့သည်။

ဒေါ်ပန်းနုရောင် သမီးလေးကိုသိပ်ချစ်ပါသည်။ ဘဝနှင့်ထပ်တူချစ်ရပါသည်။

★★★



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

"ရသ, ပန်းဝတ်လွှာရော"

"နေမကောင်းဘူး"

"ဟင်! ပန်းဝတ်လွှာက ခဏခဏတိုင်းပဲနေမကောင်းဖြစ်ရသလား"

"တစ်လလောက်တော့ ခြားနေပါသေးတယ်"

"ဘာထူးလို့လဲ"

"အရင်ကပိုဆိုးတာပေါ့။ အခုကောင်းရင် ခဏနေ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လွှာက ရောဂါရှိလို့လား"

"ဆိုပါတော့"

"ဟင်. . . ဘာ. . . ဘာ. .. ရော. . . ဂါ"

"အဲ့လောက်ကြီးလည်း မဟုတ်ပါဘူးဟာ။ ဝတ်လွှာက ရာပါ နှလုံးအားနည်းရောဂါရှိတယ်လေ။ စိတ်ပင်ပန်းခံလို့မရ အမောမခံနိုင်ဘူး"

"ဒါဆို သူ့ကိုဂရုစိုက်ရမှာပေါ့နော်"

"အင်း. . . ဒါကြောင့်လည်း ငါ သူ့ကိုနိုင်စားခဲ့ဖူးတာ တယ်။ မေမေရဲ့ဂရုစိုက်မှုကို ငါက အပြည့်ရချင်တာလေ။ ရယ် တယ်နော်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်သားသမီးအရင်းထက် ဘယ်သူ့ကိုမှမပိုနိုင်ဘူး။ အခုတော့ ငါလက်ခံသွားပါပြီ။ ငါ့ရင်ထဲ အတ္တတွေသိပ်မရှိတော့ဘူး။ မေမေ့ကိုလည်း နားလည်တယ်။ လွှာကိုလည်းသနားတယ်"

"သနားတယ်"

"နင်မသိသေးဘူးထင်တယ်။ ဝတ်လွှာနဲ့ငါက မောင်နှမ တယ်လေ။ ဒါပေမဲ့ ငါက ဝတ်လွှာကို ညီမလို့ဘယ်တုန်းကမှ မှတ်ခဲ့ဖူးဘူး။ မကျေနပ်ခဲ့လို့လည်းပါတယ်။ အရမ်းခင်ကြတဲ့





သို့ပဲ နင့်စိတ်ထဲ ပုံမှန်မြင်ပေါ့"

"ဟယ်! ဘယ်လိုကြီးလဲ"

"နင့်စိတ်ထဲ ရှုပ်သွားပြီမဟုတ်လား။ ဘာမှမရှုပ်နဲ့၊ ရှင်းရှင်း လေးပဲ။ ငါက အမေ့သား, ဝတ်လွှာက အမေ့သမီး။ ဒါပဲ. . .။ ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က ငါတော်တော်ခံစားခဲ့ရဖူးတယ်။ အမှန်တကယ်တော့ နှလုံးရောဂါသည်က ငါဖြစ်ရမှာ။ အမေတစ် ယောက်ပါလို့ လက်ခံထားရာကနေ ဗြုန်းခနဲ သူစိမ်းတစ်ယောက်ပါ သို့သိသွားခဲ့ရတဲ့ခံစားချက်ကို နင်သိသလား"

"ဟင်! "

သူမစိတ်ထဲ ရှုပ်ထွေးသွားရသည်။ ဘာတွေလဲ။ တကယ်ပဲ ဖြရသနဲ့ ပန်းဝတ်လွှာကြားက ရှုပ်ထွေးနေတာလား။ မြင်မြင်ချင်း တော့ သူငယ်ချင်းလိုလို၊ နောက်တော့သိလိုက်ရတာက မောင်နှမ၊ နောက်တော့ ဘဂ်လားမောင်နှမ၊ မွေးစားညီမအနေနဲ့။ အခုတော့ ဖေပါ၊ အမေပါမောင်နှမ။ ဘာတွေလဲ။ ဘာကြီးတွေလဲ။ သူမ င်ထဲမှ ်င် နောက်ကျိစွာရှုပ်ထွေးသွားရပါသည်။

ဝတ်လွှာပြောတဲ့မွေးစားတာပါဆိုတာက အမှန်လား။ ရသရဲ့ မွေးသမီးပါဆိုတာ အမှန်လား။ သူမစိတ်ထဲ ယူဆမရအောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးသွားရသည်။ တွေးမရခြင်းနှင့်အတူ သူမရင်ထဲ သံသယ[...] ဝင်လာပါ၏။ ကေနွှ သူမကို သူတို့နှစ်ယောက်ပေါင်းပြီး အကြောင်[...] ရိုက်ကြပြီဟု တွေးမိသွားလိုက်သည်။ ဒါဆို သူမက အ,တာပေါ့[...] သူမ ခံလိုက်ရတာပေါ့။

ဟု အောင့်သက်သက်တွေးမိလိုက်ပြန်သည်။ ဒီလိုစိတ်မျိုး[...] ဝင်ခဲ့တော့မှပဲ သူမရင်ထဲက အရှုပ်ထုတ်ပုံကြီး တစ်ခန်းရပ်သွား[...] တော့သည်။ သူမဆက်ပြီးစိတ်ကူးပုံဖော်ရမှာက မိသားစုရှင်းတမ်း[...] မဟုတ်ဘဲ ဩရသနဲ့ အိုးကြယ်လင်းဆိုတဲ့ သူမတို့ရဲ့မြှားနတ်မောင်[...] လေးဆီ ချိတက်ဖို့ဆိုတာမျိုးကိုပဲ နှလုံးသွင်းလိုက်မိသည်။

သူမရင်အစုံက ထိတ်ခနဲ ခုန်လှုပ်သွားရသည်။ ဩရသ[...] သူမနှလုံးသားကို အဲဒီလောက်ထိပဲ ပိုင်စိုးသွားပြီလား။ သူမစိတ်[...] ထဲမှာတော့ သူမနဲ့ဩရသက နှစ်ယောက်ထဲ ကမ္ဘာလေးတစ်ခု[...] သာယာချင်မြူးလျက်။ ထိုသို့အချိန်အခါမျိုးများရောက်လာအောင်[...] ဘသားချောကို သူမဘယ်ကိုစည်းရုံးသိမ်းသွင်းရမှာတဲ့လဲ။

သို့သော် သူမကလည်း မခေသူမို့ မာယာပိုက်ကွန်ကို ဖြ[...] ခင်းလိုက်ပါတော့သည်။ အဝေးတစ်နေရာမှ ဆွေးဆွေးလေး[...] နေသောရသရဲ့မျက်နှာရှေ့ကို သူမမျက်နှာကို တည့်တည့်ချိန်[...]





[...]ခ်သည်။ သူမကိုယ်၌လည်း ရင်ဖိုမိသလို၊ ရသလည်း ရင်ခုန်မိမှာ [...]မှန်ပင်။

"ဘာတွေတွေးနေတာလဲ"

"ဘယ်နေ့လေသာပြီး ဘယ်နေ့မိုးရွာမလဲလို့"

"အခုလေတိုက်နေတယ်။ မိုးရွာချင်ရင်တော့ လွယ်ပါတယ်။ [...]င့်စိတ်ကိုပြင်လိုက်ပေါ့"

"မိုးခြိမ်းသံကြားမှ မိုးက ရွာလို့ဖြစ်မှာလေ"

"နင်စောစောက မိုးခြိမ်းသံ မကြားလိုက်ဖူးလား"

"မိုးခြိမ်းတာလား။ တိမ်တိုက်တွေ ရွေ့လျားနေတာလားဆို [...]ာ မသေချာလို့"

"သေချာပါတယ်. မိုးခြိမ်းသံပါ။ မိုးခြိမ်းသံမပါလည်း မိုးက [...]ရွာလို့ရသားနဲ့"

"မိုးခြိမ်းသံပါမှရွာတဲ့မိုးက တင့်တယ်မှာပေါ့"

"မိုးခြိမ်းသံက ပါ,ပါရဲ့နဲ့ မိုးမရွာဖြစ်ခဲ့တာတွေလည်း ရှိတယ် [...]ော်"

"ဒါဆို လေခပ်ကြမ်းကြမ်းတိုက်လိုက်ပေါ့"

"လေမင်းက ပါမစ်မပေးခဲ့ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုတာ လူကဖန်တီးတာလို့ပဲ ယုံကြည်တယ်"

"တစ်ခါတစ်ရံမှာ ကံက လူကိုဖန်တီးသွားတာတွေလည်း ရှိတတ်တာပဲ။ အဲ့ဒီလိုဆိုရင်ရော"

"အဲ့ဒီအချိန်ဆို နင်က မိုးပေါက်လေးအဖြစ် ခုန်ဆင်းခဲ့ပေါ့"

"ဘာပဲဖြစ်ဖြစ် နင် ထီးတစ်လက်တော့ ဝယ်ထားသင့်တယ်"

"ထီးတစ်လက်က ရင်ထဲမှာ အခိုင်အမာရှိခဲ့ပြီးသားပါ။ အဲ့ဒီ ထီးသာမရှိခဲ့ဘူးဆိုရင် အခုချိန်မှာ အိုးကြယ်လင်းအဖြစ် ကမ္ဘာမြေ ပေါ်မှာ ရပ်တည်နိုင်မှာမဟုတ်တော့ဘူး"

"ငါ နင့်ကိုသဘောကျတယ် အိုးကြယ်လင်း။ ဒါကြောင့်လည်း အချိန်တိုတိုအတွင်း ဒီလောက်ရင်းနှီးခင်မင်ခဲ့တာထင်တယ်။ နင်က နိုင်မာတယ်၊ ပြတ်သားတယ်၊ ရဲရင့်တယ်။ အရှိကိုအရှိတိုင်းပဲ ဟန် မဆောင်တတ်ဘူး။ ရိုးရှင်းတယ်။ ပြီးတော့ နင်က ကျန်းမာတယ်။ အဲ့ဒါတွေ နင့်ကိုသဘောကျတာ။ ပြီးတော့ နင်က လှတယ်"

အဖျားခတ်ပြီး တိုးလျှသွားသော ဩရသရဲ့အသံတုန်တုန် လေက သူမရင်ကို သံစဉ်များစွာ။ ဩရသရဲ့ အသံလေးက တိုးတိုး လေးရယ်ဆိုပေမယ့် သူမရင်ထဲ ဆူညံစွာပြေးဝင်သွားခဲ့တာပါ။

ဩရသ၊ ရှင်ဟန်မဆောင်ဘဲ ပွင့်ပွင့်လင်းလင်းသာ တိုးဝင်





တိုက်ပါတော့လား။ ရင်မောရလွန်းလို့ပါ။

ဒေင်ဥယျာဉ်ကြီးထဲ ဝင်ကြည့်လိုက်ပါဦး။ ခမ်းနားကြီးကျယ် ခဲ့ သာယာနာပျော်မှုတင်မက ဝေရဲ့အလှတရားကိုပါ မြင်တတ် သာမှာလေ။ ဘာကြောင့် ဖွဲ့ကပင်တောင်ကိုမှ ခရာခဲဆစ်တက်ချင် တာလဲ။

နင့်မျက်ဝန်းထဲမှာ ငါမြင်နေရပြီ။ ငါထင်တာ မမှားဘူးဆိုရင် င့်နှလုံးသားထဲကို အာဒံရဲ့ဝိညာဉ်တွေ ကိန်းအောင်းနေပြီ။

နင်သတိထားတော့။ ပန်းသီးတွေအလုံးအရင်းနဲ့ နင့်ရင်ထဲ ာ အစိုင်အခဲကို ငါဖြိုတော့မယ်။

နင်လှလှပပကြီး ဝေရဲ့ခြေဖျားအောက် ဝပ်ဆင်းသွားချိန် မှာ. . .

မမေ့ပါနဲ့. . . ကမ်းပေးလာမယ့် အိုးကြယ်လင်းရဲ့လက်တစ် တ်ကိုပေါ့။

★★★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

"ရှသက ငါ့ကိုပြောတယ်၊ သူ နင့်ကိုချစ်နေပြီထင်တယ်တဲ့"

ပျော့ရွှင်သွားရပေမယ့် ဒေါ်သလေး စွက်သွားမိသည်။ အမှန်အကယ်တော့ သူမကိုချစ်သွားမိခဲ့တယ်ဆိုရင်တောင် သူမက ပထမဆုံးသိသင့်သူလေ။ ပန်းဝတ်လွှာဆီကတစ်ဆင့် သိရတယ်ဆိုတော့ သူမရင်ထဲ အောင့်သက်သက်နှင့်။

သူမစိတ်ထဲ ပျစ်ပျစ်နှစ်နှစ်တွေးပစ်မိသည်က ပန်းဝတ်လွှာကိုကျော်ပြီး သူမကိုမချစ်ဝံ့ဘူးလားဟုဖြစ်သည်။

"အဲ့တော့- ငါကဘာလုပ်ရမှာလဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင်လည်း ရသကိုစိတ်ဝင်စားနေတယ်မဟုတ်လား"

"စွပ်စွဲလိုက်တာဆို ငါငြင်းတယ်။ နောက်လိုက်တာဆိုလည်း ငါမခံချင်ဘူး။ ရသကရော ဘာမို့လဲ"

"ရသက ငါနဲ့မောင်နှမတော်တယ်လေ၊ ပြီးတော့ မေတ္တာ ကင်း"

"အဲဒါကို ငါက ဘာလုပ်ရမှာလဲ"

"အဲဒါဆိုလည်း ပြီးတာပဲ။ ငါကလည်း ငါ့ရဲ့မောင်ကို အဲဒီလို ကြီးပြောတာ မကြိုက်ပါဘူး။ ရသက နင်ထင်သလို ဘာမှမဟုတ်တဲ့လူမဟုတ်ဘူး"

"ဆောရီး, ပန်းဝတ်လွှာ။ ငါ့စကားက အဲဒီထိ သက်ရောက်သွားတာလား။ အဲ့လိုမရည်ရွယ်ခဲ့ပါဘူး။ နင်သုံးလိုက်တဲ့အသုံးအနှုန်းကိုပဲ ငါမနှစ်မြို့သွားတာပါ"

"ငါ့အသုံးအနှုန်း"

"ငါတို့က မြန်မာပြည်က မိန်းကလေးတွေပါ။ ခံစားချက်မှန်ကို အတတ်နိုင်ဆုံး လုံခြုံအောင် ဖုံးဖိတတ်ကြတယ်။ အဲဒါ သိက္ခာပဲ အကယ်၍ ဆန္ဒမှန်ကို ဖွင့်ဟဝန်ခံချင်ခဲ့တယ်ဆိုရင်တောင် သွယ်ဝိုက်လေ့ရှိတယ်။ ဘယ်တော့မှ ဒဲ့ရင်မဆိုင်ဘူး။ အဲဒါက မာနပဲ





ဒါက မာနရှိသော သိက္ခာရှိသူပဲဖြစ်ချင်တယ်။ ငါ့ရဲ့ရင်ထဲမှာ ပစ်လက်ခတ်ကြိုက်နေခဲ့ရင်တောင် ငါ့နှုတ်က ဘယ်တော့မှ ဖွင့်ဟဝန်ခံမှာမဟုတ်ဘူး။ ချစ်ခြင်းမေတ္တာမှာ စည်းကမ်းရှိတယ်။ ယောကျ်ားလေးဘက်က စစ်မကြေညာသေးသ၍ မိန်းကလေးဘက်က မချီတက်သင့်ဘူး"

"အချို့အချို့နေရာတွေမှာ ပွင့်လင်းခြင်းက ပိုအကျိုးသက်ရောက်မှုမရှိဘူးလား"

"အခြေအနေနဲ့ အချိန်အခါအရပဲ သင့်တော်ပါတယ်။ ငါတောင်ပုံမှာ ပွင့်တဲ့ပန်းဆိုရင်တောင် ပန်းကောင်းတစ်ပွင့်ပဲဖြစ်ချင်တယ်။ ချစ်ခြင်းမေတ္တာဆိုတဲ့အရာမှာတော့ ရဲတင်းတာ မသင့်တော်ဘူးထင်တယ်"

"ငါ့မောင်က လူကောင်းတစ်ယောက်ပါပဲဆိုတာ ထုတ်ဖော်ဖို့ မလိုအပ်တော့ဘူးထင်တယ်"

"ငါသိပါတယ်. . . အထူးသဖြင့် နင့်ကိုသိပ်တွယ်တာတဲ့လူအဖြစ်ပေါ့"

"ငါက ရောဂါသည်မို့ သူသနားနေတာပါ။ ငါသိတယ် သူ့အကြောင်း၊ ငါနဲ့ (၁၀)နှစ်ကျော်လုံးလုံး တစ်အိမ်တည်းအတူနေလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတဲ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေပဲ။ လူအားလုံးထက် သူ့အကြောင်း ငါပိုသိတယ်"

ဩရသအပေါ် ပိုင်စိုးလွန်းတဲ့ ပန်းဝတ်လွှာရဲ့ စွပ်စွဲချက်တွေကြောင့် သူမ မမုန်းရဖူး၊ ပန်းဝတ်လွှာကိုမုန်းမိသွားသည်။ သူမရင်ထဲက ဩရသကိုချစ်နေတာမှန်ပါသည်။ သို့သော် ဘာကြောင့် ပန်းဝတ်လွှာရှေ့မှာ ဝန်မခံချင်ရတာလဲ။

ဩရသရှေ့မှာ သူမရဲ့ခံစားချက်အမှန်ကို ဝန်ခံရဲကောင်း ဝန်ခံရလိမ့်မည်။ သို့သော် ပန်းဝတ်လွှာကိုမှ စကားနာထိုးချင်မိသည့်နှုတ်ခမ်းတစ်လွှာကို ထိန်းချုပ်မရ။ သူမကိုယ်သူမအံ့ဩသွားမိသည်။ သူမ ပန်းဝတ်လွှာအပေါ် ဘာတွေမကျေမနပ်ဖြစ်မိနေပါလိမ့်။

❦

အမှန်တကယ်တော့ ပန်းဝတ်လွှာက နှုတ်ခမ်းလေးတွေ ဖြူလျော့ပြီး အားနည်းနေတဲ့ရောဂါသည်။ ယိုင်နဲ့နေတဲ့လူကိုမှ ချောက်ထဲတွန်းချချင်နေတာ သူမ တရားပါရဲ့လား။ ကိုယ့်ကိုယ်ကိုသတိတရားနှင့် အသိသွင်းလိုက်သည်။

"ဆောရီး၊ ပန်းဝတ်လွှာ။ ငါ နင့်ကိုဘာတွေပြောမိမှန်းမသိဘူး။ နင်နေကောင်းရဲ့လား။ နင့်မျက်နှာက သွေးမရှိသလိုပဲ"





"ကျေးဇူးပါပဲ။ ငါ့ကိုဂရုစိုက်မေးပေးတဲ့အတွက်"

"နင်က လူလေးသာ ဝတာ၊ ရောဂါလေးတော့ ထူသားနော်"

"မေမေက တမင်တကာကို ငါ့ကိုဝလာအောင် မွေးမြူထားတာတဲ့။ ငါပိန်လို့မဖြစ်ဖူးတဲ့"

"ရသလည်း ဒီမေမေအကြောင်း ခဏခဏပြောတယ်။ နင်တို့မေမေက ချောလားဟင်"

"အင်း. . . အရမ်းကျက်သရေရှိတာ။ အသက် (၄၀)ကျော်အရွယ်တွေထဲမှာ ငါတို့မေမေက အလှဆုံးလို့ပဲ။ လက်တလေးတွေဆို ဖောင်းကားပြည့်တင်းနေတာ. . . နင့်လိုပဲ။ နှုတ်ခမ်းလေးရော နှာခေါင်းလေးရော နင်နဲ့တူတယ်။ နင်လှရင် ငါ့မေမေလည်းလှတာပေါ့"

"ဗုဒ္ဓေါရေ! မယုံနိုင်စရာပါလားနော်"

"ဟုတ်တယ်, အတည်ပြောတာ။ ငါတောင် မေမေ့ကိုပြောသေးတယ်၊ အိုးက မေမေနဲ့သိပ်တူတာပါလို့"

"ဟယ်, ငါ နင့်မေမေကိုတွေ့ဖူးချင်လိုက်တာ။ ငါနဲ့တူတယ်ဆိုတော့"

"နင်မယုံဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်ဟယ်။ ယုံလို့တွေ့ဖူးချင်နေတာပေါ့"

"ဒါဆို ဒီနေ့ ငါတို့အိမ်လိုက်ခဲ့ပါလား။ နင်ငါတို့အိမ်မရောက်ဖူးဘူးလေ"

"ဒီနေ့လား"

"အင်း"

"ဒီနေ့ဆိုရင်တော့ မအားသေးဘူး၊ ငါ့မေမေကို တားစိတ်ဈေးသွားကြို့ရဦးမှာ"

"ဟာ. . . ဒါဆို ငါလည်း နင့်မေမေကိုတွေ့ဖူးတော့မှာပေါ့"

"ငါ့မေမေက အရမ်းချောတာနော်။ ခေတ်မီတယ်"

"အံမယ်. . . ငါ့မေမေလည်းချောပါတယ်"

"ငါ့မေမေက ငါနဲ့ညီအစ်မလို့ထင်ရတယ်သိလား"

"အင်းပါ. . . အင်းပါ။ ရွှမ်းပြည်နယ်က လက်ဆောင်ပါရင်သာ ငါ့ကိုပေးဖို့မမေ့နဲ့"

"ဒီကြားထဲ ငါတို့တွေ့ဖြစ်ဦးမှာမဟုတ်ဘူးလေ"

"ဟုတ်သားပဲ၊ ဪ! ငါ့အိမ်လိပ်စာ နင်သိနေတာပဲ။ အေတနာရှိရင် အိမ်လာပို့ပေါ့"

"တော်တော်တရားတဲ့ သူငယ်ချင်း၊ တက္ကစီခလည်း ကုန်မယ်၊ လက်ဆောင်ကိုလည်း အိမ်တိုင်ရာရောက်"

"ရသနဲ့လည်းတွေ့ရအောင်လို့ တစ်ခါတည်း ခွင်ရိုက်ပေးလိုက်တာလေ၊ ဟဲဟဲ. . ."

"အရှူးမ. . . ရုပ်တည်ကြီးနဲ့နောက်တတ်တယ်"

ဒီနောက်မှာတော့ သူငယ်ချင်းနှစ်ယောက်ရဲ့ ရယ်သံနိုးနိုးခစ်ခစ်က ထပ်မံပြီးပျံ့လွင့်လာသည်။

အခုကျတော့လည်း ဘာမှစကား အတိုက်အခံမဖြစ်ထားကြသလို စင်းလုံးချောပင်၊ သေချာသည်၊ သူမတို့နှစ်ယောက်က သိပ်ခင်ကြမည်။ ပြီးတော့ ရင်ထဲမှာ အချင်းချင်းပြိုင်ဆိုင်နေကြသည်။

ထိုပြိုင်ပွဲမှာ ဩရသကရော အမှတ်ပေးဒိုင်လူကြီးလား၊ ခရာမှုတ်သူလား၊ ကြီးကြပ်ရေးမှူးလား။ ပုန်းတိုင်လားဆိုတာတော့ ဒီအချိန်မှာ ဝေခွဲမရသေး။

သို့သော် ဩရသလည်းပဲ ထိုပြိုင်ပွဲရဲ့အဓိကလူတစ်ယောက်ဖြစ်လိမ့်မယ်ဆိုတာတော့ လုံးဝသေချာလှသည်။

✱ ✱ ✱







www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

# အခန်း ( ၁၃ )

ခြံဝင်းအပြင်ဘက်ဆီမှ သည်းစွာထွက်ပေါ်လာတဲ့အချက်ပေး ခေါင်းလောင်းသံကြောင့် ပေါ်ပန်းနုရောင် ခြံဝင်းထဲလှည့်လည်စစ် ဆေးနေရာမှ ခေါင်းမတ်၍ အဝင်ဝဆီမျှော်ကြည့်လိုက်သည်။

မိန်းကလေးတစ်ယောက်ရဲ့အရိပ်အယောင်ကြောင့် . .

"ဝိန်သေး . . ခြံဝမှာ ဘယ်သူလဲ၊ သွားကြည့်လိုက်စမ်း"

"ဟုတ်"

ဟုတ်တစ်လုံးသာ အချိန်ပြည့်အပိုင်သိမ်းထားသော သေး သေးဝိန်ဝိန်ချပ်ချပ်နှင့် ဝိန်သေးဆိုသောမိန်းကလေးက သုတ်သီး



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပျာနှင့်ခြံတံခါးမဘက် ပြေးထွက်သွားသည်။ ပိန်သေးထွက်သွားတော့မှ ဒေါ်ပန်းနုရောင်က စိုပြည်လှပနေသော နှင်းဆီပွင့်ကို လှမ်းကိုင်လိုက်သည်တွင် . . .

"အမယ်လေး"

လက်ညှိုးထိပ်မှ သွေးစလေးတွေ နီရဲစို့တက်လာတာကြောင့် နာကျင်သွားရပါသည်။

ထိုအချိန်မှာ ပိန်သေးက သူမနားပြန်ရောက်လာပြန်ပါပြီ။

"မေမေကြီး . . . မမလေးရဲ့သူငယ်ချင်းတဲ့"

"ဩော်! အင်းအင်း . . . အိမ်ထဲကိုခေါ်ပြီး ညှော်ခံထားလိုက်ပါကွယ်။ သမီး မကြာခင် အပြင်ကပြန်ရောက်မယ်လို့"

BURMESE CLASSIC

"ဟုတ်"

ဟုတ်ဆိုသောအသံတစ်ခုကို အဝေးမှခပ်လွင့်လွင့်ကြားလိုက်ရခြင်းနှင့်အတူ သေးသေးပိန့်ပိန်နှင့်ပါးချပ်ချပ်မိန်းကလေးက တံခါးလာဖွင့်ပေးပါသည်။

သူမရင်ထဲ မကျေမချမ်းဖြစ်သွားရသည်။ ဒီလိုရှုပကာနဲ့ သူတို့အိမ်ကို အနုအကြမ်းစီးမှာမို့လား။ ကဲလွန်းပါတယ်ဟု စိတ်ထဲ၌ အချဉ်ပေါက်စွာတွေးလိုက်မိပေမယ့်လည်း တံခါးဖွင့်ပြီးသည်နှင့်





တစ်ပြိုင်နက် အိမ်ထဲသို့ခြေလှမ်းလှမ်းလိုက်တာနှင့် အရှိန်အဝါတစ်မျိုး က သူမခန္ဓာသေးသေးလေးကို အုပ်မိုးလွှမ်းခြုံသွားသယောင်။

ရှည်မျောတဲ့ကွန်ကရစ်လမ်းလေးအတိုင်း ရောင်စုံဖူးပွင့်နေကြသော သစ်ပင်ပန်းမန်များ။

အို . . . လှလိုက်တာ။

ကြည့်ပါဦး . . . အိမ်ကြီးကလည်း ခမ်းနားသန့်ရှင်းနေတာပဲ။

အို! ဂိုဒေါင်ထဲမှာလည်း ကားအကောင်းစားသုံးစီးပါလား။

ဒါ . . . ပန်းဝတ်လွှာတို့ပိုင်တာပေါ့နော်။ ချမ်းသာလိုက်တာ။ တစ်စီးကိုတော့ ဩရသစီးတာ မြင်ဖူးနေကျပါ။ သို့သော် ပန်းဝတ်လွှာစီးနေကျကားတမူ ရှိမနေ။ ဒါဆို ပန်းဝတ်လွှာ အပြင်သွားတာပေါ့။

ပန်းဝတ်လွှာတို့က ချမ်းသာလိုက်တာဟုပင် သူမရင်ထဲ အားငယ်စိတ်လေး ဖြစ်ပေါ်သွားမိသည်။ ပိန်သေးသေးကောင်မလေး၏ နောက်ဆောင်ရာနောက်ကို လိုက်လာခဲ့သည်ဖြစ်ရာ အိမ်ထဲသို့ဝင်လိုက်သည်တွင် သပ်ရပ်ခမ်းနားတဲ့ ညှော်ခန်းကျယ်ကြီးကြောင့် သူမအနေ ကျုံ့သွားရသည်။

လက်ထဲမှာကိုင်ထားဆဲဖြစ်သော ရှမ်းခေါက်ဆွဲပုတ်ခြောက်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ချချင်မိသွားပါ၏။ သပ်ရပ်ထည်ဝါတဲ့ ကျွန်းလှေကားကြီးကို လည်းကောင်း၊ နံရံဆေးပန်းချီအချို့ကိုလည်းကောင်း မှင်တက်စွာ ငေးမောနေမိစဉ် အကြည့်တွေထွေက တစ်နေရာအရောက်မှာ ရှူးခနဲရပ်တန့်သွားရသည်။

မှန်ပါသည်၊ မိသားစုပုံတူပန်းချီရယ်ပါ။ ပျော်ရွှင်စွာရယ်မောပျော်ရွှင်နေကြသော ထိုပန်းချီကားကြောင့် သူမရင်ထဲခံစားသွားရသည်။ သူမလည်း ထိုတဝမျိုးကိုတမ်းတခဲ့ဖူးသည်။

သို့သော် အမျိုးသမီးကြီးကိုတော့ သူမက စူးခနဲကြည့်ဖြစ်သွားသည်။ စူးခနဲကြည့်ဖြစ်သွားခြင်းနှင့်အတူ သူမမျက်ဝန်းထက်၌ အရည်ကြည်ဥတို့ ပြည့်အိုင်သွားရတော့သည်။

"ဒါ. . . ဒါ, သူမအမေပေါ့"

နေထိုင်မှုကောင်းပါရဲ့လားဟု သူမစိတ်ပူဖူးခဲ့သော အမေပေါ့။ တစ်ခဏလေးတွေ့လိုက်ရတာဆိုပေမယ့် သူမအမေကို အယ်အချိန်ပဲဖြစ်ဖြစ် မှတ်မိပါတယ်။ ငိုနေခဲ့တဲ့အမေ့မျက်ဝန်းတွေကိုဘယ်တုန်းကမှမမေ့နိုင်ခဲ့ဘူး။

ခွင့်လွှတ်ပါမေမေရယ်. . .

အိုးလေ. . . မေမေမြေမှုန်းခြယ်ကိုလည်းချစ်တယ်။





ပန်းချီကားရှေ့မှာ မှင်တက်စွာ ရပ်နေသောသမီးရဲ့သူငယ်ချင်းဆိုသူလေးကို သူမနောက်ကျောလေးမြင်ရရုံနဲ့တင် ငေးကြည့်နေမြစ်သည်။

ကျစ်လျစ် သွယ်လျပြီး အဆီအဖုမရှိတဲ့ ခန္ဓာကိုယ်လှလှကြောင့် သမီးက အားကျနေသည်ထင်ပါရဲ့၊ သမီးအားကျရင်လည်း အလျှောက်ပါပေတယ်။

ကောင်မလေးက သွယ်သွယ်လေးကိုး။

ပိတုန်းရောင်တောသာနွယ်လေးတွေကလည်း စို့ရွှဲပြောင်သက်နေကာ လှုပ်လီးလှုပ်လဲ့လေးနှင့် လှပနေပါ၏။

"ဒီအိမ်ကိုလာတဲ့လူတိုင်း ဒီပန်းချီကိုငေးကြည့်နေကျပဲ။ သိပ်အသက်ဝင်တာတဲ့"

အသံချိုချိုတစ်ခုကြောင့် လှည့်ကြည့်ချင်နေတာလား၊ စိတ်ကိုထိန်းချုပ်နေတာလားမသိ၊ အသက်မဲ့စွာ ရပ်နေဆဲပင်။

"ထိုင်ပါဦးလားသမီး"

ထိုအသံကြောင့် သူမရင်ထဲ နာကြည်းမှုများစွာ ခံစားလိုက်ရသည်။ မေမေ့သမီးလေ. . . အိုးလေ၊ မေမေ တကယ်ပဲမမှတ်မိတော့ဘူးလားဟုပြောချင်မိတဲ့စိတ်ကို ထိန်းချုပ်ထားရပါသည်။

www.burmeseclassic.com



သို့သော် သူမမျက်ဝန်းထဲက်မှာတော့ ပုလဲဥကို့ တစ်လုံးပြီး တစ်လုံး ကြွေဆင်းသွားရသည်။ ငါ ဘာတွေစဉ်းစားနေတာလဲ။ မေမေက ငါ့မျက်နှာကိုမှမမြင်ရသေးတာဘဲ။ မြင်သွားခဲ့ရင်တော့ မေမေက ချက်ချင်းမှတ်မိမှာပါဟု ကြုံကြုံဖန်ဖန်တွေးကာ မမြင်ရ တာကြာခဲ့ပြီဖြစ်သောပုံရိပ်လေးကို ငံ့လင့်စွာလှည့်ကြည့်လိုက်ပါ သည်။

ထိုစဉ် ပုလဲဥလေး မြေခသွားတာကိုလည်း သတိမမူမိ။

မျက်နှာမူလာသော ထိုမိန်းကလေးရဲ့မျက်နှာကြောင့် ဒေါ် ပန်းနုရောင်ရင်ထဲ ထိတ်ခနဲဖြစ်သွားရပေမယ့်လည်း အပြုံးနှင့်ဖုံး လွှမ်းပစ်ကာ. . .

"ရင်အေးသွားအောင် လိမ္မော်သီးဖျော်ရည်လေး သောက် လိုက်ပါဦး"

သူမရင်ထဲ နာကျင်အုံခဲသွားရသည်။ နာကျင်ခြင်းနှင့်အတူ ဝမ်းနည်းစိတ်တို့ ဖျို့တက်လာပါတော့သည်။

မေမေရယ်. . . တကယ်ပဲ အိုးကိုမသိတော့တာလား။

"ဒီမိသားစုပုံကိုမြင်လိုက်တော့ မိဘတွေကိုသတိရသွားပြီ ထင်တယ်။ သမီးက နယ်ကဆို. . . ဟုတ်လား"





"ဟုတ်ကဲ့"

တုန်ချည့်ချည့်အသံတစ်ခုကို အတတ်နိုင်ဆုံးထိန်းထားရင်း။

"အန်တီ့သမီးက ဒီသမီးလေးကို သိပ်ခင်တာကွယ့်။ အမြင် သွားမှာတောင် မှာသွားသေးတာ။ သူငယ်ချင်းတစ်ယောက်လာရင် ဆောင်းကောင်းစည့်ခံထားပါတဲ့။ သမီးက ဒီအိမ်မှာတော့ တကယ့် အရာမလေးပဲ။ သမီးကိုနိုင်တာ သားလေးရသပဲရှိတာ။ သားနဲ့ရော သမီးက ခင်ကြတယ်ဆို"

"ဟုတ်ကဲ့"

"သား အပေါ်ထပ်မှာရှိတယ်ကွယ့်။ အန်တီခေါ်ပေးမယ် လေ"

"ရပါတယ်"

သူမ ဒီအချိန်မှာ ဩရသနဲ့လည်း စကားပြောချင်စိတ် မရှိ တော့ပါ။

"ဒါနဲ့ ဒီကသမီးရဲ့မိဘတွေက နယ်မှာ ဘာအလုပ်များလုပ် ကြပါသလဲ"

"ရှင်! "

ဟန်မဆောင်နိုင်လောက်အောင် နာကျင်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေရယ်. . . ဒါ မေမေ့ကို မောင်းထုတ်မိခဲ့တဲ့အိုးရဲ့ အပြစ်တွေပေါ့။ ခွင့်လွှတ်ပါ မေမေရယ်။ အိုးလေ, မေမေမြေမှုန်းခြယ်ထဲ လည်းချစ်တယ်။ သနားခဲ့တယ်။ အိုးမရှိရင် မေမေခြယ်က မွေး လိမ့်မယ်။

"အိုးကိုခွင့်ပြုပါဦးရှင်။ အိုးပြန်ပါရစေ"

"သမီးလေး ပြန်လာတော့မှာလေ"

"ဟုတ်ကဲ့, ဝတ်လွှာကို ဒါလေးသာ ပေးပေးပါ။ အိုးမှာ ထိ လေးရှိသေးလို့ ခွင့်ပြုပါဦးရှင်"

"အင်း. . . အဲ"

ဒေါ်ပန်းနုရောင် အူးအူးအဲအဲဖြစ်နေစဉ်မှာပင် ကောင်မလေးမှာ လက်ထဲအထုပ်လေးကို စားပွဲပေါ် တင်၍ ထွက်သွားခဲ့ပါပြီ။ ဒေါ်ပန်းနုရောင်ရင်ထဲ နားမလည်နိုင်ခြင်းတွေ တန်းစီသွားရသည်။ တားမြစ်ဖို့ သူမကိုကြည့်ပြီး ထိုမိန်းကလေးက မျက်ရည်ကျနေ တာလဲ။ ပြီးတော့ ထိုမိန်းကလေးကို သူမစိတ်ထဲ ဘာကြောင့်ရင်းနှီး နေရတာလဲ။

သူမ ထိုမိန်းကလေးကို ဘယ်မှာမြင်ဖူးခဲ့တာလဲ။ စဉ်းစား၍ မရ။ အထုပ်တစ်ထုပ်ကိုကိုင်ပြီး အတွေးလွန်နေသော မေမေနား





သို့ ဩရသက မြန်းဆိုဝင်ထိုင်ဝင်လိုက်သည်။

"မေမေ ဘာတွေတွေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ စောစောက မိန်းကလေးအနေ ပါ။ မေမေ သူ့ကိုရင်းရင်းနှီးနှီးကြီးသိသလိုပဲ"

"ဘယ်သူလဲ"

"သမီးရဲ့သူငယ်ချင်းတဲ့"

"ဘယ်သူလဲ။ ပြန်သွားတာကြာပြီလား"

"မြဝင်းဝလောက်ပဲရောက်ဦးမယ်။ ဘယ်သူလဲတော့ မသိ ဘူး။ ဒါလေးလာပေးသွားတာ"

"ဟာ. . . ဒါဆို အိုးကြယ်လင်းနေမှာပေါ့။ သားလိုက်သွား ဦးမယ်"

ဟုဆိုကာ ပြေးထွက်သွားသောဩရသရဲ့ ခြေသံကို ဒေါ်ပန်း နုရောင် မကြားနိုင်တော့ပါ။

သူမနားထဲမှ အိုးကြယ်လင်းဆိုတဲ့နာမည်ကပဲ ပဲ့တင်ခတ်နေ ခဲ့။ မျက်ဝန်းထဲမှာလည်း ဂါဝန်အပြာနှင့်ကလေးငယ်က စိုးမိုး သွားရသည်။

ထိုအခါကျမှ မျက်ရည်ဥများက အတားအဆီးမဲ့ ပိုးပိုးပေါက်



www.burmeseclassic.com

www.burmeseclassic.com



မြလာကာ ဘယ်ဘက်ရင်အုံက တလုပ်လုပ်နှင့် မောဟိုက်တွေမော့။ လက်ဖျားလေးများကလည်း ဆောက်တည်ရာမဲ့ ချည့်နဲ့လည်က ခြေအစုံက သူမကိုယ်ကိုသယ်မထားနိုင်တော့။

"အိုး. . . သမီး. . . အိုးကြွယ်လင်း"

"ဟင်. . . မေမေကြီး မေမေကြီး. လုပ်ကြပါဦး၊ အစ်ကိုလေး"

ပိန်သေးရဲ့ အော်သံကလည်း တိုးလျှမျောလွင့်စွာ။

***



အခန်း ( ၁၄ )

ကြြရသကတော့ ခြေလှမ်းသုတ်သုတ်နှင့်အပြေးတစ်ပိုင်း နှင်နေသော အိုးကြွယ်လင်းနောက် မမှီမကမ်းအပြေးလှမ်းလျှက်။

"အိုးကြွယ်လင်း"

ခြေလှမ်းတို့ရပ်ဆိုင်းသွားပေမယ့် နောက်လှည့်ကြည့်မလာပါ။ ဒါ အိုးကြွယ်လင်းရဲ့စရိုက်မဟုတ်၍ သူ့ရင်ထဲ နည်းနည်းတော့ အခံရခက်သွားသည်။

"အိုးကြွယ်လင်း. . . နင်ကလည်း စိမ်းကားလိုက်တာ။ ငါသည်း နင့်သူငယ်ချင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရသ, ငါတစ်ယောက်တည်းနေချင်တယ်"

"ဟင်! နှင့်အသံက ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကောင်းပါတယ်။ ငါသွားတော့မယ်"

ထူးဆန်းနေတဲ့အိုးကြယ်လင်းကြောင့် သူ့ရင်ထဲ ဘဝင်မကျလှပါ။

"နှင် ငါတို့မေမေနဲ့ တစ်ခုခုဖြစ်ခဲ့တာလား"

"ငါသွားတော့မယ်"

"နှင် ငါ့ကိုတစ်ခုခုတော့ပြောသွားဦးလေ။ ဘယ်လိုကြီးလဲ"

"ငါသွားတော့မယ်"

"ပုံစံမကျလိုက်တာ"

သူ့မြည်တမ်းလိုက်ပေမယ့် သုတ်သုတ်လေးထွက်သွားသော အိုးကြယ်လင်းကြောင့် ရင်ထဲ၌ အမှန်တကယ်ပင် မကျေမနပ်ဖြစ်သွားရသည်။ ဒါကြောင့်ပင် အိုးကြယ်လင်းရဲ့လက်ကို မကျေမနပ်နှင့် ဆွဲယမ်းလိုက်တော့သည်။

"အိုးကြယ်လင်း. . . နှင်ဘာဖြစ်"

သူ့စကားပင် မဆုံးလိုက်နိုင်ပါ။ မျက်ရည်တွေ ဖိုးဖိုးပေါက်





ပေါက်နှင့် ဒလဟောသွန်ကျလာတဲ့ အိုးကြယ်လင်းရဲ့ မျက်ဝန်းတွေကြောင့် သူ့ရင်ထဲ နားမလည်ခြင်းများစွာတို့ တိုးဝင်လာပါ၏။

"အိုးကြယ်လင်း"

"ဟင့်အင်း, ဘာမှမမေးနဲ့။ ငိုချင်တာပဲသိတယ်"

သူ့အရှေ့မှာ တသိမ့်သိမ့်ရှိုက်ငိုနေသော အိုးကြယ်လင်းကိုသာ နားမလည်နိုင်ခြင်းများစွာဖြင့် ရင်ခွင်ထဲ ဆွဲပွေ့ထားမိတော့သည်။ ထိုအချိန်မှာ ကားနီနီလေးထဲမှ မျက်ဝန်းစူးစူးတစ်စုံက စိုက်ကြည့်သွားခဲ့မယ်ဆိုလည်း မသိနိုင်ကြတော့။

လမ်းမပေါ်မှာ ဖြစ်မျက်နေလို့ရှိတာ။ ကျက်သရေကိုမရှိဘူး ကောင်မကရော ဘာတွေထွင်နေတာလဲ။ ဒီလိုထွင်လုံးတွေနဲ့ ရသကိုမြူစားရင်တော့ သနားတယ်. . . အိုးကြယ်လင်းရေ ဟု ပင် မာန်မဲထူထဲစွာတွေးမိမိသည်။

ဖူးခနဲကျော့ကျော့လေးမောင်းထွက်သွားသော ကားနီနီလေးကို သတိမထားမိလိုက်ပေမယ့်. . .

"အိုးကြယ်လင်း. . . နှင်ကားစီးမလားဟင်"

"ဟင်! "

"ငါကတော့ မကျေနပ်ရင် ကားများများစီးတယ်။ ကားကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာစီးရင် ခံစားရတာက ပေါ့သွားတယ်"

"တကယ်လား"

"စီးကြည့်လေ၊ စိတ်ပေါ့ပါးပြီး ပျော်လာလိမ့်မယ်"

ထို့ကြောင့်ပင် တွေ့ကရာ တက္ကစီတစ်စီးပေါ် ပြေးတက်သွားသည်။

"ဘယ်ပို့ပေးရမလဲဗျ"

"တားဘီးလိမ့်ရာသာမောင်း"

"ဗျာ! "

အမြဲတမ်း တည်တည်ကြီးသာနေတတ်တဲ့ ဩရသစကားကြောင့် ငိုချင်နေမိတဲ့စိတ်ပင် ပျောက်တွယ်သွားရသည်။ သူ့မသိမ်ပျော်ရွှင်မိပါသည်။ ဩရသနဲ့ ဒီလိုကားအတူတူစီးရတာကိုပေါ့။

"အိုးကြယ်လင်း. . . ငါရယ်စရာပြောပြရမလား"

"ဘယ်လိုမျိုးလဲ"

"ရွာတစ်ရွာမှာပေါ့ကွာ၊ သိပ်အကြွားသန်တဲ့သားအမိနှစ်ယောက်ရှိတယ်တဲ့၊ တစ်နေ့တော့ အမေက သားကိုကြွားလုံးထုတ်ချင်တာနဲ့ လူများတဲ့အခါမှာ သူ့သားကိုလိမ္မာတယ်ဆိုတဲ့အနေနဲ့ ငါ့သားမှာလေ ထမင်းစားရင် ခွေးမများတတ်ဖူးသော့လို့ ပြော





တော့ သားဖြစ်သူကလည်း မြှောက်တောက်တောက်နဲ့ ဘာပြန်ပြောသလဲ သိလား၊ အမေ့ အမန်းကြမ်းနဲ့ထည့်ကျက်ခဲပေး"

"ဟား. . . ဟား. . . ဟား"

"နောက်တော့ အမေဖြစ်သူက ဘာကြွားသေးလဲ သိလား၊ ငါ့သားမှာ သတ္တိသိပ်ကောင်းတာ၊ ကြောက်တဲ့စိတ်သေးသေးမှမရှိဘူးလို့ပြောပြန်တော့ သားဖြစ်သူက ဘာပြန်ပြောပြန်သလဲသိလား၊ အမေ့. ကျွားစီးချင်တာကြီးတဲ့"

"ဟား. . . ဟား. . . ဟား. . . ပေါက်တရတွေ"

"နှင်ပျော်လား"

"နှင်က အဲ့ဒီလိုမျိုးတွေလည်း ပြောတတ်တယ်နော်၊ တကယ်ထင်ရဘူးသိလား"

"အိုးကြယ်လင်း. . . နှင်ရယ်လိုက်ရင် ချစ်စရာကောင်းသွားတယ်"

"ဒါဆို အမြဲတမ်းချစ်စရာကောင်းအောင် အမြဲရယ်နေရတော့မယ်ထင်တယ်"

"ငါ့အရှေ့မှာပဲ ရုံဖန်ရံခါရယ်ပြရင် ရပါပြီ"

"နှင်က သိပ်လောဘနည်းတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"လောဘကြီးလွန်းရင် ခံစားရတတ်တယ်၊ အချို့အချို့တို့ ရပ်တွေက လောဘကင်းတဲ့ ပိုလှိုစိတ်သက်သာပါတယ်"

"ငါ နင့်စကားကိုမှတ်သားထားပါ့မယ်၊ ဟုတ်တယ်၊ ငါ လောဘကြီးလို့မရဘူး၊ တစ်ခုခုကိုပိုင်ဆိုင်ချင်ရင် တစ်ခုခုကိုတော့ စွန့်လွှတ်ရမှာပဲ၊ ဒါပေမဲ့. . . ငါကြောက်တာက တစ်ယောက်ယောက်ရဲ့ရင်ထဲမှာ ငါရှိမနေမှာကိုပဲ"

"မေတ္တာဆိုတာ အလင်းရောင်တစ်ခုလိုပဲ၊ ရောင်ပြန်ဟပ်တဲ့ သဘောရှိတယ်၊ နင့်ရင်ထဲမှာ တစ်ယောက်ယောက်ရှိနေခဲ့ရင် အဲ့ဒီ တစ်ယောက်ယောက်ရဲ့ရင်ထဲမှာလည်း နင်က သေချာပေါက်ရှိနေ ထိမ့်မယ်"

"မရှိဘူးဟ, သေချာတယ်၊ အဲ့ဒီရင်ထဲမှာ ငါမရှိဘူး"

"မဖြစ်နိုင်ဘူး"

"နင်က အထင်နဲ့ပဲပြောတာပါ၊ ငါက လက်တွေ့ရင်ဆိုင်ခဲ့ ရပြီ၊ သေချာတယ်၊ အဲ့ဒီရင်ထဲမှာ ငါမရှိတော့ဘူး၊ ငါ့ကိုလည်း မသိတော့ဘူး၊ နင်မသိပါဘူး၊ ဒါတွေ နင်တို့မခံစားဖူးပါဘူး၊ အမေ ဆိုတာကိုသိနေပါရက်နဲ့ မြင်နေရပါရက်နဲ့ အမေလို့မခေါ်ရဲတဲ့ဒုက္ခ အမေတစ်ယောက်ကို. . . တခြားလူတစ်ယောက်ပါလို့ ပြောရ သောက၊ ဒါကို နင်တို့မသိနိုင်ပါဘူး"

ဝေ့ဝဲလာတဲ့မျက်ရည်စများကို ပုတ်ခတ်လိုက်ပြီး. . .

"(၁၀)နှစ်လောက်ကွဲကွာခဲ့ရတဲ့နင့်အမေကို နင်ရုတ်တရက် ပြန်တွေ့တဲ့အခါ နင်ဘာလုပ်မလဲ ဩရသာ"

"မခေါ်ရတာကြာပြီဖြစ်လို့ အမေလို့အားရပါးရခေါ်ပစ်မှာ ပေါ့"

"ငါ့မှာ အဲ့လိုခေါ်ပိုင်ခွင့်မရှိဘူး၊ အကယ်၍ နင့်အမေက နင့်ကိုမမှတ်မိနေခဲ့ပါဘူးဆိုရင်ရော"

"မဖြစ်နိုင်ဘူး၊ သားသမီးကသာ ငယ်ရွယ်သေးတဲ့မှတ်ဉာဏ် ကြောင့် မမှတ်မိရင်နေရမယ်၊ မိဘနဲ့ သားသမီးပဲ၊ အရေးသမြင့် အမေနဲ့သားသမီး ချက်ချင်းသိကိုသိရမယ်"

"ဟင့်အင်း. . . ဒီကိစ္စတွေကကယ်မရှိပါဘူး"

"အင်း. . . နင်ပြောသလိုပဲ တကယ်ဖြစ်ခဲ့ပြီဆိုကြပါစို့၊ ငါ ခြားဘဝရောက်ချင်သွားလောက်တဲ့ထိ ကြေကွဲခံစားရမှာပဲ"

"ဒါဆို ငါ့ိုမိတာလေးတစ်ခုကတော့ မလွန်ပါဘူးနော်"

"ဟင်! "

အံ့ဩတုန်လှုပ်သွားသူက ဩရသာပဲဖြစ်သွားရတော့သည်၊







www.burmeseclassic.com

www.burmeseclassic.com



"ငါငယ်ငယ်က အမေ့ကိုစိတ်နာခဲ့ဖူးတယ်။ ငါ့ကို မွေးကင်း အရွယ်လေးနဲ့ တစ်ယောက်တည်းပစ်ထားခဲ့လို့။ ဒါပေမဲ့ ငါ အမေ့ကို ချစ်တယ်။ အဲ့ဒါက ပထမအမေပေါ့။ ဒါပေမဲ့ ငါ ဒုတိယအမေကို လည်းချစ်တယ်။ ဒုတိယအမေဟာ ငါ့အမေအရင်းမဟုတ်ပါဘူးဆို တာ သိလိုက်ရတဲ့နေ့ကဆို ငါ အခန်းထောင့်ကွေးတစ်နေရာမှာ တစ်နေကုန်ထိုင်ငိုခဲ့ဖူးတယ်။ ငါ့ကိုလာခေါ်တဲ့ ပထမအမေနောက် ကို ချက်ချင်းလိုက်သွားချင်ခဲ့ဖူးတယ်။ စိတ်နာပေမယ့်လည်း ငိုနေ တဲ့အမေ့ကိုချစ်တယ်။ ဒါပေမဲ့ နာကြည်းတယ်။ ငါ့ကိုတစ်ယောက် တည်းပစ်သွားခဲ့လို့ ပထမအမေနောက်ကို လိုက်သွားခဲ့ဖို့ ကြံစည် တိုင်း အခန်းထောင့်မှာ ကြိတ်ငိုနေတဲ့ဒုတိယအမေကို ပစ်မသွား နိုင်ခဲ့ဘူး။ အမေက ငါ့ကိုသိပ်ချစ်တာ။ ပထမအမေက ငါ့ကိုမွေး ထားနိုင်ခဲ့သူ၊ ဒုတိယအမေက မပစ်ပုံလို့ စောင့်ရှောက်ခဲ့သူ။ ငါ ဒုတိယအမေနဲ့ပဲ နေသင့်တာပေါ့နော်။ ဒုတိယအမေက ငါမရှိရင် အသက်ရှင်နိုင်မှရှင်နိုင်လိမ့်မယ်။ ငါ အမေ့ကို မောင်းထုတ်ခဲ့ဖူး တယ်။ ဒါပေမဲ့ ငါငိုခဲ့ရပါတယ်။ ငါ့ထက်ပိုငိုခဲ့တာက ဒုတိယ အမေပါပဲ။ ငါပါသွားမှာကိုလည်း စိုးရိမ်တယ်။ ငါ့ကိုလည်း ခေါ် သွားအောင် တွန်းပို့တယ်။ ငါ ဒုတိယအမေကိုရွေးချယ်ခဲ့တာ မှား





လားဟင်"

"နင်မှန်ပါတယ်"

"အဲ့ဒီချိန်မှာ နင့်အဖေကရောဟင်"

"အဲ့ဒီချိန်မှာ ငါ့ဖေဖေက ဆုံးသွားပြီတဲ့။ ငါ့မှတ်ဉာဏ်က သိပ်ဆိုးတာသိလား။ အဖေ့မျက်နှာကို လုံးဝမမှတ်မိဘူး။ ငါလည်း သူများလို အဖေဆိုတာမျိုးရှိချင်ခဲ့ဖူးတယ်။ အမေ့ရှေ့မှာ မားမား ခတ်မတ်နဲ့ မိသားစုကိုလုံခြုံစေတဲ့နွေးထွေးမှုမျိုးပေါ့"

"ဘဝတစ်ခုချင်းစီမှာ သောကကိုယ်စီပေါ့။ ငါတို့က ဘဝတူ တွေပဲ။ အားမငယ်ပါနဲ့"

"ဘဝတူ"

"ငါလည်းပဲ နင့်လိုပေါ့။ အမေ့မျက်နှာကိုမှ မမှတ်မိခဲ့တာ။ ဒါပေမဲ့ အခုမေမေကလည်း ငါ့မေမေပါပဲ။ ဖဝါးလက်နှစ်လုံး ဖန်း သက်နှစ်တစ်တည်းက စောင့်ရှောက်ခဲ့တာပဲ"

"ဟင်! "

"ငါ. . . နင့်ကိုနားလည်ပါတယ် အိုးကြယ်လင်း။ (၁၀)နှစ် အာကာလတစ်လျှောက်လုံး အမေပါလို့သတ်မှတ်လာခဲ့ပြီးမှ မဟုတ် ပါဘူးဆိုတာသိလိုက်ရတဲ့ခံစားချက်က, ဆိုးမှန်း ခံစားဖူးသူမှပဲ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်။ မေမေက ရွှေသမီးအရင်းကိုခေါ်ဖို့ဆိုပြီး ထွက်သွားတဲ့နေ့က ငါ့ကို ဆေးရုံတောင် တင်လိုက်ရသေးတယ်။ ငါသိပ်သဘောထားသေးတာပဲနော်။ ငါ လောဘသိပ်ကြီးတယ်။ သူလည်းသမီးရင်းကို ငါ့ထက်ပိုချစ်မှာပေါ့။ ဒါပေမဲ့ ငါခွင့်မလွှတ်နိုင်ခဲ့ဘူး။ ဝတ်လွှာကိုလေ. . . ဝတ်လွှာဟာ မေမေ့သမီးအဖြစ် လောကမှာ မပေါ်ခဲ့ရင် ကောင်းမှာလို့တောင် တွေးခဲ့ဖူးတယ်”

“ဟင်! ”

ဒီတစ်ကြိမ်မှာ အဓိပ္ပာယ်နားမလည်သွားသူက သူမဲ့ဖြစ်သွားတော့သည်။

“ဝတ်လွှာကို အမုန်းနဲ့နိုင်စားခဲ့ဖူးတယ်။ ဒါပေမဲ့ ငါ့ကြောင့်အိပ်ရာထဲလဲနေခဲ့ရတဲ့ဝတ်လွှာရဲ့မျက်နှာကြောင့် ငါ့မှာ အခုချိန်ထိ လောဘမကြီးတတ်တော့ဘူး။ နင်စိတ်ရှုပ်သွားပြီလား”

“တင့်အင်း”

“ဝတ်လွှာ အိမ်ကိုရောက်ခါစကဆို ဂါဝန်ဖြူလေးနဲ့ မျက်နှာဖြူလေးနဲ့သိလား”

“ဟင်! ”

သူမ ပိုအံ့သြသွားရသည်။ ဒါ သူမငယ်ငယ်တုန်းကပုံစံလေး။ သူမငယ်ငယ်ကဆို ဂါဝန်ဖြူလေးတစ်မျိုးတည်းကိုသာ ဒီဇိုင်းအမျိုးမျိုးပြောင်းဝတ်တတ်သူလေ။

လောကကြီးဟာ ဘာတွေဖြစ်ကုန်ပြီလဲ။ ဘယ်နေရာမှာ မှားနေကုန်တာလဲ။

ဩရသပြောတော့ ပန်းဝတ်လွှာက ဒေါ်ပန်းနုရောင်ရဲ့အမီးအရင်းတဲ့။

သူမသိတာက ဒေါ်ပန်းနုရောင်ဟာ သူမအမေ။

ပန်းဝတ်လွှာပြောတာတော့ သူကမွေးစားသမီးတဲ့။

ဩရသဟာ ဒေါ်ပန်းနုရောင်နဲ့ဦးဩဘာသရဲ့သားတဲ့။

ဩရသပြောပြန်တော့လည်း ဒေါ်ပန်းနုရောင်က သူ့အမေအရင်းမဟုတ်ဖူးတဲ့။

ဘာတွေလဲ. . .

ဘာတွေဖြစ်ကုန်ပြီလဲ. . .

ဘာတွေဖြစ်နေကြတာလဲ. . .

သူမ ဘာမှနားမလည်နိုင်တော့။ သူမ ဘယ်သူ့စကားကိုယုံရမှာတဲ့လဲ။ သူမအမေက အဲ့ဒီလောက်တောင် ရှုပ်နေခဲ့သောအမျိုးသမီးကြီးလား။ ဒီလောက်ထိ ရှုပ်ထွေးပါသောအမေ့ကိုသူမ







www.burmeseclassic.com

www.burmeseclassic.com



စိတ်နာရမှာလား။ လက်ခံရမှာလား။

သချာတာကတော့ သူမကမ္ဘာ့အပြင်ဘက် ရောက်သွားချင်မိတယ်ဆိုတာပါပဲ။

★★★



အခန်း ( ၁၅ )

"သမီးကိုလိုက်ပို့သွားတဲ့သူငယ်က ဘယ်သူလဲ"

"မေမေမြင်လိုက်တာလား"

"လူကောင်းလား၊ လူဆိုးလား၊ သူငယ်ချင်းလား ဘာလဲ"

"လူကောင်းပါမေမေရဲ့၊ ဩရသတဲ့။ ဘာလဲတော့မသိဘူး"

"ဗုဒ္ဓေါရေ"

"သူငယ်ချင်းလည်းဟုတ်တယ်။ ချစ်သူလည်းနည်းနည်းဟုတ်တယ်။ ရည်းစားလည်း မဆိုသလောက်လေး ဟုတ်ချင်ဟုတ်မယ်"

"ဘုရားဘုရား . . ဒီခေတ်ကြီးဟာ ဘာတွေဖြစ်ကုန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. .. မမေကလည်း ဘာတွေတွေးနေတာလဲ၊ ရှိပ်နေတာပဲ၊ အိုး, ဗိုက်ဆာပြီ၊ ဘာတွေပြင်ဆင်ထားသလဲ"

"ခေါက်ဆွဲကြော်ထားတယ်၊ အချဉ်ဖျော်ထားတယ်"

"ဟား. . . ဒါကြောင့် ဒီမမေကိုချစ်နေရတာ"

ဟုဆိုကာ ဒေါ်မြမှုန်းခြယ်ရဲ့ကိုယ်သေးသေးလေးကို သိုင်းဖက်လိုက်ပြန်သည်။

"ဒါနဲ့ သမီးသူငယ်ချင်း ဘာနာမည်"

"မန်းဝတ်လွှာပါမမေရဲ့၊ မေ့တတ်လိုက်တာ"

"အေးအေး. . . အဲ့ဒီမန်းဝတ်လွှာတရော ခေါက်ဆွဲကြော်ကိုစားတတ်ရဲ့လား"

"စားတတ်မှာပါမမေကလည်း၊ သူက အဲ့ဒီလိုမျိုးတွေ သိပ်ကြိုက်တာ"

"သိပ်ကြိုက်နေလည်း များများယူသွားရောပေါ့၊ အခုတော့ နည်းနည်းလေးယူသွားတယ်"

"ဟား. . . မမေကလည်း ဗိုက်ဆာတယ်ဆိုတာမှပဲ"

ဟုဆိုကာ တံခါးဝမှာရပ်ပြီး သူမကိုစစ်လားဆေးလားမေးမြန်းနေတဲ့ မေမေ့ကိုယ်သေးသေးလေးကိုကျော်ဖက်ကာ စားပွဲနားထို





သွန်းခေါ် လာခဲ့သည်။

"ဒီတလေးမ ဘာတွေဖြစ်နေတာလဲ၊ ဒီမှာ လဲကျတော့မယ်"

"မမေက သိပ်အဆေးအမြန်းထူတာပဲ၊ ရေ့နေ့ဒေါက်စလေးအလို၊ အိုး, ဗိုက်ဆာပြီ"

"အဆင်သင့်ပါပဲတော်"

ဟုဆိုကာ သူမရှေ့မှောက်သို့ အချဉ်ရည်ခွက်လေးနှင့်ခေါက်ဆွဲကြော်လေးများကို ချပေးလေသည်။ သူမက ချပေးလာသမျှကို တစ်ခုပြီးတစ်ခု အချဉ်ရည်မှုန်မတို့နိုင်တော့ဘဲ စားသောက်တော့သည်။

သမီးရဲ့ပုံကြောင့် ဒေါ်မြမှုန်းခြယ်ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ သမီးရဲ့ရင်ထဲမှာ ဘယ်လိုသောကမျိုးတွေရှိနေတာလဲ၊ သောကတစ်ခုခုကြောင့် ရင်ထဲမှာခံစားနေရမယ်ဆိုတာ သမီးရဲ့ပုံစံထူးကြောင့် အတပ်သိနေပါသော်လည်း ပွင့်ပွင့်လင်းလင်းမမေးဝံ့ပြန်ပါ။

သူမမေးလိုက်ကာမှ သမီးပိုခံစားသွားရမှာစိုးလို့ပါ၊ သမီးက ရင်ထဲမှာ သိပ်ခံစားနေရရှင် အစားအစာတစ်ခုကို ခေါင်းမဖော်တမ်း အဲသဲမဲမဲစားနေတတ်သည်မဟုတ်ပါလား၊ သေချာနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သမ်းရင်ထဲမှာ တစ်ခုခုကြောင့် ပြင်းပြစွာခံစားနေရမည်။

"မြည်းမြည်းစားပါသမီးရယ်။ နင်နေပါဦးမယ်"

သမီးထံမှ မည်သည့်တုံ့ပြန်သံမှထွက်မလာပါ။ သမီးက စား သောက်စရာများကို ကုန်လောက်နီးနီးစားပြီးမှ ခေါင်းပင်မဖော် တော့ဘဲ ဘေစင်မှာ သွားရပ်ကာ လက်နှင့်မျက်နှာတစ်ပြင်လုံး ရေနှင့်အကြိမ်ကြိမ်ဆေးကြောနေပါတော့သည်။

စားပြီးလက်စပန်းကန်တို့ကို သိမ်းဆည်းနေတဲ့ သူ့မအာ တို့က အိုးကြယ်လင်းထံပါးမှ နည်းနည်းမှမခွာ။ မျက်နှာသုတ်ရင်း ဝရန်တာဘက်ထွက်ရပ်နေသောသမီးရဲ့ကျောကုန်းကို ဖွဖွလေးပွေ့ ကာ. . .

"သမီးလေး. . . အိုး"

"မေမေ"

"ပြောလေသမီး။ ဘာပြောမလို့လဲ"

"မေမေရဲ့အဖေနဲ့အမေတွေရောဟင်"

"သမီးလေးက သိချင်လို့လား"

သူ့မလေးက မျက်ဝန်းနီနီနဲ့ ခေါင်းညိတ်ပြပါသည်။ သမီး လေးက ငိုထားခဲ့တာကိုး။





"မေမေ့မှာ အမေလည်းမရှိဘူး၊ အဖေလည်းမရှိဘူး"

"ရှင်! "

"အံ့ဩသွားသလား. . . မအံ့ဩပါနဲ့။ လောကမှာ မေမေ့လို နံ့ကလေးတွေ အများကြီးပါပဲ"

"ဒါဆို ဒေါ်မြမှုန်းခြယ်ဆိုတဲ့နာမည်ကို ဘယ်သူပေးခဲ့တာ လဲ"

"မေမေ့ကိုထမ်းကျွေးခဲ့တဲ့ အဘိုးကြီးတစ်ယောက်ပေါ့။ အဲ့ဒီ အဘိုးကြီးက အရုပ်မျိုးစုံလုပ်တတ်တယ်။ သူဆေးခြယ်ထားတဲ့အရုပ် လေးတွေဆို သိပ်လှတာ။ မေမေကလည်း သူဆေးခြယ်ထားတဲ့အရုပ် လေးပဲတဲ့။ ဒါကြောင့် သူက မြမှုန်းခြယ်လို့ခေါ်တာ"

"အဲ့ဒီအဘိုးရောဟင်"

"မရှိတော့ဘူး။ လောကကြီးထဲက အစောကြီးထွက်ခွာသွား တယ်။ ငိုနေတဲ့မေမေ့ကိုခေါ်ခဲ့တုန်းက သူ့ဘဝက နတ်နန်းတစ်ခုလို ပဲ လှပခဲ့တယ်တဲ့။ သူ လူ့လောကကြီးက ထွက်ခါနီးအချိန်မှာ မေမေ့ ဘဝက သုသာန်တစ်ခုပြင်လိုပဲ ခြောက်သွေ့ခဲ့တယ်။ အဲ့ဒီကျေးဇူး ရှင်အဘိုးကို ကယ်တင်နိုင်မယ့်နည်းလမ်းတွေ အများကြီးရှာခဲ့ပါ သေးတယ်။ ဒါပေမဲ့ အဘိုးက မေမေပြန်အလာကိုတောင် မစောင့်



www.burmeseclassic.com

နိုင်ခဲ့ဘူး။ အေးစက်တောင့်ခဲနေတဲ့အဘိုးရဲ့ ခန္ဓာသေးသေးကြောင့် မေမေသိပ်ကြေကွဲခဲ့ရဖူးတယ်။ အဘိုးဟာမေမေရဲ့တစ်ဦးတည်းသော ခင်တွယ်ရာလေ။ အဘိုးနဲ့အတူ အရုပ်ရောင်းခဲ့ရတဲ့အချိန်တွေဟာ မေမေသိပ်ပျော်ခဲ့ရတဲ့အချိန်တွေပေါ့။ အဲ့ဒီတုန်းက မေမေဟာ အမျို ဖော်ဝင်ကာစပေါ့။ မေမေ့ဘဝနဲ့လဲပြီး အဘိုးရဲ့အသက်ကိုကယ် ချင်ခဲ့တာပါ။ အဘိုးက ဘာဖြစ်လို့ စောင့်မသွားခဲ့တာလဲမသိဘူး အဘိုးလည်းဆုံးပြီးရော ဘာမှမတတ်တဲ့မေမေက အဲ့ဒီဘဝထဲမှာပဲ ကျင်လည်ခဲ့တာ အခုချိန်ထိပေါ့။ ဒါပေမဲ့ အခုချိန်မှာတော့ မေမေ့ ဘေးမှာ သမီးလေးအိုးရှိနေပြီပဲ။ မေမေ လူ့လောကမှာ အသက်ရှင် ရတာ ကျေနပ်လှပါပြီ"

"မေမေ ဘာဖြစ်လို့ အဲ့ဒီအလုပ်ကိုလုပ်နေသေးတာလဲဟင်"

"မေမေက အဲ့ဒီအလုပ်တလွဲရင် တခြား ဘာမှမတတ်ဘူး သမီး"

"မေမေ့ကို အိုးရှာကျွေးနိုင်ပါတယ်။ မေမေမလုပ်ပါနဲ့တော့ လားဟင်"

"မရတော့ဘူးသမီး။ မေမေသာ အဲ့ဒီအလုပ်ကိုနားလိုက်ရင် မေမေ့ကိုမှီပြီးနေထိုင်နေကြတဲ့ကောင်မလေးတွေ ဒုက္ခရောက်သွား ရှာပေါ့"





"သူတို့မှာ သူတို့ပြန်လွှတ်လိုက်တော့လေ"

"မေမေ့လို မိဘမဲ့တဲ့မိန်းကလေးတွေက အများကြီးပါလို့"

"ဒီဆို အမေ့အိမ်က မိန်းကလေးအားလုံးက မိဘတွေမရှိကြ ဘူးပေါ့"

"အချို့အချို့တွေပါ။ မိအိုဖအိုကြီးတွေကို ဘဝနဲ့လဲပြီး ရှာ ကျွေးနေကြတဲ့ မွန်မြတ်တဲ့သမီးတွေလည်းရှိတယ်။ မေမေတို့တွေက အသက်နဲ့ပဲ လူလုပ်လာကြတာပါ။ ဒါပေမဲ့ လူဖြစ်လာတဲ့တစ်ခဏ မှာ တာဝန်သိသော တာဝန်ကျေတဲ့လူပဲဖြစ်ချင်တယ်။ ခေါင်းရန်း ပန်းတစ်ပွင့်ဆိုလည်း သူ့ဂုဏ်သတ္တိလေးနဲ့သူတော့လည်း တင့်တယ် တဲ့ပန်းပါပဲ။ သူ့ရဲ့တင့်တယ်မှုကို တန်ဖိုးမထားမိကြတာပါ"

ထိုအခါမှာတော့ သူမဟာ မီးခင်ရင်ခွင်ကြားကို ခေါင်းလေး ဝှက်ကာ. . .

"မေမေက အသက်ကြီးပြီ။ အိုးပဲ ဆက်လုပ်ပါ့မယ်"

"အာ. . . ဘာရယ်"

ကြမ်းတမ်းစွာတွန်းလိုက်ခြင်းကြောင့် သူမအံ့ဩသွားရှင်း။

"ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို သမီး အဲ့ဒီလိုစကားမျိုးဘယ်တော့မှမပြောနဲ့"

"ဘာဖြစ်လို့လဲမေမေ၊ အမေတစ်ယောက်ရဲ့အလုပ်ကို သမီးက ကူညီချင်တာ မဖြစ်သင့်ဘူးလား"

"မဖြစ်သင့်ဘူးသမီး၊ အမေ့အလုပ်က ညစ်ညမ်းတယ်။ ဒါလေးတောင် အကောင်းနဲ့အဆိုး မခွဲခြားနိုင်ဘူးလား"

"ဒါပေမဲ့. . ."

"တော်ပါတော့၊ ငါ့ရင့်ကို ဓားထက်ထက်နဲ့မမွှမ်းပါနဲ့တော့။ ဒီလိုစကားလေးနဲ့တင် ငါ့ရင်နာရလွန်းလို့ပါ။ ငါ့မှာတော့ ငါ့သမီးလေး ဒီလိုစိတ်ရှိမှာစိုးလို့တောင် ငါ့နားလေးမှာ တစ်လပြည့်အောင် ခေါ်မထားခဲ့ဖူးဘူး။ သမီးကိုသိပ်ချစ်ပါရဲ့နဲ့ ခွဲနေခဲ့ရတဲ့ ဒီအမေ့ခံစားချက်ကိုမှ နားလည်နေရဲ့လားဟင်"

"ဒါပေမဲ့. . . အိုးက"

"ပင်လယ်သမုဒ္ဒရာတို့မည်သည် မြစ်ချောင်းအင်းအိုင်ရေပဲ တောင့်တ၏တဲ့၊ မြစ်ချောင်းအင်းအိုင်တွေက ပင်လယ်သမုဒ္ဒရာရဲ့ရေကို လက်ခံကြရဲ့လား"

"မေမေ. . . အိုးတို့ အဲ့ဒီလောက်ထိကြီး မချစ်ပါနဲ့လား။ နို့ရင်ထဲ အရမ်းခံစားရလွန်းလို့ပါ"





"မေမေက ငါ့သမီးလေးအတွက်ဆို မြေကြီးပါ။ နေရင်လည်း နေ၊ သွားရင်လည်းသွား၊ ရပ်တည်ခအဖြစ် ဘာမှပေးထားဖို့မလိုပါဘူး"

"ဟင့်အင်း. . . အိုး မေမေ့ကို ဘယ်တော့မှထားမသွားဘူး။ အိုးမှာ မေမေတစ်ယောက်တည်းရှိချင်တယ်"

ထိုအခါမှ သူမက သဘောပေါက်လိုက်ပါပြီ။ အနှစ် (၂၀) ကျော်လုံးလုံး အတူနေလာခဲ့တာပဲ၊ သမီးရဲ့အသက်ရှူသံကမှအစ သိနေခဲ့တာပါ။

"သမီး. . . ပန်းနုနဲ့တွေ့လာခဲ့တာလား"

"ရှင်! "

သူမ အံ့ဩသွားရပါသည်။ သူမကို အဲ့ဒီလောက်ထိပဲ မေမေက အလွတ်ရနေခဲ့တာလား။

"သမီးကို ပန်းနုက အတူနေဖို့ခေါ်နေတာလား"

ဒီတစ်ကြိမ်အမေးမှာတော့ သူမက ခေါင်းကိုသာ တွင်တွင်ခါယမ်းမိလိုက်သည်။

"သမီးလိုက်သွားလိုက်ပါ။ သူလည်း သူ့သမီးလေးကိုချစ်ရှာပေါ့။ မေမေတောင် သမီးကိုဒီလောက်ထိချစ်နေမှတော့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်။ အမှန်တော့ မေမေက ငါ့သမီးလေးကိုတောင်းပန်ပါတယ်။ မေမေ သိပ်အတ္တကြီးခဲ့တယ်"

"မေမေ"

"စိုးဝါနဲ့သမီးရယ်၊ မေမေက မြေကြီးလိုလူပါ။ ဘဝလောကကြီးလေးတဲ့ဝန်ပါဖြစ်ဖြစ် ခံနိုင်ရည်ရှိပါတယ်"

"မေမေ"

"သမီးရဲ့ရင်ထဲကို မေမေမြင်နေရပါတယ်။ မေမေနောင်တရခဲ့ဖူးတယ်၊ ပန်းနုလိုက်ပါသွားတဲ့ကားဖြီးလေးကိုကြည့်ပြီး ငိုနေခဲ့တဲ့သမီးကြောင့်ပေါ့။ အဲဒါ မေမေအတ္တကြီးခဲ့လို့သာ ငါ့သမီးလေးခံစားရတာပေါ့။ အမေဆိုတာ သမီးအတွက် အဖြည့်ခံပဲဖြစ်သင့်တယ်။ ဒီတစ်ကြိမ်မှာ သမီး အဲ့ဒီလိုမခံစားစေရပါဘူး။ မေမေ့[illegible] အတ္တကြောင့် သမီးကိုခေါ်ပြီး. . . ထွက်ပြေးခဲ့တဲ့အတွက် သမီး[illegible] တောင်းပန်ပါတယ်"

"မေမေ"

"သမီးလေး. . . မေမေ့ကိုခွင့်လွှတ်နိုင်တယ်မဟုတ်လား"

"သူ. . . သူ၊ အိုးကိုမသိတော့ဘူးမေမေ"

"ဟင်. . "





"သူ့ရင်ထဲမှာ အိုးမရှိတော့ဘူး။ သူ အိုးကိုမေ့သွားပြီ။ သူ အိုးကို ဘယ်တော့မှလာခေါ်တော့မှာမဟုတ်ဘူး။ မေမေ၊ အိုးကို ပစ်မသွားနဲ့နော်၊ အိုးမှာ မေမေတစ်ယောက်တည်းရှိတော့တာ။ အိုးကိုမမောင်းပါနဲ့နော်မေမေ။ မေမေသွားခိုင်းရင်လည်း အိုးမှာ နေစရာမရှိလို့ပါ။ အိုး၊ မေမေနဲ့ပဲအမြဲတူတူနေသွားမယ်နော် . . . မေမေနော်"

"အိုး. . . သမီးလေးရယ်"

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"သား၊ ဒိုးကြယ်လင်းရဲ့အကြောင်း မေမေနားထောင်ချင်တယ်"

"ဗျာ! "

သူ အမှန်တကယ်အံ့ဩသွားရတာပါ။ အိပ်ရာထဲမှာ ဖျော့တော့စွာလှဲနေတဲ့မေမေ့ကို သူ အမှန်တကယ်ပင် နားမလည်နိုင်တော့ ပါ။ သို့သော် သူက မေမေရဲ့ဆန္ဒကို ဘယ်တော့မှမငြင်းဆန်သူပီပီ...

"သိပ်တော့မသိဘူး။ သားတို့နဲ့မရော့တူ အတန်းဖော်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း။ ထောင်ကြီးက ပြောင်းလာတာ၊ အမေတစ်ယောက်ရှိတယ်

သူ့နာမည်က. . . အိုးကြွယ်လင်း။ ဒါ့အပြင် ဘာမှမသိပါဘူး"

"အိုးကြွယ်လင်းရဲ့အမေနာမည်က မြမှုန်းခြယ်မဟုတ်လား

"ဗျာ! ဟုတ်. . . ဟုတ်တယ်။ ကျောင်းသားကတ်သွားထု

တုန်းက သိလိုက်တာ။ မေမေက စုံစမ်းရေးသိပ်ကျွမ်းပါလား"

သူနောက်လိုက်ပေမယ့် မေမေက ငိုနေတာလား၊ ပြုံးနေ

တာလားဆိုတာ သူမသိနိုင်ပါ။ တစ်ခါတစ်ရံမှာ မေမေ့ရဲ့အပြုံးမျ

က လျှို့ဝှက်ဆန်းကြယ်တတ်လွန်းလို့ပါ။

"သားသိတာ အမှန်တကယ်ဒါပဲလား"

"တစ်ခါတစ်ရံမှာ အိုးကြွယ်လင်းက ထူးဆန်းတဲ့အကြော

အရာတွေပြောတတ်တယ်"

"ဘာ. . . ဘာတွေလဲ"

"အွန်. . . ပထမအမေနဲ့ဒုတိယအမေပုံပြင်တွေပေါ့။ သူ

မွေးပြီးပစ်ထားခဲ့လို့ စိတ်နာတဲ့အကြောင်းနဲ့ ချစ်တဲ့အကြောင်း

အမှန်တော့ အိုးကြွယ်လင်းက သိပ်သနားဖို့ကောင်းတာ၊ သူမွေး

အမှန်ကိုမသိရှာဘူး"

"သား. . . မေမေ့ကို အိုးကြွယ်လင်းနေတဲ့အိမ်ကို ဖို့ေ





လား"

"ဗျာ! မေမေ့ အိုးကြွယ်လင်းတို့ ဘာပြောမလို့လဲ။ မသွားပါ

နဲ့ မေမေရယ်။ သူ့ခမျာ တော်တော်ကြီးကြေကွဲနေရတာ။ မနေ့က

သမေဘာတွေပြောလိုက်တာလဲ"

"ဘာဖြစ်လို့လဲ"

"မနေ့က သူငိုနေတယ်"

သူ့မရင်ထဲ မောလျှသွားရပါသည်။

"သားတောင်းပန်ပါတယ်။ အိုးကြွယ်လင်းက ရိုးရိုးလေးပါ။

ဘာမှသွားမပြောပါနဲ့တော့"

သားရယ်. . . မေမေက သားအမြင်မှာ တကယ်ဆိုးသွမ်း

သွားပြီလား။

"မေမေ့ အိုးကြွယ်လင်းကို မြင်ချင်ရုံလေးပါ"

"ဗျာ! "

"သားဟာ မေမေ့ရဲ့သားပါ။ မေမေ့တို့နားလည်တဲ့ လောက

သားပဲရှိခဲ့တာပါ။ မေမေလေ. . . အိုးကြွယ်လင်းလေးအပေါ်

ကြွေးတွေသိပ်များနေပြီ"

"ဗျာ! "



www.burmeseclassic.com

www.burmeseclassic.com



"သားမသိသေးတဲ့ကိစ္စရပ်တွေ မေမေ့မှာရှိနေခဲ့သေးတယ် သား၊ လောကကြီးတစ်ခုလုံးမှာ အပြစ်အကြီးဆုံးလူက မေမေပါ သမီးရင်းကိုတွေ့ပါရဲ့နဲ့ သမီးမှန်းမသိ"

"ဗျာ! "

"သားနားမလည်နိုင်တော့ဘူး မဟုတ်လား၊ ဟိုးလွန်ခဲ့တဲ့ (၁၀)နှစ်လောက်က မေမေရဲ့သမီးကိုခေါ်ဖို့ မေမေထွက်သွားခဲ့တာ သားမှတ်မိတယ်နော်"

သူသိပ်မှတ်မိခဲ့တာပေါ့၊ ကြေကွဲခံစားခဲ့ရဖူးတာကိုး၊

"ဒါပေမဲ့ မေမေ့သမီးက မေမေ့နောက်ကိုပြန်မလိုက်ခဲ့ပါဘူး"

"ဒါဆို ဝတ်လွှာကရော"

"မေမေ့သမီးလေး အိုးကြယ်လင်းနဲ့တူလို့ ဘုန်းကြီးကျောင်းက ခေါ်လာခဲ့တာ"

"ဗျာ! "

ဒါတွေကို သူ အမှန်တကယ်မသိခဲ့တာပါ၊ လောကကြီးက အံ့ဩစရာ ဒီလောက်ပဲ မာယာများခဲ့သလား၊ ငယ်ငယ်က ဆော့နေခဲ့တဲ့ ပန်းဝတ်လွှာကိုကြည့်ပြီး ကျနေခဲ့တဲ့မေမေ့ရဲ့မျက်ရည်တွေကို ခုမှပဲ သူနားလည်သွားတော့သည်၊





"ကြယ်တစ်ပွင့်နဲ့တူတဲ့ အိုးကြယ်လင်းလေးက ကြယ်နတ်သမီးလေးလိုပဲ ဂါဝန်ဖြူလေးနဲ့ အမြဲတောက်ပနေခဲ့တယ်၊ အိုးတလေးကို ဘယ်မှာရှာရှာ ထပ်မတွေ့တာနဲ့ပဲ ဂါဝန်ဖြူလေးနဲ့လှနေတဲ့ဝတ်လွှာကို သမီးလေးလို မွေးစားဖြစ်သွားတော့တာပဲ၊ သားတို့တိုဘာမှရှင်းမပြဖြစ်ခဲ့တဲ့အတွက် မေမေ့ကိုခွင့်လွှတ်ပါ၊ ဝတ်လွှာကို မေမေသိပ်ချစ်သွားခဲ့လို့ပါ"

ထူးဆန်းစွာတိုက်ဆိုင်နေကြခြင်းကို သူပင်လျှင် အံ့ဩတုန်လှုပ်သွားခဲ့ရသည်၊ ဒီလိုဖြစ်ရပ်တွေ တကယ်ပဲဖြစ်ပွားခဲ့တာလား၊ သူ့ထက်ပို၍အံ့ဩတုန်လှုပ်သွားခဲ့ရသူက အခန်းတံခါးဝမှာ ငူငူကြီးရပ်နေခဲ့သော ပန်းဝတ်လွှာရယ်ပါ၊

သူမက ဆောက်တည်ရာမဲ့စွာ ကစဉ့်ကလျားခံစားလိုက်ရသည်၊ သူမကိုယ်လေးက လေဟာနယ်ထဲ မျောလွင့်နေသလိုပင်၊ သူမတစ်ယောက်တည်းကသာ လောကကြီးရဲ့အမြင့်ဘက်ရောက်နေရသလို၊ ဒါဆို အမေ ထောင်ထဲမှာ ဆုံးသွားခဲ့တာပါလို့ပြောခဲ့တဲ့ အိုးကြယ်လင်းက မေမေ့ရဲ့သမီးအရင်းပေါ့၊ ဘာဖြစ်လို့ မေမေ့သမီးက သူမ မဖြစ်နိုင်ရတာလဲ၊

လောကကြီးရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စားခဲ့မယ်ဆိုရင်တောင် နှလုံးသားက ခံနိုင်ရည်မရှိတော့တာပါ။

သိမ်ခံစားနေခဲ့ရပေမယ့်လည်း တိတ်ဆိတ်စွာပင် မသိကျိုးကျွံပြု နှုတ်ဆိတ်နေခဲ့ပါသည်။

ရင်ထဲမှာတော့ ရေခဲပြင်ကြီးက ဒလဟောစီးကျလျက်။

★★★

# အခန်း ( ၁၇ )

တံခါးခေါက်သံကြောင့် မီးဖိုခန်းထဲမှာ ချက်ပြုတ်စားသောက်နေကြသော သားအမိနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် မျက်လုံးမြူးလေးများနှင့် ကြည့်မိလိုက်ကြသည်။ မုန့်တီသုပ်စားနေကြတာမို့ လက်မှာ ဆီတွေဗရပွနှင့် မေတ္တာလျက်သားပင်။

"အခန်းမှားပြီး ခေါက်နေတာလား"

"ဘာကဲဖြစ်ဖြစ် ထွက်ကြည့်လိုက်ပါ"

"ဟာ. . . မေမေတလည်း အိုးက ဒီမှာ"

"ဟုတ်ကဲ့ပါရှင်။ ကျွန်မတ ငယ်ရွယ်သူမို့ သွက်သွက်လက်





www.burmeseclassic.com

www.burmeseclassic.com



လက်ပဲ သွားလိုက်ပါမယ်”

ဟု ငေါ့လုံးလေးများနှင့်ထော့ကာ ထသွားသောမေမေ့ကို ပြ
ပြုံးကြီးကြည့်နေဖြစ်ပြန်သည်။ အခုလိုအတူနေချိန်ကာလလေး
ပဲ မေမေ့ကိုညစ်ရတာမဟုတ်လား။

တံခါးနှစ်ရွက်ကိုဆွဲဖွင့်လိုက်သည်တွင် ဘွားခနဲပေါ်လာ
လူငယ်ချောချောကြောင့် သူမစိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။

“ဒါ. . . အိုးကြယ်လင်းတို့အိမ်မဟုတ်ပါလားဗျာ”

“ဒါနဲ့”

“ကျွန်တော့်နာမည် ဩရသပါ။ အိုးကြယ်လင်းရဲ့သူငယ်ချ
ပါအန်တီ”

ဩရသဆိုတဲ့အမည်နာမကြောင့် သူမက လူငယ်ကို
သလိုလှေ့လာလိုက်သည်။ ကောင်လေးက ရည်ရည်မွန်မွန်
ရှပ်ရည်သန့်ပြန့်ချောမောဖြီး စမတ်ကျတယ်။ သမီးကျလောက်
လည်း ကျလောက်စရာပါပဲ။

“ဝင်ပါကွယ်”

သူမက ကျန်ရှိနေသေးတဲ့သံတံခါးချပ်ကို ဖွင့်ပေးလိုက်
တွင် လူငယ်က ဟန်ပင်မဆောင်တော့ဘဲ ဝင်ချလာသည်။





“ထိုင်ပါဦး။ သမီးက အနောက်ခန်းထဲမှာမို့”

“ဟုတ်ကဲ့”

“သားအတွက် တစ်ခုခုစီစဉ်လိုက်ဦးမယ်။ ခဏနော်”

ထွက်သွားသော ခေတ်ဆန်ဆန်နဲ့အမျိုးသမီးကို သူစိတ်ဝင်စားစွာကြည့်နေလိုက်သည်။ အရွယ်နှင့်မမျှအောင် လန်းပါလားဟု ပင် စိတ်ထဲတွေးမိလိုက်ပါ၏။

“ဘယ်သူလဲမေမေ။ စကားပြောသံတော့ကြားလိုက်သားပဲ”

မုန့်တီသုပ်ကို ဖယ်ဖယ်နယ်နယ်စားနေသောသမီးကို စိတ်မဝင်စားသလိုပြောလာသည်။

“မသိဘူး”

“ဟာ,မသိဘဲနဲ့ ဘာကြောင့်စကားပြောနေရတာလဲ။ ဒီအမေနဲ့တော့ ခက်ပါတယ်။ ရန်ကုန်က ရှမ်းပြည်နယ်မဟုတ်ဘူးမေမေရဲ့”

“ဆရာလုပ်တာ သိပါအေ။ ညည်းဧည့်သည်ဆိုလားပဲ”

“ဘယ်သူလဲ။ အိုးဆီလာမယ့်ဧည့်သည်တစ်ယောက်မှ မရှိဘူး။ ဝန်းဝတ်လွှာဆိုလည်း ဧည့်ခန်းမှာပဲ ငြိမ်ငြိမ်ထိုင်နေမှာမဟုတ်ဘူး။ မေမေ မညာနဲ့”

“အတည်ပြောတာပါရှင်။ ကောင်လေးက ခပ်ချောချောထဲက



www.burmeseclassic.com

ပဲ။ ညြရသဆိုလားဘာလား"

ထိုအခါကျတော့မှ မျက်လုံးကြီးပြူးပြီး စားလက်စမုန့်တီဖတ် ပင် ပြုတ်ကျချင်သွားသည်။

"ညြရသ"

"အင်းလေ"

"တာ မေမေ ဘာဖြစ်လို့မပြောတာလဲ။ ခက်ပါတယ်။ ရှည် သည့်ကို အားနာစရာကြီး။ ဟယ်! ဆောရီးဆောရီး . . . ဗိမ်သား ယဲယဲ . . ."

ရှက်နောက်နောက်နဲ့ပြောတာ လက်ကို ဖြစ်သလိုရေဆေးပြီး ပြေးထွက်သွားသောသမီးကြောင့် သူမ သက်ပြင်းဖျော့ဖျော့ကို ပိုး တဝါးချမိသွားသည်။

"ရသ"

"ငါက စိုးရိမ်နေတာ နင့်အိမ်မှတုတ်ရဲ့လား။ နင်မှရှိပါ့မလား လို့"

"ရှိတာပေါ့။ ငါ့မေမေနဲ့ငါနဲ့ မုန့်တီသုပ်စားနေတာ။ နင်ရော စားဦးမလား"

"ငါဗိုက်ပြည့်လာတယ်။ စောစောက အမျိုးသမီးက နင့်





မေမေလား"

"အင်းလေ"

"အရမ်းလန်းတယ်နော်"

"ငါ့မေမေက ရုပ်ကသာမကဘူး။ စိတ်လည်းလန်းတယ်။ ငါနဲ့ဆို သူငယ်ချင်းလိုပဲ။ ဒါနဲ့ နင်က ဘာကိစ္စလဲ"

"နင်က အဲ့ဒီလိုမေးလာတော့ ငါက ဘာပြန်ပြောရမှန်းမသိ တော့ဘူး"

"အကြောင်းပြချက်မရှိပေါ့"

"အဲ့ဒီလိုလည်းမဟုတ်ဘူး"

"ဒါဆိုအလည်လား"

"ဆိုပါတော့"

"နင့်ဟာကလည်း လမ်းဆုံက ကားကြီးလိုပဲ။ စကားနှစ်လုံး တည်းနဲ့ ပတ်မွှေနေတယ်"

"နင့်ကို ငါအပြင်ခေါ်မယ်ဆို နင်လိုက်မှာလား"

"ကမ္ဘာ့အပြင်ဘက်လား"

"ဒန်သတ္တုတွေ ရှားပါးနေတယ်။ ရန်ကုန်မြို့ထဲတင်ပါပဲ"

"အိုကေလေ။ ဒါဆို ငါ ရုပ်ချိန်းလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ငိုးရှိုးဇတ်ဇတ်ထွက်သွားသော အိုးကြယ်လင်းကြောင့် သူ့ရင်ထဲမှာ အဖြစ်မကောင်းသလို မတင်မကျကြီးဖြစ်သွားရသည်။

"ရာသီဥတုပူတော့ အန်တီက သံပုရာရည်အေးအေးပဲ ဖျော်လာခဲ့တယ်။ အဆင်ပြေလား"

"ဟုတ်ကဲ့"

ပြောလည်းပြောကာ သံပုရာရည်ခွက်ကို လှမ်းယူထဲလှမ်းထိုးပေးလိုက်သည်။

"သမီးနဲ့ပေါင်းသင်းဆက်ဆံရတာရော အဆင်ပြေရဲ့လား၊ သမီးက စိတ်ရင်းကောင်းပေမယ့်လည်း နည်းနည်းဆိုးတယ်"

"ဟုတ်ကဲ့ခင်ဗျ၊ အဆင်ပြေပါတယ်"

"အန်တီက စိုးရိမ်နေတာကွယ်၊ သမီး ဒီရန်ကုန်မှာအပေါင်းအသင်းမှ ရှိပါ့မလားလို့"

"အိုးကြယ်လင်းက ခင်စရာကောင်းပါတယ်"

"ဩရသနဲ့ ပန်းဝတ်လွှာအကြောင်းကို သမီးကပြောပြထားလို့ လူကိုမမြင်ဖူးပေမယ့် အန်တီက ရင်းနှီးပြီးသားပါ"

"ဗျာ!"





အိုးကြယ်လင်း ဘာတွေများပြောထားသေးလဲဟု စိတ်မလုံလဲဖြစ်မိသွားသည်။ ထိုစဉ်မှာပင် အိုးကြယ်လင်းက အိတ်လေးဆိုင်ကာ ထွက်လာခဲ့သည်။

"မေမေက ရသနဲ့အဖွဲ့ကျနေတာကိုး၊ ဒါဆို အိုးက အတွေ့အထူးမိတ်ဆက်ဖို့မလိုတော့ဘူးပေါ့"

"အပြင်သွားမလို့လား"

"ဟုတ်. . . အိုး, ရသနောက် ခဏလိုက်သွားဦးမယ်"

"ကျွန်တော်, အိုးကြယ်လင်းကို အပြင်ခဏခေါ်သွားလို့ရမလားခင်ဗျ"

"အားနာစရာတော့ဖြစ်ကုန်ပြီ၊ အန်တီက အဲ့လိုသဘောမျိုးပြောတာမဟုတ်ပါဘူး"

တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲစွာ အားနာနေကြသောမေမေနှင့်ရသကို သူမ ရယ်ချင်လာရသည်။

"ကဲ. . . ဒါနဲ့ပဲ ဒီနေ့အပြင်ထွက်ဖြစ်ဦးမှာလား၊ ရသလည်း သွားမယ်၊ မေမေရေ. . . တာ့တာ၊ ပြန်ရင် ဘာဝယ်ခဲ့ရဦးမလဲ"

"ကျေးဇူးတင်ပါတယ်ရှင်"

"တာ့တာမေမေ"



www.burmeseclassic.com

www.burmeseclassic.com



"တော့တာပါရှင်"

ဩရသ နည်းနည်းတော့ ရယ်ချင်သွားရသည်။ တစ်ခါတစ်

မှာ အိုးကြွယ်လင်းက နည်းနည်းကလေးဆန်တတ်လို့ပါ။ သမီးဖြစ်

သူကလည်း လှည့်ကြည့်လှည့်ကြည့်နှင့် ကလေးတစ်ယောက်လို ရှင်

ဆက်နေသလို၊ အမေလုပ်သူကလည်း ဇရန်တာဘတ်ထွက်ရပ်ပြီး

ကို မျှော်ကြည့်နေပါသေးသည်။

သူ စိတ်မကောင်းဖြစ်သွားရသည်။ သူကိုယ်သူလည်း အပြ

ရှိသူတစ်ယောက်နှယ် အနေကျုံ့သွားရပါ၏။

ဘာဖြစ်လို့လဲဆိုတော့ သူမျက်စိရှေ့မှာ မြင်ရရုံလေး၌ပင်

ထိုသားအမိနှစ်ယောက်ရဲ့သံယောဇဉ်ကို ခန့်မှန်းမိသွား၍ပါ။ အမေ

လုပ်သူရဲ့မျက်ဝန်းမှာလည်း သမီးကိုသိပ်ချစ်ပါတယ်ဆိုတဲ့ အရ

တို့ ယှက်သန်းနေသလို၊ သမီးဖြစ်သူရဲ့မျက်ဝန်းမှာလည်း အမေ

သိပ်တွယ်တာပါတယ်ဆိုတဲ့အရိပ်တို့ ဖုံးလွှမ်းနေခဲ့သည်။

သူ သက်ပြင်းမောကို မသိမသာလေးမှုံးချမိလိုက်စဉ်...

"ဩရသ... နှင် ဒီနေ့ဘာဖြစ်နေတာလဲ"

"ငါက ဘာဖြစ်နေလို့လဲ"

"ဒီတစ်ကြိမ်နဲ့ဆို နှင်သက်ပြင်းချတာ (၅) ကြိမ်ရှိသွား





သူနည်းနည်းတော့ ရယ်ချင်သွားသည်။

သူစိတ်ထဲမှာ တကယ်ပဲ တင်းကြပ်ပိတ်မှိုတ်နေပြီလား။

"အိုးကြွယ်လင်း"

"အင်း"

ပြောသင့်မပြောသင့်ဆိုတဲ့ သင့်မသင့်စိတ်မှုစ်ခုက သူ့ရင်ထဲ

မှာ ဒွန်တွဲနေရသည်။

"အိုးကြွယ်လင်း၊ တကယ်တော့ ငါ"

"ရည်းစားစကားပြောမှာတော့ မတုတ်လောက်ပါဘူးနော်"

"ဟာ... နှင်တာလဲည်း၊ အဲဒါက နောက်မှပြောရမယ့်ကိစ္စ

လေးတာ။ နှင်နောက်တာနဲ့ပဲ ငါမေ့တောင်ယောင်သွားပြီ"

"ဟားဟား... နှင်တာ အဲဒီလိုလေးကျတော့လည်း ရယ်ရ

တယ်။ သိလားရသ"

သူမလေးရဲ့ရယ်သံရွှင်ရွှင်လေးကြောင့်လည်း သူ့စကားကို

ရှေ့ဆက်မတတ်ဝံ့တော့ပြန်ပါ။

"နှင်, နှင့်အမေကိုအရမ်းချစ်လားဟင်"

"အင်း... ချစ်တယ်။ အရမ်းချစ်တယ်။ ငယ်ငယ်တုန်းက

တော့ ဟော့ဒီလောက်ကြီးချစ်တယ်လို့ လက်လေးကို ဖြန့်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့ဖူးတယ်။ အခုတော့ စကားနဲ့ပဲ ချစ်ကြောင်းပြောလို့ရပြီ"

"ပြောကြည့်လေ"

"အသဒ္ဒေါ်ချစ်ခြင်းတွေနဲ့ ချစ်တယ်လေ"

"အဲ့ဒါ နှင့်ဆွေမျိုးက ကမ္ဘာပေါ်မှာတစ်ယောက်တည်းရှိနေခဲ့လို့ပေါ့နော်"

"အင်း. . . ဟုတ်မှာပေါ့"

"နောက်တစ်ယောက်ပေါ်ခဲ့မယ်ဆိုရင်ရော"

"မရှိနိုင်ဘူး"

"ဘာကြောင့်လို့"

"မရှိနိုင်တော့ဘူး။ ဒီလိုကိစ္စမျိုး မရှိနိုင်တော့ပါဘူး"

"အိုးကြယ်လင်း"

"ငါနားထောင်နေတယ်"

"တကယ်တော့ နှင့်ကို ငါ လူတစ်ယောက်နဲ့ပေးတွေ့မလို့"

ထူးဆန်းတဲ့ဩရသရဲ့စကားကြောင့် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

"သူက နှင့်ကိုအရမ်းတွေ့ချင်လို့တဲ့။ ငါ့ကိုအကူအညီတောင်းထားတယ်"





"ဩရသ. . . နင် ငါ့ကိုနောက်နေတာလား"

"အတည်ပါ"

"ဘယ်သူလဲ"

"ဟိုးအရှေ့မှာရပ်နေတဲ့ အမျိုးသမီးလေ"

ဩရသ ညွှန်ပြရာသို့ သူမ ကြည့်မိလိုက်စဉ်မှာ သူမရင်ထဲ ချွင်များစွာတို့ တုန်ခါသွားရသည်။

"ဩရသ. . . ငါ"

"ရှောင်လွဲ တွေ့ဝိုက်နေမှာထက်စာရင် ခွဲခိုးရင်ဆိုင်ခြင်းက သက်သာဆုံးနည်းလမ်းပါ။ တစ်နေ့နေ့တော့ ရင်ဆိုင်ရမှာ ဧကန်ဆိုတာ သိနေနှင့်ပြီးမှတော့ စိတ်ပင်ပန်းခံ တွေ့ဝိုက်မနေချင်ပါနဲ့ ကြယ်လင်း။ နှင့်ရင်ထဲကအကြောင်းအရာတို့ နှင်တလွဲ့ရင် ငါ မသိနိုင်ဘူး"

"ဒါပေမဲ့ အခုချိန်မှာ အဆင်သင့်မဖြစ်သေးဘူး။ မျှော်လင့်မထားခဲ့လို့ပါ"

"မိခင်နဲ့သားသမီးကြားမှာ ကြိုတင်စီရင်တတ်တာတွေ ရွေးချယ်ရာစကားလုံးတွေ မလိုအပ်ဖူးထင်တယ်"

"ဟင့်အင်း. . . ငါမတွေ့ချင်ဘူး ဩရသ"



www.burmeseclassic.com

www.burmeseclassic.com



"သူသိပ်ခံစားသွားရမယ်"

"ဒါပေမဲ့ သူ့နားမှာ နင်ရော၊ ပန်းဝတ်လွှာရော ရှိနေတာ

"ဒါပေမဲ့ နင်တမှ အိုးကြွယ့်လင်းလေ"

"နင်ပြောခဲ့ဖူးတဲ့စကားတစ်ခွန်းကို ငါမှတ်မိနေသေးတ
ညြရသ၊ ပန်းဝတ်လွှာကို ဒေါ်ပန်းနုရောင်က အရမ်းချစ်တာ
တဲ့ဒီတုန်းက ငါ ပန်းဝတ်လွှာကို သဘောကျခဲ့ဖူးတယ်၊ ငါလိုးဝ
မထားခဲ့တာက ပန်းဝတ်လွှာရဲ့ပန်းနုရောင်ဟာ ငါ့ဘဝထဲက
နေခဲ့မယ်ဆိုတာပဲ"

"အဖြေညှိဖို့ခက်တဲ့ပုစ္ဆာရဲ့အဖြေကို. . .ငါက ခန့်မှန်း
မိသလိုဖြစ်နေပြီ၊ တောင်းပန်ပါတယ် အိုးကြွယ်လင်း၊ တကယ်
ငါ နင့်စိတ်ကို ညှဉ်းပန်းနှိပ်စက်သလိုဖြစ်သွားခဲ့တယ်"

"ငါ နင့်စေတနာကို နားလည်ပါတယ် ညြရသ၊ နင် ပန်း
လွှာကို ဂရုစိုက်လိုက်ပါ၊ သူ ဒီအကြောင်းတွေကိုမသိဖို့ ငါမျှော်
ပါတယ်၊ ဝန်းဝတ်လွှာကို မကျေမနပ်ဖြစ်ခဲ့ဖူးပေမယ့် ခင်ပါတ
သူဟာရေနစ်နေတဲ့လူဆိုရင် အသက်တယ်လှေက ဒေါ်ပန်းနုရော
ပါပဲ၊ ငါ့ကိုယ်ငါလည်း အံ့ဩသွားတယ်၊ ဘာကြောင့် လောဘမ
တော့တာလဲမသိဘူးနော်"





"အဲ့ဒါဆို နင် သာယာချမ်းမြေ့မှုကိုတွေ့ရှိမှာပါ"

"ငါ မေမေ့အတွက် ပန်းသီးဝယ်သွားဦးမယ်"

"ငါပို့ပေးမယ်လေ"

"မေမေက ပန်းသီးကိုအရမ်းကြိုက်တာ၊ ပန်းသီးကိုစားရတာ
ငါ့ကိုချစ်ရတာနဲ့တူတယ်တဲ့၊ လှရင်လည်း ခွဲစားပစ်ရတယ်တဲ့၊ မေ
မေနဲ့ငါနဲ့ အတူနေရတဲ့အချိန်က ရှားပါးတယ်လေ၊ ငါ့ကိုသူ့ဘဝထဲ
ဆွဲခေါ်ချင်လို့တဲ့၊ ငါ ဘယ်လိုခွန်အားမျိုးနဲ့မှ မေမေ့ကိုကျောခိုင်း
သွားရက်ဘူး"

ညြရသမှာ အိုးကြွယ်လင်းနဲ့တွေ့မှပဲ သက်ပြင်းဆိုတဲ့ခံစား
ကို လုံးလုံးသိရှိသွားတော့သည်။

ဒီလိုနဲ့ပဲ အိုးကြွယ်လင်းက ညြရသရဲ့စိတ်ကို ဖမ်းစားမြှ
ဘာခဲ့ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

"ဒေါက်! . . . ဒေါက်! "

တံခါးခေါက်သံကြောင့် ချက်ပြုတ်ဖို့ပြင်ဆင်နေသော ဒေါ်မြ မွန်းခြယ်က တွန့်သွားရသည်။

ဘယ်သူလဲ။ အိမ်မှားပြန်ပြီလား။ သမီးပြန်လာတာတော့ မဖြစ်နိုင်၊ သမီးက ဗိုလ်ချုပ်ဈေးသွားမယ်လို့ပြောပြီး ထွက်သွား ခဲ့တာ မိနစ်ပိုင်းပဲရှိသေးတာပဲ။

ဒါဆို ဘယ်သူလဲ။ ဩရသဆိုတဲ့လူငယ်လားတု တွေးဆဆ လေးနှင့် တံခါးရွက်ကိုဖွင့်မိလိုက်စဉ် ဘွားခနဲပေါ်လာတဲ့ ပန်းနု



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရဲ့မျက်နှာလှလှက သူမရဲ့စိတ်တွေကို ကစဉ့်ကလျားလှုပ်ရှားသွားစေပါသည်။

သူမ သိတာပေါ့။ ဘယ်လိုပုံစံ ဘယ်လိုအခြေအနေမျိုးပဲ ပြောင်းလဲသွားပါစေ၊ သူမရင်ထဲမှာ အမြဲတိန်းဝပ်နေခဲ့သော ပန်းနုရောင်ကို သူမဘယ်သောအခါကမှမမေ့ခဲ့ဖူးပါ။

"မာမီလေး"

မျက်လုံးပြူးကြီးနှင့် ဆောက်တည်ရာမဲ့စွာစိုက်ကြည့်နေသော ဒေါ်မြမှုန်းခြယ်ကို သူမတို့ယဉ်ကျေးစွာ အံ့အားတကြီးနှင့်။

"ညည်းအာလုပ်လာတာလဲ။ ညည်း. . . ညည်း"

"မာမီလေးက အရင်လိုလှတုန်းနုတုန်းပဲ"

ထိုသို့နှုတ်ဆက်စကားက သူမရင်ကိုခါးသက်သွားစေပါ၏။ ဘာကြောင့် လိုရင်းမဟုတ်တာတွေပြောနေရတာလဲ။ သို့သော် ရပ်နေသောဧည့်သည်မှာ အိမ်ရှင်ရဲ့ခွင့်ပြုချက်မရှိသေးပါဘဲနဲ့ အိမ်ထဲသို့ ဝင်နှင့်နေပါပြီ။

ဧည့်သည်မှာ သွေးအေးပြီး သေသပ်လှပတဲ့အပြုံးတစ်ပွင့်ကို ပန်ဆင်ထားသလောက် အိမ်ရှင်မှာ အတွေးတို့ ကစဉ့်ကလျားနှင့် တုန်လှုပ်ချောက်ချားလျက်။





"မာမီလေးက သိပ်အပုန်းကောင်းတာပဲ။ ပန်းနုဖြင့် မနည်းလိုက်ရှာလိုက်ရတယ်။ အမောပဲ"

"မင်းဘာပြောချင်တာလဲ ပန်းနုရောင်"

"မတွေ့ရတာ နှစ်ပေါင်းမှမနည်းတော့တာ။ မိတ်ဟောင်းဆွေဟောင်းတွေပဲ"

"ညည်းဟာ အရင်က ပန်းနုရောင်မဟုတ်တော့သလိုပဲ"

"သဘာဝမြေစိုင်မြေသားကြီးတွေတောင် ရေကြောင့်၊ လေကြောင့်၊ ကမ္ဘာမြေရဲ့ဖိအားကြောင့် အကြောင်းအမျိုးမျိုးနဲ့ အသွင်အပြင်ပြောင်းလဲတတ်ကြသေးတာပဲ။ မာမီလေးပေးလိုက်တဲ့ဒဏ်ရာတွေက ပန်းနုရင်ထဲမှာ ပြည့်တျဉ်နေပြီ"

"ဒဏ်ရာဟောင်းတွေကိုတူးဆွဖို့ဆို ငါ့အတက်က ဆောရီးပဲ ပန်းနုရောင်"

"လူညှိစားရက်သူကြီးအကြောင်း ပုံပြင်လေးတစ်ပုဒ်ပြောပြလို့ပါ"

"အနှစ် (၂၀)ဆိုတဲ့ သံယောဇဉ်က မနည်းတော့ဘူး။ ညည်းလည်း. . . လူသားတစ်ယောက်ဆိုရင် စာနာသင့်တယ်။ ညည်းနဲ့ သံယောဇဉ်က အလွန်ဆုံးရှိမှ တစ်လ၊ ဆယ်ရက်လောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီလေးက အခုချိန်ထိ ရက်စက်နိုင်သေးတာပဲ။ ပန်းနုက အမေရင်းပါ။ အိုးကြယ်လင်းလေးက ပန်းနုရင်ထဲကဖြစ်တဲ့ ပန်းနုရဲ့သွေးအရင်းပါ။ မသက်သာလွန်းလို့ မာမီလေးနဲ့ထားပစ်ခဲ့ရတာကို မာမီလေးကိုယ်ချင်းစာသင့်တယ်"

"ညတိုင်းညတိုင်း အိပ်မရအောင် ငိုလွန်းလို့ အိပ်ရေးပျက်ခဲ့ရတာ ညတိုင်းပါပဲ။ ညည်း ငါ့ဘက်ကိုလည်း ငဲ့ကြည့်ပါဦး"

"ပန်းနုရင်ထဲမှာ မဆန့်အောင်ခံစားခဲ့ရတယ်ဆိုတာလည်း မာမီလေး ထည့်တွက်ပေးစေချင်တယ်"

"ကံကြမ္မာရဲ့ရိုက်ခတ်မှုလို့ခံယူပြီး ရေစီးကြောင်းအတိုင်း စီး သက်နေကြစို့လား"

"ပန်းနု မကြည့်ရက်ဘူး။ အထူးသဖြင့် မာမီလေးတို့အိမ် နေရာမျိုးမှာ ပိုပြီးကြည့်မနေရက်ဘူး"

"ညည်းကရော ဘယ်ဘဝက လာတာမို့လဲ"

"ခြသေ့်မင်းဟာ ဘယ်လောက်အသားစားကြူးကြူး မြွေသား တော့မစားဘူး။ ဒါကို မာမီလေးနားလည်သင့်တယ်"

"ငါက အနှစ် (၂၀)လုံးလုံး အရိပ်တကြည့်ကြည့်နဲ့ချစ်ခဲ့ရ လူပါ"





"ဒါကြောင့် ပန်းနုကို တစ်ဖန်ချစ်ခွင့်ပေးစေချင်တယ်"

"ငါ့ရင်ခွင်ကို အားရရဲ့နဲ့သာ ခွဲပစ်လိုက်ပါတော့လား"

"ပန်းနုရဲ့ရင်ထဲမှာလည်း မာမီလေးထက်မလျော့တဲ့ ခံစားချက်နဲ့ပါဆိုတာလည်း မာမီလေးခံစားသင့်တယ်"

ထိုအခါမှာတော့ ဗျက်ဝန်းအိမ်အတွင်းမှာ ပြည့်အိုင်နေတဲ့ မျက်ရည်ပေါက်တို့က အတားအဆီးမဲ့ ဖလဟောသွန်ကျလာသည်။

ဒါ မြမှုန်းခြယ်တဲ့လား။ မြမှုန်းခြယ်ဟာ မျက်ရည်ရှိတဲ့အမျိုးသမီးတဲ့လား။ သို့သော် စီးကျလာတဲ့မျက်ရည်ဥများကို သူမမြင်ခင် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ပါ၏။

"သမီးကိုခေါ်သွားဖို့ကလွဲရင် ညည်း ငါ့ဆီက ကြိုက်တာကို တောင်းခွင့်ရှိတယ်"

"ပန်းနုကလည်း သမီးကလွဲရင် ဘာမှအလိုမရှိဘူး"

"သံယောဇဉ်ကိုဖြတ်နိုင်တဲ့ဓား နင် မကိုင်ဆောင်ထားနိုင်သရွေ့ ငါ့ရင်ထဲကသမီးကို နင်ဆွဲထုတ်လို့မရဘူး"

"မာမီလေး မေ့နေတယ်နဲ့တူတယ်။ ပန်းနုက အမေရင်းလေ။ ဒါဟာ တစ်ခုတည်းသောလက်နက်ပဲ"

"ငါတောင်းပန်ပါတယ်ဝန်းနုရောင်။ ငါ့ကို သမီးနဲ့ခွဲမသွားပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ သမီးလေးပျော်ထားတဲ့ သံယောဇဉ်က သိပ်နက်ရှိုင်းလွန်းသွားပြီ"

"သံယောဇဉ်သက်တမ်းရင့်ခင် လွန်ခဲ့တဲ့ (၁၀)နှစ်တုန်းက တည်းနဲ့ အလွယ်တကူလက်လွှတ်လိုက်သင့်ခဲ့တာ"

"ငါဟာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ညည်းသိပါတယ်။ ညည်းလည်း ငါ့ရဲ့စိတ်ကိုသိသလို ငါ့ရဲ့ဘဝကိုလည်း ငါ့မှာသာငါသိတယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် အခုချိန်မှာ ညည်း. . . ငါ့ကိုကြည့်တဲ့ အကြည့်ကိုပါ ငါနားလည်နေတယ်။ ဒါပေမဲ့ ဝန်းကိုင်းမှာ သူတန်ဖိုးနဲ့သူတော့ ရှိကြပါတယ်"

"ဒါပေမဲ့ သမီးကို ခေါင်ရှန်းပန်းတော့ အဖြစ်မခံနိုင်ဘူး"

"ဖြစ်နိုင်ရင် သမီးကို ဗီမာန်နန်းနဲ့ ထားချင်ခဲ့တာပါ။ ငါဟာ မစင်တစ်ပုံဖြစ်ခဲ့မယ်ဆိုရင်တောင် မြေဩဇာအနေနဲ့ သမီးကို အလှဆုံးပန်းတစ်ပွင့်ဖြစ်အောင် ထောက်ပံ့သွားမယ်"

"အဲဒါတွေကို ပန်းနုလုပ်ဆောင်နိုင်ပါတယ်။ ပန်းနုမှာ အဲဒီလိုလုပ်ဆောင်နိုင်တဲ့ပါဝါတွေရှိနေတယ်"

"ကွဲပြားတဲ့ဘဝနှစ်ခုကို ငါသဘောပေါက်ပါတယ်။ ငါ့မှာနကို မနှိမ့်ချပါနဲ့"





"သမီးဘဝကို ပိုတင့်တယ်စေချင်ရင် ပန်းနုနဲ့ထည့်လိုက်ပါ"

"သမီးလေးနဲ့ပတ်သက်ရင် သိမ်ငယ်နေရတဲ့ ငါ့ဘဝကို ငါကိုယ်တိုင်ခါးသက်တယ်။ ဒါပေမဲ့ ငါ့အလုပ်ကိုငါ သိမ်ငယ်တယ်လို့မခံစားမိဘူး။ ငါ့အလုပ်ထဲက အချိုးမိန်းကလေးတွေဟာ ညည်းတို့ ထက် မြင့်မြတ်သူတွေဖြစ်နေလို့ပဲ။ ဒါပေမဲ့ သမီးနဲ့ပတ်သက်ပြီး ငါ့ဘဝကို ငါ့စိတ်ကူးထဲမှာ အမျိုးမျိုးပြောင်းလဲကြည့်ခဲ့ဖူးတယ်။ အမှန်အတိုင်းဝန်ခံရရင် လွန်ခဲ့တဲ့ဆယ်နှစ်တုန်းက သမီးကို မင်းလက်ထဲထည့်ဖို့ကြိုးစားခဲ့ပါသေးတယ်။ အဲဒါ ငါ သမီးကိုမချစ်လို့မဟုတ်ဘူး။ သိပ်ချစ်လွန်းလို့ပါ။ ငါလိုမိန်းမမျိုးထက်စာရင် ကားစီးနိုင်တဲ့မင်းလိုမိန်းမမျိုးကမှ သမီးရဲ့ဘဝကိုတင့်တယ်စေနိုင်မယ်လို့ပါ။ သမီးကိုယူသွားဖို့ပြောခဲ့တဲ့အချိန်တုန်းကဆို ငါဟာ ငါမဟုတ်တော့သလိုပဲ။ သမီးကမလိုက်ဘူးလို့ငြင်းဆန်သံကြားရတိုင်း လောကကြီးမှာ ငါအသက်ရှင်ချင်စိတ်တုန်သွားတယ်"

သူမတို့နှစ်ယောက်ကြားမှာ စကားဆိုသံတို့က ကြေကွဲဆို့နစ်တဲ့အသံတုန်တုန်အောက်မှာ ပျောက်ဆုံးနေခဲ့ပါသည်။ ဒေါ်မြမှုန်းခြယ်ထံမှအသက်ရှူသံပြင်းပြင်းနဲ့ ဒေါ်ပန်းနုရောင်ထံမှ အသက်ရှူသံဖျော့ဖျော့ကသာ ကြီးစိုးမင်းမူနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ မိခင်ဖြစ်နေခဲ့တယ်ဆိုရင်တောင် မိခင်မိုက်တစ်ယောက်ပါ။ သမီးရဲ့သိတတ်နားလည်မှုကိုအခွင့်အရေးယူပြီး သမီးကို အလုံခြုံဆုံးသို့ပုက်ထားခဲ့တယ်။ သမီးနဲ့ဝေးရမယ်ဆိုတဲ့ခံစားချက်ကို ထပ်ပြီးမခံစားနိုင်တော့လို့ပါ။ ငါ့ကိုကိုယ်ချင်းစာပါ"

"သမီးကို မာမီလေးဆီမှာထားခဲ့တည်းက တစ်နေ့နေ့မှာ လာခေါ်မှာပဲဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ"

"မင်းထားခဲ့တာ မွေးကင်းစတည်းက ဆယ်နှစ်လုံးလုံးနော်"

"သွေးနုသားနုနဲ့ ခြေဦးတည့်ရာထွက်ပြေးခဲ့ရတဲ့ ပန်းနုက ဘယ်လောက်ထိဒုက္ခရောက်ခဲ့သလဲဆိုတာ မာမီလေးမှမသိတာပဲ။ ပန်းနုကို တစ်မျိုးမတွေးပါနဲ့။ သမီးကို ပန်းနုခေါ်လာချင်ခဲ့တာပါ။ ဒါပေမဲ့ ပန်းနုလာမခေါ်နိုင်ခဲ့ဘူး။ မာမီလေးအပြစ်ပြောလည်း ခံရမှာပဲ။ အဲ့ဒီတုန်းက ပန်းနုကိုယ်ပန်းနု ဘယ်သူလဲဆိုတာတောင်မေ့သွားခဲ့တယ်"

"ဘာ. . . ဘယ်လို"

"ဟုတ်တယ်၊ ပန်းနုအလေးဆုံးကို ခြေဦးတည့်ရာပြေးတယ်။ ပန်းနုအထင်တော့ တောလမ်းအတိုင်း ပြေးမိသွားတယ်ထင်တယ်။ နောက်ဆုံး ပန်းနုသိလိုက်တာက လေဟာနယ်ထဲရောက်သွားတော့





တာပဲ။ ပန်းနုသတိရတော့ ဆေးရုံပေါ်မှာပါ။ ဒါပေမဲ့. . . ကိုယ်ဘယ်သူလဲဆိုတာတော့ သတိမရတော့ဘူး။ ပန်းနုကိုတယ်ခဲ့တဲ့လူပြောတာတော့ တောင်ခြေရင်းက ရေအိုင်စပ်မှာတွေ့တာတဲ့။ ပန်းနုသိုယ့်ကိုယ်ကိုသတိရချင်း သမီးဆီပြေးလာခဲ့တော့တာပဲ။ ဒါပေမဲ့ ပန်းနုနောက်ကျသွားခဲ့ပါတယ်။ ငှက်ဆိုတာ အသိုက်ရှိမှ တင့်တယ်တာပါ။ အိုးကြယ်လင်းသာ ငှက်ကလေးဆို ပန်းနုက ပင်မအသိုက်ပါ"

"မင်းဆီကို မပေးနိုင်ဘူး"

"မာမီလေး အတ္တမကြီးချင်ပါနဲ့"

"ကြိုက်သလိုထင်နိုင်တယ်"

"ကံမကုန်သေးလို့ ကြုံဖန်ဆုံလာပြီးမှတော့ ပန်းနုက အသာကြည့်လှည့်ပြန်မသွားနိုင်ပါဘူး"

"မပြန်ချင်တဲ့ညှိသည်ကို ငါတလည်း ခပ်ရိုင်းရိုင်းဆက်ဆံမှာပဲ။ ငါ့မှာ အလုပ်ရှိသေးတယ်။ ညည်းပြန်တော့"

ထိုစဉ်မှာ တံခါးမကြီးက ဝုန်းခနဲပွင့်သွားခဲ့သည်။

"တင်! သမီး"

"တင်! "



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတဲ့မြင်ကွင်းက သူမရင်ကို ထိတ်လန့်သွားစေ သည်။ သူမသိမ်အုံ့ညြသွားရသည်။ ဘယ်လိုမှတွေးထင်မထားခဲ့ ပါ။ ဘာဖြစ်လို့ ပထမအမေနဲ့ဒုတိယအမေက နှစ်ယောက်တူတူ နေရတာလဲ။

ပြီးတော့ တင်းထန်နေကြတဲ့ အမေနှစ်ယောက်ရဲ့ မျက် တွေ။ ဒုတိယအမေရဲ့မျက်ဝန်းမှာလည်း ပေကျံလက်စမျက်ရည် လက်ကျန်လေးက ဗိုးတဝါး။ အခြေအနေကို သူမခန့်မှန်းမိလိုက် သည်။ ထိုသို့ ခန့်မှန်းမိလိုက်ခြင်းနှင့်အတူ ပထမအမေအပေါ် လည်း ခါးသက်သွားရသည်။ သို့သော် ရင်ထဲမှာတော့ ရှုံးနှိမ့် နာကျင်မိသွားသည်။

အခုမှ သူမကို အိုးကြွယ်လင်းမှန်း သိသွားပြီး ဒုတိယအမေ ဆီလာတာပေါ့။ ဒါ မိခင်ရင်းတဲ့လား။ သမီးတစ်ယောက်ရှေ့မှော သို့ရောက်နေတာတောင် သမီးမှန်းမသိတဲ့အမေက သူမရဲ့မိခင် ရင်းတဲ့လား။ သူမ နာကျင်ခံစားခဲ့ရပါ၏။ ယခုလည်း သူမနှလုံး တစ်ခုလုံးနေရာမလပ် နာကျင်နေရပါပြီ။

"သမီးလေး အိုးကြွယ်လင်း"

ထိုအသံလေးက သူမ အကြားချင်ဆုံးဖြစ်နေပေမယ့်





အခါးသက်ဆုံးဖြစ်နေပြန်သည်။

"သမီးလေး . . မေမေလေ၊ မေမေ့ကို သမီးမှတ်မိနေတယ် မဟုတ်လား"

"အန်တီက အိုးတို့အိမ်ကို ဘာကိစ္စရှိလို့လဲ။ ပန်းဝတ်လျှာ၊ အိုးဆီမလာတာ တစ်ပတ်လောက်ရှိသွားပြီ"

သူမ စိမ်းစိမ်းကြီးကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ သမီး ရဲ့ပြတ်သားလှပတဲ့ထိုစကားကြောင့် ဒေါ်မြမှုန်းခြယ်ရင်ထဲ အပြစ် မတင်းသူတစ်ဦးနှယ် ဖလုံဖလဲခံစားလိုက်ရသည်။

"မေမေ . . . ဒါ၊ အိုးသူငယ်ချင်း ပန်းဝတ်လျှာနဲ့ခြံရသရဲ့ အမေလေ၊ ဒေါ်ပန်းနုရောင်တဲ့။ အန်တီ၊ ဒါက အိုးရဲ့မေမေ ဒေါ်မြ မှုန်းခြယ်တဲ့။ အန်တီက ပန်းဝတ်လျှာကိုချစ်သလိုပဲ မေမေကလည်း အိုးကိုသိပ်ချစ်တာ"

"သမီးရယ် . . . မေမေလေ့ မေမေ"

ဒေါ်ပန်းနုရောင်နှုတ်ဖျားထက်က စကားလုံးများသည် မေ မေဆိုသောစကားသံအောက်၌ဝင် လည်ချောင်းဝမှာ အတုံးအခဲ ကျွန်းကုန်၏။ စကားလုံးတွေအစား မျက်ရည်များသာ ဒလဟော သွန်ကျလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ပေါက်တွေကသာ အလေးနက်ဆုံးဖြောင့်ချက်တစ်ခုဆိုရင် အနက်ရှိုင်းဆုံးမေတ္တာတရားအတွက် အယူခံဝင်ခြင်းပေငြား၊

"အိုးဆီ, ဩရသလည်း ရောက်မလာသလို ပန်းဝတ်လွှာလည်း ပေါ်မလာပါဘူး"

"အဲ့ဒါကြောင့် မစာတ်ပါဘူးသမီးရယ်"

"ပန်းဝတ်လွှာနဲ့ဩရသကြောင့်မှလွဲရင် အန်တီနဲ့အိုးတို့ကြားမှာ ဘာအကန့်မှမရှိဘူး၊ အန်တီတို့အိမ်ကို အိုးရောက်လာတည်းကအန်တီရဲ့မျက်ဝန်းတို့ အိုးဖတ်တတ်ပါတယ်၊ အန်တီရဲ့သားနဲ့သမီးတို့ အိုးလိုမိန်းကလေးမျိုးနဲ့မပေါင်းသင်းအပ်ဖူးလို့ယူဆရင် အိုးမပေါင်းပါဘူး၊ မေမေ့ကိုတော့ ဘာစကားနာမှမထိုးပါနဲ့၊ အိုးမေမေတ ခိုနားစရာမရှိဘူး"

ရက်စက်လှချည်လားသမီးရယ်၊ မေမေ့ကို ဘယ်လိုငြေါ်လုံးတွေနဲ့ ပစ်ထည့်လိုက်တာလဲ၊ ဒီအချိန်မှာ ပွဲကြည့်ပရိသတ်ဖြစ်သွားသူကတော့ တိုက်ဆိုင်မှုများကို အံ့အားတကြီး မှင်တက်နေသောမြမှုန်းခြယ်ပဲဖြစ်တော့သည်၊

"အဲ့ဒီသဘောမျိုးမဟုတ်ပါဘူးသမီးရယ်၊ မေမေ တတယ်





သိလို့ဖြစ်သွားခဲ့တာပါ"

"မေမေ. . . ဟုတ်လား"

"သမီးရယ်. . . မေမေကိုမလှောင်ပါနဲ့၊ မေမေ့ကို သမီးမှတ်မိပါတယ်၊ ဒါကို မေမေသိတယ်"

"အိုးမှာ မေမေဆိုတာတစ်ယောက်တည်းရှိတယ်၊ အဲ့ဒါ ဒေါ်မြမှုန်းခြယ်ပါ၊ အိုးဟာ ဘယ်ပုံစံဖြစ်ဖြစ် မမေ့မလျော့နဲ့ အိုးပုံစံတိုအလွတ်ရနေမယ့်သူတလည်း ဒေါ်မြမှုန်းခြယ်တစ်ယောက်တည်းပဲ"

"သမီးရယ်. . . အမှန်တရားကိုလက်ခံလိုက်စမ်းပါ၊ သမီးင်ထဲမှာ အမှန်တရားက ရာခိုင်နှုန်းပြည့်လုနီးရှိနေပါတယ်"

"မွေးကင်းစ, လူ့လောကဆိုတာ ဘာမှန်းမသိသေးတဲ့အရွယ်မှာ တခြားလူတစ်ယောက်လက်ထဲ ထိုးကျွေးသွားတဲ့လူဟာ မိခင်ပါသလား၊ ဖခုံးလက်နှစ်လုံး ဖဝါးလက်နှစ်သစ်အရွယ်ကစပြီးခင်တွေကအစ မရှုံမရှာနဲ့၊ နေ့မနားညမအား အပင်ပန်းခံစောင့်ရှောက်ခဲ့ရတာကို မိခင်ခေါ်သလား၊ ဘယ်သူဟာ မိခင်ဖြစ်ထိုက်သလဲ၊ ဘယ်သူဟာ အမေလဲ"

"သမီးရယ်"

"သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မြေလေ. . . မြေပါ၊ ဒိုး,မသိလို့ တစ်ဆိတ်လောက်မြေ

ပါ။ မြေပါ"

သမီးရဲ့မကျေမနပ်နှင့် အော်သံစူးစူးအဆုံးမှာတော့ မျ

ရည်တွေအတုံးအရုံးနဲ့ပြေးထွက်သွားသူက ဒေါ်ပန်းနုရောင်ပဲ

နေတော့သည်။ ဒေါ်ပန်းနုရောင်ပြေးထွက်သွားပြီးသည့်နောက်

မှာလည်း အိပ်ခန်းထဲ ဒလဟောပြေးဝင်သွားသူက ဒိုးကြယ်

မဲမို့ သက်ပြင်းချသူမှာ ဒေါ်မြမှုန်းခြယ်ပဲ ဖြစ်နေပေတော့သည်

ထူးဆန်းတဲ့တိုက်ဆိုင်မှုများကြောင့် အံ့ဩသင့် မှင်တ

သွားခဲ့ရတာပါ။ ဒါကြောင့် သမီးက အခုတလော သူမကိုထူးဆ

တဲ့စကားတွေဆိုနေတာပါလားဆိုတာ လုံးဝသဘောပေါက်သွ

သည်။

အိပ်ခန်းထဲမှထွက်ပေါ်လာတဲ့ သမီးရဲ့ရှိုက်သံသဲ့သဲ့ကြေ

သူမမှာ အလိုလိုနေရင်း ကျွန်းသူကြီးဖြစ်သွားရကာ ဆိုဖာခုံ

ပုံပျက်ပန်းပျက် ဝုန်းခနဲထိုင်ချလိုက်မိပါတော့သည်။

★★★



## အခန်း ( ၁၃ )

"မေမေ့ကို ဆေးရုံတင်ထားရတယ်"

ဆိုတဲ့ ဩရသရဲ့အမှတ်တမဲ့စကားက သူမရဲ့စိတ်နဲ့ခန္ဓာကို

ပ်စစီ လွင့်ပျံ့သွားစေပါ၏။ စိုးရိမ်သွားမိ၍ ဘာကြောင့်လဲဆိုတာ

ကို မေးပစ်လိုက်ချင်ပါသော်လည်း နှုတ်မှမထွက်ဝံ့။

သို့သော် အကင်းပါးတဲ့ဩရသက သူမရဲ့မျက်နှာကဲကိုကြည့်

ာ. . .

"အိပ်တော့ စိုးရိမ်စရာမရှိပါဘူး။ ဒါပေမဲ့ ဝတ်လွှာကတော့

ိမ်လွန်ပြီး မေမေ့နားက မခွာတော့ဘူး။ ဝတ်လွှာ စိုးရိမ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



လည်း စိုးရိမ်စရာပဲ။ မေမေက ဝတ်လွှာလိုမဟုတ်ဘူး။ သိပ်ကျွန်း

တာ"

ဒါဆို ဒီကိစ္စက သူမကြောင့်ပါ။ သူမပြောလိုက်တဲ့ စေ

တွေက မေမေ့အပေါ် သိပ်လွှမ်းကဲသွားပြီလား။

"ငါ ဒီနေ့စောစောပြန်ဖြစ်မယ်၊ ဆေးရုံဝင်ဦးမယ်လေ။

လိုက်ဦးမလား"

"ငါက ဘာကိစ္စနဲ့လိုက်ရမှာလဲ"

"သိဘူးလေ၊ နင်များလိုက်ချင်မလားလို့ပါ။ တဲ. . . ငါ

မယ်၊ နင်လည်းစောစောပြန်ဦး၊ လျှောက်လေမနေနဲ့"

သူမက ခေါင်းညိတ်ပြလိုက်မိပေမယ့် အတွေးတို့က

ကလျှား။ အမှန်တကယ်တော့ ဩရသနဲ့ ပန်းဝတ်လွှာက မေ

သွေးသားမတော်စပ်ကြသူတွေ၊ သံယောဇဉ်သက်သက်လူသား

သာ။ သူမကသာ လောကမှာ တစ်ဦးတည်းသောမေမေ့သမီးအ

ကြီးဖြစ်ပါရဲ့နဲ့ သူမဘာယ်လိုဆုံးဖြတ်ရမှာလဲ။

ပန်းဝတ်လွှာကတော့ စိတ်ပူပြီး စောင့်မျှော်နေပါတယ်

တော့ မေမေရဲ့အခြေအနေ၊ သူမဘာမှမဆုံးဖြတ်နိုင်ခင်မှာပဲ

တက္ကစီတစ်စီး ငှားပြီးနေပါပြီ၊ အခြေအနေကို ဩရသက ချက်





သိလိုက်သည်။ ဒါကြောင့်ပင် ဖြတ်ကျန်လုလု တက္ကစီတစ်စီးကို

အရောက်ဆွဲယ်ကာ ခေါ်လာခဲ့သည်။

ထိုအချိန်မှာတော့ ဩရသနဲ့နှုတ်ခမ်းစွန်းမှာ ကျေနပ်ပြုံးကြီး

မင်းမှုလျက်ပင်။ သူတားပေါ်ကဆင်းပြီးချိန်ထိ ထိုတက္ကစီထဲမှ ဘာ

အရိပ်အယောင်မှ ထွက်ပေါ်မလာသေး။ သူ မသိလိုက်မသိဖာသာ

ပင် အဆောက်အဦကြီးထဲ လှမ်းဝင်ခဲ့ချေသည်။ ထိုအချိန်ထိ သူမ

မှာ ဩရသနောက်လိုက်ရန်သင့်မသင့် မဆုံးဖြတ်နိုင်သေး။

"အစ်မ. . . အစ်မ, ဒီအတိုင်းထိုင်နေတော့မှာလား"

"အင်း. . . အဲ. . . ဩော်"

ဟု အိုးတိုးအမ်းတမ်းလေးဆိုကာ တားတံခါးဖွင့်ဆင်းမည်

အပြု၊ အဆောက်အဦကြီးထဲမှ ဘွားခနဲပေါ်လာခဲ့တဲ့ပန်းဝတ်လွှာရဲ့

မျက်နှာလှုလှုကြောင့် သရဲတွေ့လိုက်သူတစ်ဦးနှယ် သူမတာ စော

စောကကားထဲ အလျင်အမြန်တိုးဝင်သွားပြန်သည်။ စစ်ယောက်

တည်းချိတုံချတုံနှင့် အလုပ်ရှုပ်နေသောသူမကို ကားဆရာက စိတ်

မရှည်နိုင်တော့၍ ကျွတ်ခနဲစုပ်သပ်လိုက်သည်။

"ခဏလေးပါရှင်. . . ခဏလေး"

ပန်းဝတ်လွှာက သူမ၏ကားနီနီလေးပေါ်တက်ပြီး အသာ



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်သွားတော့မှ သူမက ကားပေါ်မှ ကုတ်ချောင်းချောင်းလေး ဆင်းခဲ့လိုက်သည်။ ဆင်းလာခဲ့မိပေမယ့် သူမဘယ်သွားလို့ ဘယ်လာရမှန်းမသိနိုင်သေး။ ရှေ့ဆက်သွားရကောင်းနိုး နောက်ကြောင်းပြန်ခေါက်ရကောင်းနိုး ချီတုံချတုံနှင့်။

တိုစဉ် သူမရှေ့မှာ ဘာအရေးကိစ္စမှန်းမသိ ဝိုးတဝါးဖြတ်လျှောက်သွားတဲ့ခြရာသရဲ့ အရိပ်သဏ္ဌာန်ကြောင့် ပြုရသထွက်လာခဲ့သောအခန်းတံခါးဝကို မရဲတရဲလေးချောင်းကြည့်လိုက်စဉ် သူမ ထိတ်လန့်သွားရသည်။

အကြောင်းမှာ ဆေးပိုက်တန်းလန်းနှင့် အိပ်ရာပေါ်မှာ ခွေခွေလေးငြိမ်သက်နေသော ဒေါ်ပန်းနုရောင့်ကြောင့်ဖြစ်သည်။ မြင်ကွင်းကြောင့် သူမရဲ့စိတ်တွေ ဘယ်လောက်တောင်ချောင်းဆန်သွားမှန်းမသိ။ သူမခြေလှမ်းတို့ ခုတင်ဘေးနားရောက်ခဲ့တာကိုဝင် သူမကိုယ်သူမ,မသိလိုက်။ သူမက အန်တီလို့သာ စွဲစွဲမြဲမြဲခေါ်နေသော အမျိုးသမီးတစ်ယောက်အတွက်နဲ့ သူမမျက်ဝန်းက အရည်ကြည်တို့ ဘာကြောင့်လျှံထွက်နေရတာလဲ။

နွမ်းလျှစွာငြိုကျနေသော လက်ချောင်းဖွေးဖွေးလေးတွေကို သူမ မရဲတရဲလေးတို့ထိမိလိုက်ပြီးမှ လက်များကိုပြန်ရုပ်သိမ်း





လိုက်သည်။ ဖျော့သော့စွာ မှေးစက်နေသော ကျက်သရေရှိတဲ့ မျက်နှာညှိုးညှိုးကိုသာ စိုက်ကြည့်ရင်း မျက်ရည်ဥကြီးများသာ တသွင်သွင်စီးကျနေဖြစ်တော့သည်။ သူမသတိလက်လွတ် တသိမ့်သိမ့်ရှိုက်ငိုနေဖြစ်သည်ထင်ပါ၏။

"အိုးကြယ်လင်း"

အသံတိုးတိုးလေးခေါ်သံက သူမကိုချောက်ချားသွားစေပါ၏။ သူမက အခန်းထဲခွင့်ပြုချက်မရှိဘဲ နိုးဝင်ခဲ့မိတာတို့။

"ရသ. . . ငါ"

ရှိုက်ကြီးတငင် ငိုရှိုက်နေသော သူမလေးက သူ့ရင်ခုန်သံစောင်းကြိုးတွေကို အညင်သာဆုံးနှင့် အပြင်းရှဆုံး ရိုက်ခတ်သွားခဲ့ပါတော့သည်။ မျက်ရည်ဥတွေတွဲခိုနေတဲ့ သူမမျက်ဝန်းလှလှကြီးတွေကို သူ,စွဲရှုရက်နိုင်တော့။ သူမမျက်ဝန်းမှတစ်ဆင့် သူမရဲ့ရင်တွင်းခံစားချက်များက သူ့နှလုံးသားတို့ အလိုလိုကူးစက်ပြလာခဲ့မိသလို။

"အဲ့ဒါ ငါ့ကြောင့်ထင်တယ်"

အသံတုန်တုန်လေးနဲ့ မဝံ့မရဲလေးပြောလာချိန်မှာတော့ သူ့နှလုံးသားက ခံနိုင်ရည်မရှိတော့ပြီ။ သူမခန္ဓာကိုယ်လှလှလေးတို့သာ ရင်ခွင်ကျယ်ကြီးထဲ ဆွဲသွင်းထားမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားသံသို့သဲ့ကြောင့် မှေးစက်နေသော ဒေါ်ပန်းနုရောင် နိုးထနေခဲ့ပါပြီ။ သို့သော် မပီဝိုးတဝါးတွေ့လိုက်ရတဲ့မြင်ကွင်းလှုပ ကြောင့် ပွင့်ချင်နေခဲ့သောမျက်ဝန်းများကို ပြန်ပိတ်ချပစ်လိုက် သည်။

သေချာသည်။ သူမနှုတ်ခမ်းစွန်းလေးမှာ အပြုံးစလေး ပေ သွားလိမ့်မည်။

* * *



အခန်း (၂၀)

"အိုးကြယ်လင်း . . နင့်ကို မေမေက တွေ့ချင်လို့တဲ့"

ဩရသရဲ့စကားသံက သူမအတွေးစတို့ကို ကစဉ့်ကလျား ဖြစ်သွားစေပါသည်။

"နင်လိုက်ခဲ့မယ်မဟုတ်လား"

"ဟင့်အင်း . . ငါမတွေ့ချင်ဘူး"

"နင်မလိမ်ပါနဲ့၊ နင်တွေ့ချင်နေပါတယ်။ သာကြောင်း ကြောင်း နင် ငါ့ကိုမေးချင်နေတာပါ"

"ဟင့်အင်း၊ ငါတကယ်မတွေ့ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ နင်ညာပါ၊ ဒါပေမဲ့ နင့်စိတ်ကိုနင်တော့ မညာမိစေနဲ့၊ အဆုံးမှာ နင်သိပ်ခံစားရလိမ့်မယ်"

"ငါ့ဘဝက ခံစားရတာတွေကြားထဲမှာ နေသားကျပြီးသားပါ၊ ထပ်ခံစားရမှာကိုလည်း ငါမကြောက်တော့ဘူး"

"ဖိုးကြယ်လင်း"

"နင်သဘာဝကျကျပဲ တွေးပေးကြည့်ပါ၊ သူမှာက နင်တို့တွေရှိတယ်၊ မမေမှာက ငါတစ်ယောက်တည်း၊ ငါနဲ့ဝေးခဲ့ရတဲ့သက်တမ်းက မနည်းတော့ပါဘဲနဲ့၊ သူ နင်တို့တွေနဲ့ ကောင်းကောင်းအသက်ရှင်နေထိုင်ခဲ့တာပဲ၊ မေမေ့မှာသာ ငါမရှိရင် ရူးရလိမ့်မယ်၊ အဲ့ဒါဘာဖြစ်လို့လဲသိလား၊ သူ့ထက် မေမေက ငါ့ကိုပိုချစ်လို့ပဲ၊ ငါ့ရင်ထဲမှာ အေးအောင်ကြေကွဲဝမ်းနည်းသွားပါစေ၊ ငါ မေမေ့ကို ဘယ်တော့မှ ကျောခိုင်းမသွားဘူး၊ ဒီဆုံးဖြတ်ချက်က ငါ့ရင်ထဲမှာ ဆယ်နှစ်လုံးလုံးရှိခဲ့တာမို့ အမြစ်တွယ်နေခဲ့ပါပြီ"

သူ့ရင်ထဲ အနေခက်လှပါပြီ၊ အရင်တလို သွက်လက်မြူးကြွနေတဲ့ဖိုးကြယ်လင်းက ဘယ်ဆီရောက်သွားခဲ့ပြီလဲ၊ သူ့မျက်နှာမှာ ဇွဲဝေမှုတွေ လေးလံထိုင်းမှိုင်းနေပါသည်၊ သူ့ရင်ထဲမှာ သူမလေးအပေါ် လေးနက်စွာကရုဏာသက်သွားမိသလို၊





"ငါ နင့်ကိုပြောခဲ့ဖူးပါတယ်၊ ပထမအမေကိုချစ်တယ်၊ ဒါပေမဲ့. . . စိတ်နာတယ်လို့"

"သတ်ရောက်မှုတိုင်းမှာ နိုင်လုံတဲ့အကြောင်းပြချက်တ ရှိကြစမြဲပဲ"

"ငါ့အတွက် အကြောင်းပြချက်မလိုဘူး၊ အဲ့ဒီအကြောင်းပြချက်တွေကိုလည်း စိတ်မဝင်စားဘူး"

"နင့်စကားလုံးတွေထဲမှာ မေမေ့ကို နာကြည်းနေတာတွေ ငါတွေ့နေရတယ်၊ မေမေ့ကို မနာကြည်းပါနဲ့၊ ငါ့ကိုသာ နင်အပြစ်တင်လိုက်ပါတော့"

"ဟင်!ဘာလဲ ဘာကြောင့်လဲ၊ ဒါတွေက နင်သဘောမပေါက်ခင်တုန်းက ကိစ္စရပ်တွေပါ"

"ငါနင့်ကိုပြောခဲ့ဖူးတယ်မဟုတ်လား၊ မေမေက ငါ့ကိုဝမ်းလက်နှစ်လုံး၊ ဝန်းလက်နှစ်သစ်အရွယ်တည်းက စောင့်ရှောက်ခဲ့တာပါလို့၊ အဲ့ဒီတုန်းက မေမေက အတိတ်မေ့ရောဂါသည်ပါ၊ သူ့အတိတ်ကိုလည်း သတိရသွားရော၊ ငါနဲ့မေမေ့နားက မေမေ့နှင့်ခွာထွက်ပြေးဖို့ ကြိုးစားခဲ့တယ်၊ နင့်ဆီသွားဖို့ကြိုးစားတဲ့အချိန်တိုင်းလည်း ငါ့ကြောင့် မအောင်မြင်ခဲ့ဘူး၊ အပြစ်တင်မယ်ဆိုရင် အဲ့ဒီတရား



www.burmeseclassic.com

www.burmeseclassic.com



ခိက ငါပါ။ ငါကပဲ အပြစ်ရှိဆုံးလူပါ"

"ငါ့စိတ်ကို ငါနားမလည်ဘူးဩရသ။ ငါ့စိတ်ကိုငါ မသိနိုင်သေးသရွေ့ ငါဘယ်သူ့ကိုမှမတွေ့ချင်ဘူး"

"နင့်ကို ငါ ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ နင် မှန်မှန်ကန်ကန်ဆုံးဖြတ်နားလည်ဖို့ ငါမျှော်လင့်တယ်"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး လေးနက်စွာစူးစိုက်ကြည့်ဖြစ်သွားကြသည်။ ထိုအချိန်လေးအတွင်းမှာ လျှပ်ပန်းလျှပ်နွယ်သို့ ဖြာဝေကူးယှက်သွားရပါသည်။

ထိုမြင်ကွင်းကို အဝေးတစ်နေရာမှ ငေးကြည့်နေသူမှာ ဖန်ဝတ်လွှာပဲဖြစ်တော့သည်။ သူမရင်ထဲမှာ မိုးကြိုးများစွာတို့ ဖြိုခွဲပစ်ခွင်းနေပါပြီ။

သူမသိမ်မြစ်ချင်ခဲ့သောမေမေရဲ့သမီးရင်းက အိုးကြယ်လင်းတဲ့။ သူမရင်ထဲ နာကျင်သွားရသည်။ သမီးရင်းကိုရှာဖွေမျှော်လင့်ခဲ့သောမေမေက အခုဆို သူမကိုအရင်လိုချစ်ဦးမှာလား။

အရင်ကာ ဘာမှမသိသေးခင်တုန်းကတည်းကတောင် အိုးကြယ်လင်းအပေါ် ငြိတွယ်နေသော ဩရသကရော မေမေ့သမီးရင်း အိုးကြယ်လင်းထက် သူမကိုခင်တွယ်ဦးမှာလား။





သူမရဲ့ဘယ်ဘက်ရင်အုံတစ်ဖက်က နာကျင်လာရသည်။ နာကျင်လွန်းတဲ့ဝေဒနာကြောင့် ရင်ဘတ်ကို လက်ကလေးနှင့်အသာအယာဖိကပ်ထားလိုက်သည်။

သူမမျက်ဝန်းထဲမှာတော့ မျက်ရည်တို့က ဒလဟောသွန်ကျနေပါပြီ။ ကံကြမ္မာဟာ သူမအပေါ် ရက်စက်ခဲ့မယ်ဆိုရင်တောင် လက်ဆောင်လေးတော့ ပေးသင့်ပါသေးတယ်။ အခုတော့ သူမအာဝ ဗလာချည်းသက်သက်။

အမေပါလို့ ခံယူထားမိသူကလည်း တခြားလူရဲ့အမေတဲ့။ တွယ်တာသူပါလို့ခံယူထားမိပြန်သူကျတော့လည်း တွယ်တာသူရဲ့စိတ်ဟာ တခြားလူတစ်ယောက်ထံပါးမှာ။ ဒါဆို သူမရဲ့အသက်ရှူခြင်းက ဘာတဲ့လဲ။ သူမရဲ့ရှင်သန်ခြင်းက ဘာလဲ။

အလကားသက်သက် လူတွေရဲ့ခံစားချက်တို့ ကနဲ့လန့်တိုက်ဖို့လား။ ပြီးတော့ သူမတွယ်တာရပါတယ်ဆိုသော သိပ်ချစ်တဲ့မေမေ၊ မေမေ့ရဲ့မျက်ရည်တွေ၊ ကြိတ်ငိုနေတဲ့မေမေ့ရဲ့မျက်ရည်တွေက သူမနှလုံးသားကိုနာကျင်စေပါသည်။ သူမဘာလုပ်သင့်သလဲဆိုတာ ဘာမှမစဉ်းစားနိုင်တော့။

အိုးကြယ်လင်းနဲ့ဆုံစည်းစေခြင်းတို့လည်း ကံကြမ္မာကိုအပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင်မိသလို။ အိုးကြွယ်လင်းကို ခင်မိမင်မိတဲ့ သူမရဲ့စိတ်ကိုလည်း သူမအဖြစ်တင်မဆုံးတော့။

အိုးကြွယ်လင်းကို သူမခင်ပါသည်။

သို့သော် အိုးကြွယ်လင်းကို မုန်းသည်။

သူမ မရနိုင်တော့တာမုန်သမျှကို ပိုင်ဆိုင်ထားလို့လား။

မေမေ့ကိုမျက်ရည်ကျအောင်လုပ်ပြီး ရသကို သောကတွေ ပေးလို့လား။

ဒါကို သူမ,မသိ။

သူမသိတာ အိုးကြွယ်လင်းကိုမုန်းမိတာပါပဲ။

***



အခန်း ( ၂၃ )

"မေမေ"

"ဟင်. . . သမီး, လာလေ"

ခေါ်သံတစ်ခုကိုသာ အသိပြုပြီး တံခါးဝမှာရပ်နေသော [illegible] တတ်လွှာကို ခေါ်ငင်လိုက်သည်။

"စိတ်လွှာကိုပြောပြနေကျ ပုံပြင်ထဲက နတ်သမီး[illegible] အယ်သူလဲဟင်"

သူမမျက်ဝန်းများ ပြူးကျယ်ဝိုင်းစက်သွားရသည်။ [illegible]တာ ဘာမှန်းမသိသေးခင်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com

"အိုးကြယ်လင်းမဟုတ်လားဟင်"

"သမီး"

"ရပါတယ် သမီးက ဘယ်လိုမှမနေပါဘူး။ ဝတ်လွှာ ဒီမိသား စုထဲဝင်ကတည်းက အဖြည့်ခံသက်သက်ညှော်သည်တစ်ယောက်ပ မေမေ့ကိုကျေးဇူးတင်ပါတယ်။ ရသရဲ့အမြင်မှာ ဝတ်လွှာကိုမေမေ့ သမီးရင်းလို့ထင်မြင်စေခဲ့လို့ပါ။ ဝတ်လွှာက ညှော်သည်ပါမေမေ အိုးကြယ်လင်းက နေရာမှန်မှာရှိသင့်သူပါ"

"မဟုတ်ဘူးသမီး"

"မဟုတ်ဘူးဆိုတာ သမီးပြောတာတွေ မှားနေတာလား။ အိုး ကြယ်လင်းမဟုတ်တာလား။ အဲ့ဒီလိုဖြစ်ရင် သိပ်ကောင်းမှာနော် ဝတ်လွှာ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ မေမေ့သမီးရင်းက ဝတ်လွှာဖြ နေရင် သိပ်ကောင်းမှာပဲလို့"

"သမီးဟာလည်း မေမေ့သမီးပါပဲ"

"မေမေပြောတဲ့ပုံပြင်ထဲက နတ်သမီးလေး ဝတ်လွှာသိပ်ဖြ ဖူးချင်ခဲ့တယ်။ ဝတ်လွှာ ဘယ်တော့မှဖြစ်ခွင့်မရှိတော့ဘူးပေါ့နော်"

"သမီးရယ်"

"မေမေ့ကိုကျေးဇူးတင်ပါတယ်။ ခြောက်သွေ့နေတဲ့ဝတ်လွှ





ရဲ့ဘဝက မေမေနဲ့မှ စိုပြည်လာရလို့ပါ။ ဝတ်လွှာ, ဘုန်းတော်ကြီး ကျောင်းမှာနေတုန်းက စာတစ်ပိုဒ်ဖတ်ဖူးတယ်၊ သေသွားခဲ့ရင် လည်း မြေကြီး၊ ရှင်သန်ခဲ့ရင်လည်း ကောင်းတင်၊ စံစားခဲ့ရင်လည်း ဝိမာန်တဲ့။ မေမေက ဝတ်လွှာအတွက် ဝိမာန်ကြီးပါ။ ကောင်းတင် အဖြစ်လည်း ခံစားခွင့်ပေးတယ်၊ ကျေးဇူးတင်ပါတယ်မေမေ"

သူမရဲ့ငိုရှိုက်သံတာ ဒေါ်ပန်းနုရောင်ရဲ့ရင်ထဲက အနက်ရှိုင်း ဆုံး နှလုံးသားတစ်လွှာကို ထိုးဖောက်ပစ်ခွင်းသွားပါ၏။

ဒေါ်ပန်းနုရောင်ရဲ့ရင်ထဲမှာ တွေဝေမှုတွေနှင့် လေးလံ ဝိ တျဝ်နေသည်။

တစ်ခုခုကိုဆုံးရှုံးပြီးမှလည်း တစ်ခုခုကို ရယူလက်ခံမထား ချင်။

ရောဝါသည်သမီးလေးဝတ်လွှာကိုလည်း သိပ်ချစ်ပါသည်၊

သို့သော် ရင်မှဖြစ်သောသမီးအိုးကြယ်လင်းကိုလည်း ရင်ခွင် ထဲမှာ နွေးထွေးစေချင်လှသည်။

သူမနှစ်ဖက်လုံးကို မြဲမြဲစွာဆုပ်ကိုင်နိုင်ပါ့မလား. . .

သူမကိုယ်သူမရော ယုံကြည်နေသေးရဲ့လား. . .

သို့သော် အခန်းထဲမှပြေးထွက်သွားသော သမီးရဲ့ခြေသံမြင်း



www.burmeseclassic.com

www.burmeseclassic.com



မြင်းက သူမနှလုံးသားကို တစ်ဆစ်ဆစ် နာကျင်အောင်ခဲ့သွားစေပါ၏။

***



## အခန်း ( ၂၂ )

"သမီး"

ဒီအသံကို သူမအလွတ်ရနေပါသည်။ သို့သော် သူမလှည့်မကြည့်ပါ။ သူမလှည့်ကြည့်လိုက်ရင် သူမနှလုံးသားတစ်ခုလုံး ကစဉ့်ကလျားနဲ့ ဆောက်တည်ရာမဲ့ဖြစ်သွားမှာစိုးလို့ပါ။

"ကျွန်မနာမည် အိုးကြွယ်လင်းပါ"

"သိပ်လှပါတယ်။ ဒီနာမည်က သိပ်လှပါတယ်။ ကြွယ်လေး တစ်ပွင့်လိုတောက်ပနေတာပေါ့နော်။ အဲ့ဒီနာမည်ကို ဘယ်သူပေးခဲ့တာလဲသိလား"



www.burmeseclassic.com

www.burmeseclassic.com



သူမဘယ်တုန်းကမှ မသိခဲ့ဖူးတဲ့အကြောင်းအရာမို့ ရုတ်တရက်ရှုးစမ်းမိသွားသည်။

"သမီးရဲ့ဖေဖေ ကိုဖုန်းနိုင်ပေါ့"

ဖေဖေဆိုသောစကားလုံးကြောင့် သူမရင်ထဲ ထိရှသွားရပါသည်။ ဖေဖေဟာ ဘယ်လိုပုံစံမျိုးလဲဆိုတာ သူမနှလုံးသားထဲမှာ အမျိုးမျိုးပုံဖော်ကြည့်ခဲ့ဖူးလို့ပါ။

"သမီးက သမီးဖေဖေနဲ့သိပ်တူတာ။ သမီးငယ်လေးတုန်းက အိုးလေးလို လုံးဖောင်းဖောင်း ပြည့်ဝန်းဝန်းကြောင့် အနာဂတ်မှာ ထွန်းလင်းတောက်ပအောင်လို့ အိုးကြယ်လင်းလို့နာမည်ပေးထားတာ။ သမီးမမှတ်မိလို့ပါ။ မီးတောက်မီးလျှံတွေကြား ကူးယှက်နေတဲ့ မေမေ့ကို သမီးမမှတ်မိလို့ပါ။ ငါ့သမီးလေးက ဘယ်လိုလုပ်မှတ်မိဦးမလဲ။ အဲ့ဒီချိန်တုန်းက သိပ်ငယ်သေးတာကိုး"

သူမမျက်ဝန်းထက်မှာ ပြည့်အိုင်နေသောမျက်ရည်မှုန်လေးတွေကို လှမ်းမြင်မခံပါ။ ခေါင်းကိုသာသွင်သွင်ငုံ့လျက်။

"မေမေသိပ်ဝမ်းနည်းခဲ့ရဖူးတယ်။ သမီးက မေမေ့ကို အန်တီကြီး ပြန်ပါတော့တဲ့။ မေမေဟာ သမီးရဲ့အမေရင်းပါသမီးရယ်။ သမီးမေမေ့နောက်ပြန်မလိုက်ဖူးဆိုရင်တောင် အန်တီလို့မခေါ်ပေး





ပါနဲ့။ မေမေလေ, မေမေသိပ်ခံစားရလို့ပါ"

သူမထံပါးမှ ငိုရှိုက်သံသဲ့သဲ့က မထင်မှတ်ဘဲထွက်ပေါ်လာရသည်။ ဒေါ်ပန်းနုရောင်က ငိုရှိုက်နေသောသမီးရဲ့ခေါင်းကလေးကို ဖွဖွပွတ်သပ်ပေးလိုက်သည်။ ကိုယ်မွေးခဲ့တဲ့သမီးပဲ။ သမီးရင်ထဲတခံစားချက်ကို သူမဖတ်တတ်တာပေါ့။

သမီးရင်ထဲက ဒွန်တွဲနေတဲ့ဆုံးဖြတ်ချက်နှစ်ခုကိုလည်း သူမသိမြင်ခံစားရပါ၏။ ကံကြမ္မာ၏လှည့်ကွက်တစ်ခုကို မနှစ်မြို့မိသော်လည်း သမီးရဲ့ဆုံးဖြတ်တစ်ခုကိုတော့ ငုံလင့်စွာမျှော်လင့်နေမိပါ၏။

သမီးက သူ့မေမေခြယ်ကိုလည်း သိပ်တွယ်တာနေတာပါလားဆိုတာလည်း သူမနာကျင်စွာခံစားသိရှိမိပါသည်။ သမီးရင်ထဲမှာ ဗလောင်ဆူနေခဲ့မယ်ဆိုတာကိုသိသိကြီးပေမယ့် ခွဲတဲ့လက်တစ်ဖက်ကိုမလွှတ်ချင်တော့။

သမီးကတော့ မျက်ရည်တွေအရွှဲသားနှင့် သူမကိုမော့ကြည့်လာပါသည်။ သူမရင်ထဲမှာ ဘယ်တုန်းကမှမဖြစ်ပေါ်ဖူးသောအင်အားတို့ဖြစ်ထွန်းလာရသည်။ သမီးရဲ့မျက်ရည်တွေဟာ သူမကိုမမုန်းပါဘူး အသိအမှတ်ပြုပါတယ်ဆိုတာ သက်သေခံနေတာမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါတယ်သမီးရယ်။

ဒီလိုလေးနဲ့တင် မေမေ့ရင်ထဲနေလို့ရနေပါပြီ။ ထိုအချိန်မှာတော့ ကျူကျူပါအောင်ငိုနေသောသမီးကို ဒေါ်ပန်းနုရောင် တွေ့တွေ့ထားမိပါတော့သည်။

ထိုမြင်ကွင်းကို အဝေးတစ်နေရာမှစောင့်ကြည့်နေသော ဒေါ်မြမှုန်းခြယ်က တွေ့ရှိသွားခဲ့ပါသည်။

သူမရင်ထဲက သယ်ဇာတာတွေ ရှော့ကျပျက်ဆိုးရှုံးသွားသလို ခံစားလိုက်ရသည်။ သူမနှလုံးသားတစ်ခုလုံး အစိတ်စိတ်အမွှာမွှာကွဲအက်ကြေမွသွား၍ နေမရနိုင်တော့။ ထိုမြင်ကွင်းကို သူမနှလုံးသားနဲ့လည်း မကြည့်နိုင်တော့သလို မျက်ဝန်းနဲ့လည်း မကြည့်နိုင်တော့ပါ။

သူမဟာ တကယ်ပဲ သမီးရဲ့ပျော်ရွှင်မှုအတွက် ခလုတ်တန်သင်းဖြစ်နေပြီလား။ သမီးလေးသာ အပင်တစ်ပင်ဆိုရင် သူမက ကျိုးကျေပျက်စီးစေတဲ့ မုန်တိုင်းကြီးပေါ့။

သမီးရယ် . . . မိခင်ဆိုတာ အမြည့်ခံပဲဖြစ်သင့်သူပါ။ မေမေ့ရဲ့ဘဝကိုသာ သမီးက အမြည့်ခံဖြစ်လာမယ်ဆိုရင် ဘဝဆိုတာမျိုးကို မေမေမရှိချင်တော့ပါဘူး။





သမီးသာ လိုရာကိုပျံသန်းချင်တယ်ဆိုရင် မေမေက တောင်ပံတစ်စုံပဲဖြစ်လိုက်ချင်တာပါ။ အခုတော့ ပျံတက်ဖို့ကြိုးစားတိုင်းလေးပင်စွာငြိတွယ်နေတဲ့ခဲတစ်လုံးပဲဖြစ်နေရပါလား။

သမီးသာ ဆန္ဒရှိမယ်ဆိုရင် မေမေ့အသည်းနှလုံးတစ်ခုလုံးကို နင်းချေသွားလိုက်စမ်းပါ။ မေမေ့ရင်တော့ ထိုးကျွေးပြီး ပြုံးရယ်နေပါ့မယ်။

ထိုအခါမှာတော့ မျက်ရည်ပူစီးကြောင်းကြီးများက အတိုင်းအဆမဲ့ ဒလဟောသွန်ကျလာပါတော့။

သူမမျက်ဝန်းတွေကတော့ နှိုင်းမဲ့တဲ့ဆုံးဖြတ်ချက်တစ်ခု ချပြီးနေပုံ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၃ )

"အိုးကြယ်လင်း. . . ဝါ, နင့်တို့ပြောစရာရှိ [illegible]"

ဆိုသောစကားတစ်ခွန်းတည်းကြောင့်ပင် [illegible] သို့ရောက်လာခဲ့သည်။ သူမ သိပ်အံ့ဩသွားရသည်။ [illegible] ချိန်းဆိုလိုက်သောနေရာက သူမဘယ်လိုမှမျှော် [illegible] ဖြစ်နေလို့ပါ။

အရိပ်အာဝါသကောင်းသောအပင်ကြီးများ [illegible] တည်ရှိနေသော သီလရှင်ကျောင်းတိုက်ဖြစ်နေ [illegible] သွားတော့ သစ်ရွက်ခြောက်များကို တောင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



သောပန်းဝတ်လွှာကို အဆင့်သင့်တွေ့လိုက်ရသည်။

ပန်းဝတ်လွှာက သူမကိုမြင်မြင်ချင်း ပြုံးဖြလာသည်။ ထို အပြုံးက ဖျော့တော့လွန်းနေ၍ သူမအမှန်တကယ်ပင် သံသယဖြစ် သွားမိသည်။

“ပန်းဝတ်လွှာ. . . နင်နေကောင်းရဲ့လား”

“အခုတော့ ကောင်းတယ်”

“ဟင်း. . . နင့်စကားကြီးကလည်း”

“မတင်တကျဖြစ်သွားတာလား။ ဒီလိုပါပဲဟာ။ ဘဝဆိုတာ အမြဲမတင်မကျကိစ္စရပ်တွေနဲ့ ဒွန်တွဲဖြစ်တည်နေတာပါ”

ထူးဆန်းလှတဲ့ ပန်းဝတ်လွှာရဲ့စကားကြောင့် သူမအမှန် တကယ်ပင် သံသယကြီးဝင်လာရသည်။

“ဘဝဆိုတာ တကယ်တော့ ဝဲဂယက်ကြီးပဲ၊ သိပ်ကြောက် စရာကောင်းတာ၊ အတိမ်အနက်ကိုလည်း မခန့်မှန်းနိုင်သလို၊ ရင် ဆိုင်ဖို့လည်း ခက်ခဲလှတယ်။ ဒါပေမဲ့ မဖြတ်ကျော်မြန်ရင်လည်း ခရီးမပေါက်ဘူး”

အခုချိန်ထိ ပန်းဝတ်လွှာရဲ့စကားအနက်အဓိပ္ပာယ်ကို သူမ မသိနိုင်သေးပါ။ ဘာတွေပြောနေတာလဲ။





“အိမ်မြှောင်တစ်ကောင်ဟာ သူ့သွားလာကျင်လည်ကျက်စား ဖို့ နံရံတစ်ခုကို အမှီသဟဲပြုရတယ်။ ငါက အိမ်မြှောင်တစ်ကောင် ဆိုရင် နံရံက ဘယ်ဟာဖြစ်သင့်သလဲ”

“နင်ဘာတွေပြောနေတာလဲ ပန်းဝတ်လွှာ။ ငါ ဘာမှနား မလည်ဘူး”

“နင် နားမရှင်းတာပါ၊ နားလည်နေပါတယ်။ လူတစ်ယောက် ဟာ ဇီဝိန်ကြွေသွားပြီဆိုရင် ဘာမှလုပ်ခွင့်မရှိတော့ဘူး။ အချစ် အမုန်းဆိုတာလည်း သူ့မှာ ဘာမှမရှိတော့ဘူး။ ဒါကြောင့် ဇီဝိန် မကြွေခင်ကာလမှာ တစ်ခုမဟုတ်တစ်ခုတော့ လုပ်သွားသင့်တယ်”

“နင်ဘာတွေပြောနေတာလဲ ပန်းဝတ်လွှာ”

“ငါက မိရင်းဖရင်းတွေကိုတောင်မသိတဲ့ မိဘမဲ့တစ်ကောင် ကြွက်ပါ။ ဒါပေမဲ့ မေမေက ငါ့ကိုအသိုက်ဖွဲ့ပေးခဲ့တယ်။ ငါပျော်ရွှင် ခဲ့ရပါတယ်။ အဲ့ဒီကာလလေးတွေဟာ ဘာနဲ့မှရှုလဲနိုင်လောက် အောင်ပါပဲ။ တွယ်တာရာမဲ့ဘဝမှာလည်း ဝမ်းနည်းကြေကွဲစွာ ငို ရှိုက်ခဲ့ဖူးသလို၊ အသိုက်အမြုံနဲ့ ပြီးပြည့်စုံတဲ့ဘဝမှာလည်း ရယ်သံ တွေ ပျံ့လွင့်ခဲ့ဖူးပါတယ်။ ဘဝဆိုတာ နိမ့်ချည်တစ်ဖန် မြင့်ချည် တစ်လှည့်တဲ့။ ငါ ထပ်ပြီးမငိုချင်တော့ဘူး။ ပျော်ရွှင်စွာနဲ့ပဲအေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားချင်တယ်"

ဆိုလိုချက်ကို အခုမှ သဘောပေါက်စပြုလာသလိုတော့ ရှိ
လာသည်။

"မေမေ့ကို ငါသိပ်ချစ်တယ်။ လူမသိအောင် ကြိတ်ငိုနေ
မေမေ့ရဲ့မျက်ရည်တွေက ငါ့နှလုံးသားကို ဆွဲဆုတ်လွှင့်ပစ်နေသ
ပဲ။ နင် မေမေ့ကိုလက်ခံလိုက်ပါအိုးကြယ်လင်း"

"တင်! "

"ငါ နင့်ကိုတောင်းဆိုနေတာပါ။ ငါဟာ ဆူးညှောင့်ခလု
ဆိုရင် မာန်စွယ်ချပြီး လမ်းဖယ်ပေးပါ့မယ်"

"မဟုတ်ဘူး ပန်းဝတ်လွှာ"

"နင်သာ မေမေ့ကိုလက်ခံလိုက်ရင် အရာအားလုံးက ဟု
နေပြီ။ ငါက မေမေ့ရဲ့မွေးစားသမီးပါ။ နင်က သမီးရင်း။ မေ
နှလုံးသားကို ငါ့ထက် နင်ပိုပြီးသိနိုင်မှာပါ။ နင့်ကိုတမ်းတနေ
မေမေ့ကို ငါသနားတယ် အိုးကြယ်လင်း"

"အချို့အချို့ထိစွရပ်တွေကို ရင်ထဲမှာ သိုဝှက်ထားကာ
အဆင်ပြေတာတွေလည်းရှိတတ်တာပဲ"

"ငါ နင့်ကိုသိပ်မုန်းတယ် အိုးကြယ်လင်း။ ဒါပေမဲ့ ငါ အ





အကျဉ်းချုပ်ဆုံးလူလည်း နင်ပဲ။ ငါစိတ်ကူးယဉ်ခဲ့ဖူးတာမှန်သမျှ နင်
အပိုင်ကြီးဖြစ်နေခဲ့တာကိုး။ နင် မေမေ့ဆီလာခဲ့ပါ အိုးကြယ်လင်း"

"ဖြစ်တည်မှုအရာအားလုံးကိုသာ စိတ်ကိုင်းကျခြယ်မှုန်းပြင်
ဆင်နိုင်ရင် သိမ်ကောင်းမှာပဲ"

"နင်ဘာဖြစ်လို့ မေမေ့ကို အဲ့ဒီလိုစိမ်းစိမ်းကြီးဆက်ဆံနေရ
တာလဲ"

"ငါ မေမေ့ကိုမုန်းခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်တ
ပေါ့။ ငါ့ကိုပစ်ထားခဲ့တယ်ဆိုပြီး။ ဒါပေမဲ့ အခုချိန်မှာတော့ ငါ့ကို
သိပ်ကောင်းပေးခဲ့တဲ့မေမေခြယ်ရဲ့လက်ကို ငါလွှတ်တော့မှာမဟုတ်
ဘူး။ နင် ငါ့နေရာမှာ ခဏလောက်လေး နေကြည့်လိုက်ပါ။ နင်
ဘယ်လိုဆုံးဖြတ်မှာလဲ။ နင်က အဲ့ဒီရင်ခွင်ထဲမှာနေလာခဲ့တာ ဆယ်
နှစ်သမီးလောက်ကမှပါ။ နင် ဘယ်လောက်ထိ အဲ့ဒီရင်ငွေ့ကိုရှိုက်
ငင်သွားသလဲ။ ငါက မွေးကင်းစအရွယ်တည်းက အခုချိန်ထိ။ ဒါဆို
နင်သဘောပေါက်မှာပါ"

"ဒါပေမဲ့ နင်, မေမေ့ကိုအသိအမှတ်တော့ပြုသင့်တယ်"

"ငါ့ရင်ထဲကို သူမြင်မှာပါ။ သက်ရောက်မှုတိုင်းမှာ တုံ့ပြန်
သက်ရောက်မှုဆိုတာရှိတယ်။ ရောင်ပြန်လာတာကိုတော့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးထိခိုက်ခံစားရမှာပေါ့"

"နင့်ရင်ထဲမှာ ဘာတွေဖြစ်တည်နေတာလဲဟင် အိုးကြယ်လင်း"

"ငါကိုယ်ငါတောင် ဘာမှန်းမသိလို့ နင့်ကိုလည်း ဘာမှပြောမပြနိုင်ဘူး"

"ငါဖယ်ပေးဖို့ လိုအပ်သလား"

"အဲ့လိုစေတနာမျိုး ငါမှာမရှိပါဘူး၊ ငါလာချင်ရင် နင်ရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ ငါမြင်မှာမဟုတ်ဘူး၊ ငါ့ဦးနှောက်ထဲမှာ အမြဲစွဲထင်နေတာက မေမေခြယ်ပဲ၊ မေမေ့လက်ကို ဘယ်တော့မှလွှတ်မှာမဟုတ်ဘူး၊ တစ်ခုခုကိုပိုင်ဆိုင်ချင်ရင် တစ်ခုခုကိုတော့ စွန့်လွှတ်ရစမြဲပဲ၊ ငါ မေမေခြယ့်ကိုပဲ ပိုင်ဆိုင်ချင်တယ်"

"နင်မေ့နေမှာစိုးလို့ ငါအသိပေးရဦးမယ်၊ ငါတို့အရွယ်ကမိခင်ရင်ခွေထက် လုံခြုံမယ့်ရင်ခွင်နွေးတ ပိုမဖြစ်သင့်ဘူးလား"

ဆိုအခါမှာတော့ ပန်းဝတ်လွှာက အိုးကြယ်လင်းရဲ့မျက်လုံးမြူးကြီးတွေအောက်မှာ မလှုးသာမလွန့်သာ။

"နင့်ဆုံးဖြတ်ချက်သာ မှန်ကန်ခဲ့ရင် အားလုံးငြိမ်းအေးသွားမှာ"





"ငါ နင့်မျက်ဝန်းကိုသိနေတယ် ပန်းဝတ်လွှာ"

"ငါလည်း နင့်မျက်ဝန်းကိုသိနေတယ် အိုးကြယ်လင်း၊ ရှသရဲ့စိတ်ကိုလည်းသိနေတယ်"

"နင့်ကိုယ်နင်သိဖို့က ပိုအရေးကြီးတာပါ"

"ငါ့အကျင့်က မရနိုင်မှန်းသေချာရင် မတပ်မက်တတ်ဘူး၊ ရှသက ငါ့ကိုသံယောဇဉ်ရှိနေတာ၊ ငါ့ကိုသနားနေတာ၊ အဲ့ဒါ အချစ်မဟုတ်ဘူး၊ အမှန်အတိုင်းခံရရင် ငါက ရှသဆီက အချစ်ကိုပဲ ရချင်တာ"

"ငါ နင့်စကားကိုနားမလည်ဘူး"

"သံယောဇဉ်ရှိတိုင်း ကြင်နာတိုင်းကသာ အချစ်ဖြစ်ရင် ဘယ်လောက်ကောင်းမလဲ၊ အနားသို့ကြင်နာလို့ဆိုတဲ့အကြောင်းပြချက်ကို ငါသိပ်မုန်းတယ်၊ မုန်းစရာကောင်းတဲ့အဝထဲမှာပဲနေလာခဲ့တာကြာပါပြီ၊ နင့်ဆန္ဒတွေပြည့်ဝပါတယ် အိုးကြယ်လင်း၊ ရှသက နင့်ကိုချစ်နေတယ်လေ"

ပန်းဝတ်လွှာရဲ့အတ်ရှုစကားသံက သူမရင်နှလုံးခုန်သံကို တရှိန်ထိုးမြန်ဆန်သွားစေပါသည်၊ သူမခန္ဓာနဲ့စိတ် တခြားစီဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘကြောင့်မှန်းတော့မသိ။ အမှန်တရားဆိုတာလည်း ဘာမှန်းမသိနိုင်တော့သလို၊ ဘယ်လမ်းကိုလျှောက်သင့်မှန်းလည်း မခွေခွဲတတ်တော့။

သေချာသည်။

သူမကမ္ဘာလေး မှောင်မိုက်နေလိမ့်မည်။

***



## အခန်း ( ၂၇ )

"မေမေကြီး . . . ဧည့်သည်ရောက်နေတယ်"

ဆိုသော ပိန်သေးရဲ့စကားကြောင့် သူမတွေးဆဆလေး စဉ်းစားမိလိုက်သည်။ ဘယ်က ဧည့်သည်လဲ။

သို့သော် ဧည့်ခန်းထဲအရောက်မှာတော့ လိပ်ပြာလွင့်မတတ် အံ့ဩသွားရသည်။

"မာမီလေး"

သူမခေါ်သံကြောင့် ပြုံးပြီးကြည့်လာတဲ့မာမီလေးကြောင့် ပိုမိုအံ့ဩလာမိသည်။ ဘာတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် နားမလည်နိုင်တော့ပါ။ ဒါ သူမ့သိတဲ့ မြမွန်းခြယ်မဟုတ်တာတော့ သိပ်သေချာလှသည်။

"မင်းတို့အိမ်က အကျယ်ကြီးပဲ။ ညေ့ခန်းကလည်း ခမ်းခမ်းနားနားပဲနော်။ ဒါ မင်းနေချင်ခဲ့တဲ့ဘဝတစ်ခုပေါ့။ မင်းကံကောင်းပါတယ် ပန်းနုရောင်။ မင်းမှာတော့ ကံကောင်းခြင်းတွေ အများကြီးရှိတယ်နော်။ မင်းထပ်ပြီးကံကောင်းဦးမှာပါ"

"ရှင်!"

"ငါ့မှာရှိတဲ့ကံကောင်းခြင်းကိုလည်း မင်းကို လက်ဆောင်ပေးမလို့ ရောက်လာတာ"

"ဟင်! မာမီလေး"

"ငါတို့ အခုချိန်ထိ မာမီလေးလို့ ရိုရိုသေသေခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့. . . အဲဒီလိုမခေါ်ပါနဲ့တော့ မင်းက အထက်ဆုံးက လူတန်းစား၊ ငါက အောက်ဆုံးက လူတစ်ယောက် ငါ မခံယူထိုက်ပါဘူး။ မင်းရဲ့မကောင်းသနတွေက ငါ့ရဲ့နာမ်ပုဒ်ကို သေးငယ်ပျောက်ကွယ်စေတယ်၊ ငါမသိလို့မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်တည်းကသိပါတယ်။ ငါမိုက်မဲခဲ့မိတယ်။ ငါ့ကိုခွင့်လွှတ်ပါ ပန်းနုရောင်၊ အခုချိန်မှာတော့ ငါ့မှာ ဆက်မိုက်ဖို့အင်အားတွေ ကုန်ဆုံးနေပါပြီ"

"မာမီလေးရယ်"

"သမီးရဲ့မျက်ရည်တွေအောက်မှာ ငါ့ရဲ့တစ်ဇွတ်ထိုးစိတ်တွေ အတုံးအရုံးကျရှုံးကုန်ပါပြီ။ ငါ့ သမီးကိုဘယ်လောက်ပဲချစ်ပါစေ၊ ငါ့စိတ်တွေကိုအလွတ်မပေးတော့ဘူး။ မနက်ဖြန် နင့်သမီးကို လာခေါ်ပါတော့"

"ဘာ! ဘယ်. . . ဘယ်လို. . . တကယ်"

"သမီးက အရွယ်ရောက်လာတာနဲ့အမျှ သိပ်လှလာတယ်။ ငါလည်းမိခင်တစ်ယောက်ပဲမို့ သမီးကို ပြုစုခဲ့ဖူးပါတယ်။ ဒါပေမဲ့ သမီးရဲ့ဘဝဟာ ငါ့ရင်ခွင်ထဲမှာလုံခြုံနေရမယ်ဆိုတဲ့မာနမျိုး ထားခဲ့တယ်။ ငါသတိလွတ်သွားခဲ့ပါတယ်။ ဒါပေမဲ့ မင်းသတိပေးသွားခဲ့လို့ ကျေးဇူးတင်တယ်။ ဟုတ်တယ်. . . ခြသေ့်မှန်ရင် မြေသားကို စားဖို့ ထုံးစံမှမရှိတာပဲ။ ငါမေ့သွားတယ် ပန်းနုရောင်"

"ပန်းနု ရိုင်းပြခဲ့ဖူးလို့ တောင်းပန်ပါတယ်"

"ငါကပဲ မင်းကိုတောင်းပန်ရမှာပါ။ ပစ္စည်းတစ်ခုကို ငှားခဲ့တယ်ဆိုမှတော့ ပိုင်ရှင်တောင်းရင်ပေးရမှာပေါ့"

"မာမီလေး. . . ပန်းနုလေ. . . ပန်းနု"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ မွင်းကိုနားလည်ပါတယ်။ မင်းကိုထက် သမီးကိုပိုနားလည်တယ်။ သမီးက ငါ့ကိုမစွန့်ခွာရက်နေတာပါ။ သမီးက သိပ်ညာဏ်ရည်ထက်မြက်တယ်။ ငါက အထီးကျန်ပန်းမို့ သူ မပစ်ပယ်ရက်နေတာပါ။ ငါက နားလည်ပေးရမှာပေါ့။ သမီးရဲ့စေတနာကို သိတတ်ရမှာပေါ့။ ငါမိုက်မဲခဲ့ပါတယ်။ ငါ့ကိုနားလည်ပေးကြပါ။ ငါဟာ ဘာလဲဆိုတာ ငါကိုယ်ငါသိပါတယ်။ ငါသမီးကို မင်းလက်ထဲထည့်ဖို့ အကြိမ်ကြိမ်စဉ်းစားခဲ့ဖူးပါတယ်။ စိတ်ကူးထဲမှာ စွန့်လွှတ်နိုင်သလောက် လက်တွေ့မှာ ခက်ခဲလွန်းနေပါတယ်။ စွန့်လွှတ်ဖို့ကြိုးစားရင်း မိုက်မဲချင်မိတာ။ ငါလေ. . . ငါ"

တအိအိငိုချလာသောဒေါ်မြမှုန်းခြယ်ကြောင့် သူမ်နှလုံးသွေးကြောပေါက်လုမတတ် ခံစားရပါသည်။ ဒေါ်မြမှုန်းခြယ်ဘက်က အလံဖြူပြလာပြန်သော်လည်း သူမက လေးလံထုံရိုနေမိသည်။ သူမကပဲ အပြစ်တစ်ခုနှင့် ဒွန်တွဲနေပြန်သလို။

"သမီးကို နင့်လက်ထဲအပ်ပါတယ်။ ငါလေ. . . ငါအဝေးဆုံးကိုထွက်သွားတော့မှာပါ"

"တားသင့်ပေမယ့်လည်း မတားနိုင်တဲ့အတွက် ပန်းနုကိုခွင့်လွှတ်ပါ"





"ကြိတ်ငိုနေတဲ့သမီးရဲ့ရှိုက်သံက ငါ့နှလုံးသားကိုအရည်ပျော်စေခဲ့တာပါ။ ငါရင်တွဲရကျိုးနပ်အောင် သမီးရဲ့ဘဝကို အကောင်းဆုံးမွမ်းမံပေးပါ ပန်းနုရောင့်။ တစ်ခုခုသာဆို ငါ မင်းကိုခွင့်လွှတ်မှာမဟုတ်ဘူး"

"အပြစ်ကြီးကြီးသာပေးလိုက်ပါ မာမီလေး။ မာမီလေးကိုသိပ်ကျေးဇူးတင်ပါတယ်။ ရင်ထဲကပါ"

ထိုစကားအဆုံးမှာတော့ အမှိုက်သာယ်ဖော်ရခက်တဲ့အပြုံးမျိုးတို့ဒေါ်မြမှုန်းခြယ်က ပြုံးလိုက်သည်။ မာမီလေးရဲ့အပြုံးက တစ်ခုခုတို့အနိုင်အမာဆုံးဖြတ်ထားပြီဖြစ်ကြောင်း သူမချက်ချင်းသိလိုက်သည်။

သူမ ဝမ်းနည်းရမှာလား။ ပျော်ရွှင်ရမှာလား။ ရတက်မအေးဖြစ်မိနေတာကတော့ အမှန်ပင်ဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၂ )

"သမီး

မေမေ့ကို လိုက်မရှာပါနဲ့။ မေမေတာ ပုန်းနေသူမို့ ရှာရင်လည်း တွေ့နိုင်မှာမဟုတ်ဘူး။ မေမေ ပျော်နေပါတယ်။ သမီးစိတ်ကိုဖြေသိမ့်ပါ။ ကြာခင် ပန်းနုရောင် ရောက်လာလိမ့်မယ်။ သမီး ပျော်ရွှင်စွာနေရစ်ပါ။

မေမေ"

ထိုစာခေါက်လေးကြောင့် သူမ ဝမ်းနည်းစွာ ငိုကြွေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ အသည်းနှလုံးမရှိတော့သလို ကူကယ်ရာမဲ့စွာ အမှောင်ထုကြီးထဲ ရောက်ရှိသွားသလိုခံစားလိုက်ရသည်။

"ဘာကြောင့်လဲမေမေရယ်။ ဘာကြောင့်လဲ"

သူမစိတ်လွတ်လက်လွတ်ငိုကြွေးလိုက်မိသည်။

သို့သော် ခံစားချက်တွေက လျော့ပါးမသွားခဲ့ပါ။

"ဒေါက်!. . . ဒေါက်! "

တံခါးခေါက်သံကြောင့် သူမမျှော်လင့်ချက်ရေးရေးလေးနှင့် မျက်ရည်တို့ကို ကပိုကရိုသုတ်လိုက်မိသည်။ မေမေဟာ သူမကို မခွဲနိုင်ပါဘဲနဲ့ ဟွန်း. . . အခုပြန်လာတာနေမှာပေါ့ဟု လိုရာဆွဲတွေးလိုက်မိသည်။ မေမေ့ကို အပြတ်စိတ်ကောက်ပစ်လိုက်မယ်ဆိုသော အတွေးနှင့် တံခါးပေါက်ကို ဘုဆတ်ဆတ်ဖွင့်လိုက်စဉ်မှာ. . .

"ဟင်! ရသ"

ရသက ပန်းခြင်းလေးကိုင်ပြီး ဝင်လာခြင်းပါ။ သူမက ရသကို မထင်မှတ်ဘဲတွေ့လိုက်ရတော့ အားကိုးရှိသွားသူနှယ် ရှိုက်ခွဲချ ငိုချလိုက်မိပါတော့သည်။ သူမကိုမြင်မြင်ချင်းမှာ ရှိုက်ကြီးတငင် ငိုကြွေးသွားသောအိုးကြွယ်လင်းကြောင့် သူ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားရသည်။





"အိုး. . . အိုးကြွယ်လင်း"

"ဟင့်. . . ဟင့်. . . ဟင့်"

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့လဲ"

"ဟင့်အင်း. . . ဟင့်အင်း"

စကားမေးမရလောက်အောင် ငိုရှိုက်နေပါသော အိုးကြွယ်လင်းရဲ့ခန္ဓာလှလှလေးကိုသာ ရင်ခွင်ထဲ ဆွဲသွင်းထားမိတော့သည်။ သူ့ရင်ထဲမှာ နားမလည်ခြင်းများစွာတို့ ဖိစီးနေခဲ့ပါ၏။

"မေမေလေ. . . မေမေ, ငါ့ကိုထားသွားပြီ"

"ဟာ. . . နင်ကလည်း အဲ့ဒါဝမ်းနည်းစရာလား။ ရှမ်းပြည်နယ် ခဏပြန်တာနေမှာပေါ့"

"မဟုတ်ဘူး၊ ငါ့ကိုထားပစ်ခဲ့တာ။ မေမေ ဒီတစ်ခါတော့ ငါ့ကို တကယ်ထားသွားပြီ။ ငါသိတယ်။ ငါ့ကို တခြားလူလက်ထဲအပ်သွားခဲ့တာ"

"အဲ့ဒါဆို နင့်အမေဆန္ဒကို နင်ဖြည့်ဆည်းသင့်တာပေါ့"

"မေမေက ငါ့ကိုသိပ်ချစ်တာကို ငါကောင်းကောင်းသိတယ်။ မေမေ့အသည်းနှလုံးကို နင်းချေပြီးမှတော့ ငါ ဘယ်ကိုမှသွားမှာ မဟုတ်ဘူး။ မေမေ့နှလုံးသားတွေ ကွဲအက်သွားလိမ့်မယ်။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုသိရဲ့နဲ့ ဘာကြောင့်သွားရတာလဲ။ မေမေ မရှိရင် ငါဘယ်သူနဲ့ နေရမှာလဲ"

"ငါရှိနေတာပဲ အိုးကြွယ်လင်း"

"ဟင်! "

"ငါ . . . နှင့်ကိုချစ်တယ်"

"ဟင်! "

"နှင်ကလည်း (၁၀)နှစ်သမီး မဟုတ်တော့သလို ငါကလည်း အရွယ်ရောက်နေတဲ့လူလင်ပျိုပါ။ နှင်မေ့နေတယ်နဲ့တူတယ်။ အခုချိန် နှင်ခိုနားသင့်တဲ့ရင်ခွင်ဟာ ဒေါ်မြမှုန်းခြယ်လည်း မဟုတ်သလို ဒေါ်စန်းနုရောင်လည်း မဟုတ်ဘူး။ ပန်းရယ်လို့ဖြစ်တည်လာရင် ဥယျာဉ်မှူးဆိုတာ ရှိရမှာပဲ။ ငါ နှင့်ရဲ့ဥယျာဉ်မှူးဖြစ်ချင်တယ်"

"ဟင်! ရသ . . . နှင်"

သူမရင်ထဲ ခံစားချက်တို့ ကစဉ့်ကလျားဖြစ်တည်နေတာကြောင့် ဘာတစ်ခုမှပြန်မပြောနိုင်တော့ပါ။

"ငါ့ကိုလက်ခံနိုင်ရဲ့လား"

"ငါ . . . ငါ"

"နှင့်ဆံနွယ်တွေ ငါ့အကျီကြယ်သီးနဲ့ ကပ်ငြိခဲ့တည်းက နှင့်





မျက်ဝန်းလှလှတွေက ငါ့ရင်ထဲစွန်းထင်းခဲ့တာပါ။ ငါအချစ်ကို သံသယဝင်မိချိန်မှာ နှင့်ကိုတော်တော်ချစ်မိနေပြီ။ သနားတဲ့စိတ်နဲ့ အချစ်ကို ရောမချချင်ဘူး။ နှင့်ကိုချစ်တယ် အိုးကြွယ်လင်း။ ငါ့ကို ချစ်ခွင့်ပေးပါ။ နှင့်မျက်ရည်တွေက ငါ့ကိုသောကဖြစ်စေတယ်။ နှင့်အပြုံးတွေက ငါ့ဘဝကို နိုးကြားပေးတယ်။ နှင်အမြဲတမ်းပြုံးနေပါလား။ ဒါပေမဲ့ နှင်အမြဲပြုံးနေဖြစ်အောင် ငါတာဝန်ယူပါတယ်။ ငါ့ကိုလက်ထပ်ပါ အိုးကြွယ်လင်း"

သူမရဲ့စိတ်အစဉ်က ဝမ်းနည်းခြင်းမှ အံ့ဩခြင်းသို့ ကူးပြောင်းလာရပါ၏။ အခြေအနေအရပ်ရပ်တို့ ခွန်းတုံ့မပြန်နိုင်လောက်အောင် အံ့ဩသွားမိသည်။

"ပန်းဝတ်လွှာ"

"နှင် ဝတ်လွှာကိုစိတ်ပူနေတာလား"

သူမ ပြန်မဖြေပါ။

"ဝတ်လွှာက သနားစရာကောင်းပါတယ်။ ဒါပေမဲ့ အချစ်နဲ့ ရောမချချင်ဘူး။ နှင်ပေါ်လာခဲ့တဲ့အတွက် သူ ထိခိုက်ခံစားနေရတယ်။ ဒါပေမဲ့ ဝတ်လွှာက မပျော့ညံ့တော့ပါဘူး။ သိပ်ပြီးတော့ကြံ့ခိုင်ရင့်ကျက်သွားပြီ။ မယုံနိုင်လောက်အောင်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! "

"အခုချိန်မှာ သနားဖို့ကောင်းနေတာက မေမေပါ။ အိမ်ရာထဲမှာ လှဲလို့ နေရတယ်။ ဒေါ်မြမွှန်းခြယ်အပေါ်ကိုလည်း စိတ်မကောင်းဖြစ်မိတယ်ထင်တယ်။ နင့်ဆီပေါ်မလာပုံကိုကြည့်ရင် ငါ ဝေဖန်ပိုင်းခြားနိုင်တယ်"

"ဒါကို နင်သိနေတယ်"

"ဒေါ်မြမွှန်းခြယ် အိမ်ကိုရောက်လာတယ်"

"တင်! မေမေက နင်တို့အိမ်ကို"

"ငါ နင့်ကိုချစ်တယ်အိုးကြွယ်လင်း၊ တစ်နေ့နေ့မှာတော့ ငါ နင့်ကိုကျိန်းသေလက်ထပ်ဖြစ်မှာပဲ"

"ဟင်! "

"နင်ငါ့ကိုလက်ထပ်လိုက်ပါအိုးကြွယ်လင်း၊ အားလုံးကောင်းသွားမှာပါ။ နင်နဲ့ငါ ခရီးရှည်ကြီးကို . . . လက်တွဲပြီးလျှောက်ကြစေတော့"

"အပြောင်းအလဲမြန်လွန်းတဲ့ နိယာမတရားကြီးကြောင့် ငါ့ရင်ထဲမှာ အတွေးတွေပြေးလွှားနေပြီ"

"နင့်ကိုယ်နင် ဘာဖြစ်နေတာမှန်းမသိပေမယ့် နင့်အတွေး





ငါသိနေတယ်"

"ဘာတွေလဲဟင်"

"ငါ ဦးနှောက်နဲ့ဆုံးဖြတ်ခဲ့တာမဟုတ်ပါဘူး။ နှလုံးသားနဲ့ကြည့်ခဲ့တာပါ။ ဦးနှောက်နဲ့ဆုံးဖြတ်ရင်လည်း အဖြေက ဒါပဲ။ နှလုံးသားနဲ့ကြည့်လည်း ဒါပဲကို။ ငါ့အချိန်ဆွဲသင့်သလား"

"ဩရသ . . . ငါလေ, ငါ"

"ငါ့ကိုချစ်တယ်ဆိုတာကလွဲရင် ဘာမှမကြားချင်ဘူး"

"ဖြစ်သင့်ရဲ့လား"

"အဲ့ဒါ ငါသိတဲ့အိုးကြွယ်လင်းမှမဟုတ်တာ"

"ငါလည်း နင့်ကိုချစ်နေပြီးသားပါ"

"ဒီတစ်ခွန်းကလွဲရင် ဘာမှမလိုပါဘူး။ ငါမြင်နေရပြီ။ အပြာရောင်နေ့သစ်တွေကိုပေါ့"

သူမဘာကြောင့်မှန်းမသိ ကြည်နူးရမည့်အချိန်မှာ ငိုချင်နေမိသည်။ သို့သော် သူမမှာ ရင်ခွင်ကျယ်ကြီးရှိနေပြီလေ။

သူမ ဘာလိုသေးလို့လဲ။

★★★



www.burmeseclassic.com

www.burmeseclassic.com



# တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )

“မောင်, ဒီနေ့ အလုပ်ကစောစောပြန်လာခဲ့နော်”

“သိပါတယ်”

“အိုးက မောင်မေ့နေမှာမှတ်လို့”

“မောင်မမေ့ပါဘူး။ ဒီနေ့ ယောက္ခမကြီးကိုသွားတွေ့မယ်။ ဟုတ်တယ်မဟုတ်လား”

“မောင်က အလွတ်ရသားပဲ”

“တစ်လမှာ တစ်ရက်ပုံမှန်ပဲ။ မောင်ဘယ်မေ့ပါ့မလဲ”

“အဲ့ဒါလေးတွေကြောင့် မောင့်ကိုချစ်နေရတာ”

ရွှေပဒေသာစာပေ

www.burmeseclassic.com

"အဲ့ဒီလိုမျိုးဆိုတော့ မောင်က ဘယ်ကိုမှတောင် မသွားချင်တော့ဘူး။ အဲ့ဒီလိုအချွဲကောင်းတဲ့မိန်းမနားမှာပဲ နေချင်တော့တာ"

"ဟာ. . . ဘာကြီးမှန်းမသိဘူး"

"သားရေ. . . သား ကြွရသား ရှုံးချိန်နီးနေပြီ"

"ဟော. . . မေမေအော်နေပြီ"

"အဲ့ဒီမေမေတစ်ယောက်တာ အလိုက်ကမ်းဆိုးကိုမသိဘူး"

"ကြည့်. . . လူကြီးကို"

ဟု မျက်စောင်းလေးရွယ်ကာ ပြောလိုက်မိသည်။ အခုတော့လည်း သူမဘဝက ပျော်ရွှင်ဖွယ်အတိနှင့် လှပလို့ရယ်ပါ။ ချစ်ဖို့ကောင်းပြီး အလိုက်သိတဲ့ကြွရသကလည်း သူမနားမှာ တံတိုင်းကြီးသဖွယ် ရပ်တည်လို့ရယ်ပါ။

သူမခင်ပွန်းကြွရသကို သူမသိပ်ကျေးဇူးတင်မိပါသည်။ အခုချိန်မှာ ပထမအမေကိုလည်း မေမေဟုစိတ်ရှင်းရှင်းနဲ့ဆန္ဒရှိခဲ့သည့်အတိုင်း ခေါ်ဆိုနိုင်ခဲ့သလို အရာအားလုံးက ခင်ပွန်းသည်၏ဆုံးဖြတ်ချက်နောက်မှာ သာယာချမ်းမြေ့နေခဲ့ပါပြီ။

ဒုတိယအမေလည်း မေမေ။ သူမမှာ ဘာလိုသေးလို့လဲ။ အရာအားလုံးထက် သာယာရွှင်မြူးဖို့ကောင်းတာက တရားရိပ်မှာ





ခိုလှုံသွားသော ဒုတိယအမေကြောင့်ပါပဲ။

အခုတော့ မေမေက ခေါ်မြှူမှန်းခြယ်လည်း မဟုတ်တော့သလို၊ ညည်ဒွတ်ထိန်းလည်း မဟုတ်တော့။ အေးချမ်းတဲ့ဘဝမှာ ဘုရားရှင်ရဲ့သမီးတော်အဖြစ် တည်ငြိမ်စွာရပ်တည်နေပေပြီ။

သူမ ကျေနပ်ပါသည်။ သူမရဲ့ကျေးဇူးရှင်မေမေ့ဘဝက သိပ်ကိုကောင်းသွားခဲ့ပါ။ အရာအားလုံးဟာ ချမ်းမြေ့ဖွယ်ရာအတိဆိုပေမယ့် သူမလည်း လူသားတစ်ယောက်မို့ ပြီးပြည့်စုံမှုက ရှိမနေခဲ့ပါ။

ပန်းဝတ်လွှာကြောင့်ပဲဖြစ်သည်။ ပန်းဝတ်လွှာက ငယ်ရွယ်သေးပေမယ့်လည်း မေမေ့လို ဘုရားရှင်ရဲ့သမီးတော်အဖြစ် ခံယူသွားပါသည်။

တစ်သက်စာတုံးဖြတ်သွားသော ပန်းဝတ်လွှာ၏စိတ်ကို ညီသူကမှ နားမလည်လိုက်ပေမယ့် သူမကတော့ သိနေခဲ့ပါသည်။ ပန်းဝတ်လွှာ အမှတ်တမဲ့ကျကျန်ခဲ့တဲ့ဒိုင်ယာရီစာအုပ်လေးကြောင့်ဖြစ်သည်။ အချို့စာမျက်နှာမှာတော့ ရသကိုချစ်ကြောင်းတွေကို တခမ်းတနားဖွဲ့ဆွဲထားတာတွေ့ရသည်။

ထိုအချိန်မှာ သူမရင်ထဲ မတင်မကျခံစားရသည်။

www.burmeseclassic.com



သို့သော် ပန်းဝတ်လွှာတို့ကြင်နာမိသည်။ ဘိုးကြယ်လင်းဆို သောမိန်းကလေးပေါ်လာချိန်မှာ သူ့ဘဝဟာ အကြိမ်ကြိမ်ရှုံးခဲ့ပါ သည်တဲ့။

သူမ၏ အဝဖြစ်တည်မှုက ပန်းဝတ်လွှာရဲ့ခံစားချက်တို့ စတေးခဲ့ရသည်ကိုး။ ပန်းဝတ်လွှာရဲ့ဘဝ မှောင်မိုက်ခဲ့ပါကြောင်းတို့ ရေးထားသည်တွင် သူမပင် မျက်ရည်ကျခဲ့ရပါသေးသည်။

ခွင့်လွှတ်ပါ ပန်းဝတ်လွှာ. . .

နင် အဲ့ဒီလောက်ခံစားနေခဲ့ရမှန်း ငါတကယ်မသိခဲ့လို့ပါ ဖူသာ အကြိမ်ကြိမ်တောင်းပန်နေခဲ့မိတာပါ။ သို့သော် ကျေးနပ် စရာကောင်းတာက ဒိုင်ယာရီထဲမှာ သူမကိုကျေးဇူးတင်ကြောင်း ရေးသားထားလို့ပါ။ သူမကြောင့်သာ အေးချမ်းတဲ့အရိပ်ကိုတွေ့ သွားတာပါတဲ့။

ထွက်ပြေးရင်း ရောက်ရှိသွားတဲ့အရိပ်က သိပ်ကိုအေးချမ်း ပါတယ်တဲ့။ အဲ့ဒါ သူမအတွက် ကျေနပ်စရာအကောင်းဆုံးသော စာသားလေးပင်။

သို့သော် ဝမ်းနည်းဖို့ကောင်းတာက ထွက်ပြေးသွားခဲ့တာ ပါဆိုတဲ့ခေါင်းစဉ်နဲ့ စာမျက်နှာရှည်ကြီးပင်. . .





"သိပ်ချစ်ခဲ့ဖူးသောလူနဲ့ ကျောချင်းကပ်နေရခြင်းတို့ ဝမ်းနည်းပါ တယ်။ မေမေ့ရဲ့သမီးရင်းတို့ ယောက်မအဖြစ် ဘယ်လိုနှလုံးသားနဲ့သတ် မှတ်ရမှာလဲ။ ပြီးတော့ သူက ချစ်သူရဲ့ဇနီးမယား။ ဒီလိုဆက်နွယ်မှုနဲ့ မျက်နှာတွေကို တစ်သက်တာ ဘယ်လိုခံစားချက်နဲ့ရင်ဆိုင်ရမှာလဲ။ အမေး ဆုံးတို့ ထွက်ပြေးရလောက်တဲ့ထိလည်း မေမေ့ကိုဒုက္ခမပေးချင်ဘူး။ အိမ်ကိုရောက်လာမယ့် သူငယ်ချင်း ဘိုးကြယ်လင်းရဲ့မျက်နှာတို့လည်း ရင်မဆိုင်ဝံ့သလို အဲ့ဒီမင်္ဂလာပွဲကြီးတို့လည်း အားလုံးနဲ့ ဆုစိမ်းလူဖြစ်သူ အ ဘယ်လိုနှလုံးသားနဲ့ တက်ဝံ့မှာတဲ့လဲ။ နားလည်ပေးကြပါ။ မှောင်မိုက် နေခဲ့လို့ပါ။ ရသ...နင်ပျော်ရွှင်အောင်နေပါ။ ဘိုးကြယ်လင်းနဲ့ လှပတဲ့ အသိုက်အမြုံကိုဖွဲ့စည်းပါ။ မေမေ... မေမေသိပ်ချစ်သောလူများနှင့် ပျော်ရွှင်ပါစေ။ ဘိုးကြယ်လင်းလည်း ပျော်ရွှင်ပါစေ" တဲ့။

သူမ ကြေကွဲခံစားရပေမယ့်လည်း အလုံခြုံဆုံး သို့ဝှက်ထား ခဲ့မိသည်။ ပန်းဝတ်လွှာရဲ့ဆန္ဒတွေ ပြည့်ဝခဲ့ပါတယ်။ အခုချိန်မှာ အားလုံး သာယာချမ်းမြေ့မှုကိုယ်စီနဲ့ ရင်ဝယ်ပိုက်တွေးနိုင်ခဲ့ပါပြီ။

ရသတို့နှင့် ပြည့်စုံပါစေ

ယမ်ခိုင်